# တော်လှန်ခေတ်

## စာပေမဂ္ဂဇင်း

၁၉၇၉ အောက်တိုဘာ အတွဲ (၁) အမှတ် (၃)



ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ၄၀ ပြည့် အထိမ်းအမှတ်

တော်လှန်ခေတ်

စာပေမဂ္ဂဇင်း

လွတ်မြောက်ဒေသတာ
ဗမာပြည်ကွန်မြူနစ်ပါတီ အနှစ် ၄၀ မြောက်
ပါတီဥက္ကဋ္ဌ သခင်ဗသိန်းတင်

ရဲဘော်တို့ ၊
မိတ်ဆွေတို့၊
ပြည်သူ လူထု အပေါင်းတို့၊

(၁) ဒီနေ့ဟာ ဗမာပြည် ကွန်မြူနစ် ပါတီဝင်တွေ ကွန်မြူနစ် လူငယ်တွေ ၊ ကေဒါတွေ ၊ ပြည်သူ့တပ်မတော် တပ်မှူး တပ်သား အားလုံး ၊ ဗမာပြည်ရှိ အဖိနှိပ်ခံ လူတန်းစား အားလုံး ၊ ဒီမို ကရေစီ ပုဂ္ဂိုလ် များနဲ့ ပြည်ချစ်ပုဂ္ဂိုလ်များ အားလုံး ၊ ဗမာပြည်ရှိ အမျိုးသား လူနည်းစု အားလုံး အလွန် ဝမ်းသာရမဲ့ နေ့တနေ့ ၊ အလွန် ဂုဏ်ယူရမဲ့ နေ့ တနေ့ ဖြစ်ပါတယ်။

အကြောင်းကတော့ ဒီနေ့ဟာ ဗမာပြည် ကွန်မြူ နစ်ပါတီ တည်ထောင်တဲ့ အနှစ် ၄၀ မြောက်နေ့ ဖြစ်လို့ဘဲ ။

(၂) လူတယောက်ရဲ့ အသက် အနှစ်၄၀ပြည့် တာနဲ့ ကွန်မြူနစ် ပါတီတခုရဲ့ အသက် အနှစ် ၄၀ ပြည့်တာဟာ အခြေခံ အားဖြင့် လုံးဝ ခြား နားတယ်။

လူတယောက် အသက် ၄၀ ပြည့်လို့ ရှိယင် ၊ သူ့ဘဝ အတွေ့အကြုံ များဟာ အခြေခံအားဖြင့် သူ တဦးချင်းရဲ့ ဖြတ်သန်းမှုမှ အမြင်ရရှိ လာ ပြီး ၊ သူ့ အသိဉာဏ် ဖြစ်လာတာဘဲ ။

ဒါပေမဲ့ ကွန်မြူနစ် ပါတီ တခု အတွက် အနှစ် ၄၀ အတွင်း ရရှိတဲ့ အတွေ့အကြုံများဟာ အလွန် အဖိုးထိုက်တန်တယ်။ အကြောင်းကတော့ ဒီ အတွေ့ အကြုံတွေဟာ စုပေါင်း ခေါင်းဆောင်မှု မှ ပေါ်ထွက်လာလို့ဘဲ။ ဆိုလိုတာက စုပေါင်း အသိ ဉာဏ်၊ စုပေါင်း စဉ်းစားမှု ၊ စုပေါင်း လုပ်ဆောင် မှု အစရှိတာတွေ မှ ပေါ်ထွက်လာလို့ဘဲ။ ဒီ အ တွေ့ အကြုံတွေကို ပြင်းထန်တဲ့ အမျိုးသား ရေး တိုက်ပွဲ များနဲ့ လူတန်းစား တိုက်ပွဲများအတွင်း တန်ဖိုး အများကြီး ပေးပြီးမှ ရလာတာဖြစ်တယ် ။

တခွန်းထဲ နဲ့ ပြောရယင်၊ ကျနော်တို့ ပါတီ ဟာ တိုက်ပွဲ အမျိုးမျိုးထဲမှ ကြွယ်ဝတဲ့ အတွေ့အကြုံ နဲ့ သင်ခန်းစာတွေ ရလာပြီး ရင့်ကျက်တဲ့ ပါတီတခု ဖြစ်လာပြီ ။

(၃) ကျနော်တို့ ကွန်မြူနစ်တွေ အနေနဲ့ပြဿနာ တခုခု ကို ကြည့်ယင် အနုပဋိလောမ ရုပ်ဝါဒ နဲ့ သမိုင်းရုပ်ဝါဒ အမြင်အရ ဘက်ပေါင်းစုံမှ ကြည့် တတ်၊ ချဉ်းကပ်တတ်ဖို့ လိုတယ်။ ဆိုလိုတာက ဖြစ် ပေါ် တိုးပွားနေတဲ့ ဖြစ်စဉ်အရ ကြည့်ရမယ်။ ရှေ့ ကိုလဲ ချီတက်၊ အတက်ကိုလဲ မြင့်တက် နေ တယ် ဆိုတဲ့ အမြင်နဲ့ ကြည့်တတ်ဖို့ လိုတယ်။

ကျနော်တို့ ဗမာပြည် ကွန်မြူနစ်ပါတီက ဖြတ် သန်းခဲ့တဲ့ အနှစ် ၄၀ သမိုင်းကို ပြန် ကြည့်လိုက် ယင်၊ ကျနော်တို့ တတွေဟာ ဝမ်းပန်း တသာ နဲ့ ဂုဏ်ယူရမဲ့သမိုင်း ဖြစ်တယ် ဆိုတာကို တွေ့ရ ပါတယ်။

ဒီလိုဆိုလို့ ကျနော်တို့ ပါတီမှာ အမှားတွေ မရှိ ခဲ့ဘူးလား ၊ ရှိခဲ့ပါတယ်။ ဒါပေမဲ့ လီနင် သင်ကြား ထားသလို၊ အမှားဖြစ်လာယင် အမှားဖြစ် တဲ့ သမိုင်းနောက်ခံ ၊ အမှားဖြစ်ရတဲ့ အကြောင်း ရင်း ခံမြစ် စတာတွေကို လေးလေးနက်နက်ခွဲ ခြမ်း စိပ်ဖြာ ရှာဖွေပြီး၊ အမှားကို ရဲရဲကြီး ကြည့် ခဲ့ တယ်။ ရဲရဲကြီး ပြင်ခဲ့တယ်။

ရဲဘော် မော်စီတုန်းကလဲ အမှားရှိယင် ပြင်ရ မယ် လို့ ညွှန်သင်ခဲ့တာပါဘဲ ။

တကမ္ဘာလုံးမှာ ဘယ် မာ့က်စ် လီနင်ပါတီတွေ ဘဲဖြစ်ဖြစ် ၊ တခါမှ မမှားဘူးတဲ့ပါတီ၊ တခါ မှ မမှားဘူးတဲ့ ခေါင်းဆောင် ရယ်လို့ ရှိခဲ့ဘူးပါသလား၊ မရှိခဲ့ဘူးပါ။ အမှား နည်းတာ များတာ ကြီး တာ ငယ်တာ ခြားနားကြတာဘဲရှိပါတယ်။

ကွန်မြူနစ်ပါတီ ဖြစ်ယင် ၊ အမှားမှား မိ ယင်၊ ဒီအမှားထဲက သင်ခန်းစာ ထုတ်ယူပြီး ၊ ဒီအမှားကို ပြင်လိုက် ၊ အဲဒီလို ဖြစ်စဉ်တွေကို ဖြတ် သန်းပြီးမှ နောက်ဆုံး အောင်ပွဲကို ဆွတ်ခူး ခဲ့တာ ချည်းပါဘဲ ။

နေရာတွင်ကျင်းပသော
အထိမ်းအမှတ် လူထုအစည်းအဝေး ပွဲတွင်
ပြောကြားသည့် မိန့်ခွန်း ။

(၄) (က) ဗမာပြည်မှာ အနှစ် ၄၀ ကြာ တည်တံ့ ခံ့တဲ့ နိုင်ငံရေးပါတီ ဘယ်နှစ်ခု ရှိပါသလဲ၊ တခုထဲဘဲရှိတယ်။ အဲဒါ ဗမာပြည် ကွန်မြူနစ်ပါတီဘဲ။

(ခ) ဗမာပြည်မှာ အဖိနှိပ်ခံ လုပ်သား ပြည်သူလူထု အကျိုးအတွက် အမြဲတမ်း ရှေ့တန်းမှ ရပ်တည်ပြီး တိုက်ပွဲဆင်ခဲ့တာ၊ တိုက်ပွဲဆင်နေတာ၊ နောင်ပဲ ဆက်လက် တိုက်ပွဲဆင်သွားမှာ ဘယ် ပါတီလဲ၊ ဗမာပြည် ကွန်မြူနစ်ပါတီဘဲ။

(ဂ) တတိုင်းပြည်လုံး တစည်းတလုံးထဲရှိအောင် ပြည်သူတွေအားလုံး သွေးစည်းညီညွတ်အောင်၊ အမျိုးသား အသီးသီး သွေးစည်းညီညွတ်အောင်ကြိုးပမ်းလုပ်ဆောင်နေတာ ဘယ်ပါတီလဲ၊ ဗမာပြည် ကွန်မြူနစ်ပါတီဘဲ။

(ဃ) ဗမာပြည်မှာ အတွေ့အကြုံ အကြွယ်ဝဆုံးနဲ့ ဝါအရင့်ဆုံးပါတီဟာ ဘယ်ပါတီလဲ၊ ဗမာပြည် ကွန်မြူနစ်ပါတီဘဲ။

(င) ဗမာပြည်မှာ အမျိုးသားနဲ့ လူတန်းစား လွတ်မြောက်ရေး အတွက် အလုပ် အချေး မြယင်း သွေးတွေ၊ ချွေးတွေ နဲ့ အသက်ပေါင်း များစွာ ပေးလှူခဲ့တာ ဘယ်ပါတီလဲ၊ ဗမာပြည် ကွန်မြူနစ်ပါတီဘဲ။

(စ) ဗမာပြည်မှာ ဒီနေ့ ပြည်သူတွေ ကြုံ နေရတဲ့ အကြပ်အတည်း ပေါင်းစုံက လွတ်မြောက်ရေး အတွက် လမ်းညွှန်နေတဲ့ပါတီ၊ ခေါင်းဆောင် နေတဲ့ပါတီ၊ ပြည်သူတွေနဲ့ အတူ တိုက်ပွဲဝင်နေတဲ့ပါတီ၊ တပြည်လုံး အာဏာသိမ်းပြီး လူ လူ ချင်း သွေးစုတ်တဲ့ စနစ်ကို တကယ်တမ်း ဖျက်သိမ်း နိုင်မဲ့ ပါတီဟာ ဘယ်ပါတီလဲ၊ ဗမာပြည်ကွန်မြူနစ် ပါတီ တခုထဲ သာ ရှိတယ်။

(ဆ) ဗမာပြည်မှာ ပစ္စည်းမဲ့ နိုင်ငံတကာ့ဝါဒ နဲ့ တော်လှန်တဲ့ ပြည်ချစ်ဝါဒ ကို တကယ်တမ်းလက်တွေ့ ကျင့်သုံးနိုင်တာဟာ ဘယ်ပါတီလဲ၊ ဗမာပြည်ကွန်မြူနစ်ပါတီဘဲ ဖြစ်တယ်။

ရဲဘော်တို့ -

ကနေ့ နိုင်ငံတကာ့ အခြေအနေ ကိုပြောရ ရင်၊ ဆိုဗီယက် ဆိုရှယ် နယ်ချဲ့နဲ့ အမေရိကန် နယ်ချဲ့ တို့ နှစ်ဦး အနက်၊ ဆိုဗီယက် ဆိုရှယ် နယ်ချဲ့ ဟာ ပိုမို သောင်းကျန်းလာပြီး အာဖရိက တိုက်မှာဆိုယင် သူ့ရဲ့ နောက်လိုက်ခွေး ဖြစ်တဲ့ ကျူးဘား တပ်တွေကို အသုံးပြုပြီး ဝင်ရောက် စွက်ဖက်ကျူးကျော်နေတယ်။ အရှေ့အာရှ တောင်ပိုင်းမှာဆိုယင် သူ့ရဲ့ နောက်လိုက်ခွေးဖြစ်တဲ့ ဗီယက်နမ်တပ် တွေကို အသုံးပြုပြီး၊ လာအိုကို စစ်တပ်နဲ့ ချုပ်ကိုင်ထားပြီး လွတ်လပ်တဲ့ ဒီမိုကရက်တစ် ကမ်ပူချား ကို စစ်တပ် အင်အားနဲ့ ကျူးကျော် သိမ်းပိုက် ခဲ့တယ်။

ဒါကြောင့် တကမ္ဘာလုံးရှိ ပြည်သူလူထုဟာ၊ ဆိုလ ၂ မိုလ အထူးသဖြင့် ဆိုဗီယက် ဆိုရှယ် နယ်ချဲ့ ကို အဓိက တိုက်ဖို့ လိုအပ်တယ်။ လက်ရှိ အခြေအနေမှာ အရှေ့ အာရှ တောင်ပိုင်း တိုင်းပြည်များရှိ ပြည်သူလူထုဟာ ဆိုဗီယက် ဆိုရှယ် နယ်ချဲ့နဲ့ သူ့ နောက်လိုက်ခွေး ဗီယက်နမ် ရဲ့ နယ်မြေ တိုးချဲ့ ကျူးကျော်ရေး ကို အထူးဂရုစိုက်ပြီး သတိထား ရလိမ့်မယ်။

ရဲဘော်တို့၊

ဒီနေ့လို မင်္ဂလာရှိတဲ့ ပါတီ အနှစ် ၄၀ မြောက် နေ့မှာ၊ တပြည်လုံးရှိ ပါတီဝင်တွေ၊ ကွန်မြူ နစ် လူငယ်တွေ၊ ပြည်သူ့ တပ်မတော် တပ်မှူး တပ်သားတွေနဲ့၊ ကေဒါတွေ အားလုံးကို ပါတီဗဟို ကော်မတီ ကိုယ်စား တောင်းဆိုချင်တာ တခု ရှိ တယ်။ အဲဒါက တော့ ဓနရှင် ပေါက်စ အတွေး အခေါ်ရဲ့ အဓိက ဖော်ပြချက်ဖြစ်တဲ့ တဦးချင်းဝါဒ နဲ့ ကိုယ်ကျိုးကြည့်မှု တွေကို လုံးဝ စွန့်ပယ်ပြီး၊ ပါတီ တော်လှန်ရေးနဲ့ ပြည်သူလူထု အကျိုးအတွက် အသက် ပေးလှူမှု အပါအဝင် စွန့်လွှတ်မှု အမျိုးမျိုး ပြုပြီး၊ ကိုယ့်ဗူး ကိုယ်ချွန် အဆင်းရဲ အပင်ပန်း ခံ လုံးပန်း တိုက်ခိုက်တဲ့ ၄၈ - ၄[illegible] စိတ်ဓါတ်

တွေကို မွေးမြူပြီး လက်တွေ့ အကောင်အထည် ဖော်ကြဘို့ အလေးအနက် တောင်းဆိုလိုက်ပါတယ်။

တချိန်ထဲမှာ လက်နက်ကိုင်တိုက်ပွဲကို အဓိက တိုက်ပွဲသဏ္ဍာန် အဖြစ်ထားပြီး တခြား တိုက်ပွဲ သဏ္ဍာန် အမျိုးမျိုးနဲ့ ပေါင်းစပ် ပေးရမယ်လို့ ကျနော်တို့ ပါတီ ဗဟိုကော်မတီက ချမှတ်ထားတဲ့ နည်းပရိယာယ် လမ်းစဉ်အတိုင်း ခေါင်းရွက်သွားကြရမယ်။

ရဲဘော်တို့၊

ခုလို နေ့ထူးနေ့မြတ်မှာ ဗမာပြည် တပြည်လုံးမှာ နည်းအမျိုးမျိုးနဲ့ တိုက်ပွဲဝင်နေကြတဲ့ ရဲဘော်တွေ၊ လုပ်သားတွေ၊ ပြည်သူတွေ၊ ဒီမိုကရေစီ ပုဂ္ဂိုလ်တွေ အားလုံးကို ပါတီ ဗဟိုကော်မတီ ကိုယ်စား ရှိုက်ရှိုက်လှိုက်လှဲ မေးမြန်းနှုတ်ဆက်လိုက်ပါတယ်။

ရဲဘော်တို့၊

ပါတီ အသက် အနှစ် ၄၀ အတွင်းမှာ၊ ပါတီ တော်လှန်ရေး လုပ်ငန်း အတွက် ကျနော်တို့ ပါတီဝင်တွေ၊ ကွန်မြူနစ်လူငယ်တွေ၊ ကေဒါတွေ၊ တပ်မတော်သားတွေ၊ အဖိနှိပ်ခံပြည်သူတွေ ဘုန်းလျှော့ခဲ့တဲ့ အသက်ပေါင်းဟာ မနည်းပါဘူး။ သူတို့ကျခဲ့တဲ့ သွေးချွေးတွေဟာ အားလုံး ပေါင်းလိုက်ရင် ဧရာဝတီ မြစ်ရေလျှံထက် မနည်းပါဘူး။ သူတို့ တတွေရဲ့ အရိုး တွေကို စုပုံလိုက်ရင် ပုပ္ပါးတောင်ထက် ပို မြင့်ပါလိမ့်မယ်။

ရဲဘော်တို့၊

ဒီအာဇာနည်ရဲဘော်တွေ လျှောက်ခဲ့တဲ့ သွေးစွန်း နေတဲ့ လမ်း အတိုင်း ကျနော်တို့ တတွေလဲ ချီတက် ကြပြီး နောက်ဆုံးအောင်ပွဲ အရယူကြပါစို့။

တပါတီလုံး သွေးစည်း ညီညွတ်ပြီး အောင်ပွဲ အရ ယူရေး အတွက် ချီတက်ကြပါစို့ ။

မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေး အခေါ် အရှင်ရှည်ပါစေ။

ဂုဏ်ကျောင်ပြောင်တဲ့ ဗမာပြည် ကွန်မြူနစ် ပါ တီ အရှင်ရှည်ပါစေ။

နေဝင်း စန်းယု ဖောက်ပြန်ရေး စစ်အစိုး ရ မုချ ကျဆုံးရမယ် ။

ဗမာပြည် ပြည်သူ့ဒီမိုကရေစီ တော်လှန် ရေး မုချ အောင်ရမယ် ။

# တော်လှန်ရေး မာတိကာ

စာမျက်နှာ ၂

လွတ်မြောက်ဒေသ တနေရာတွင် ကျင်းပသော ဗမာပြည်ကွန်မြူနစ်ပါတီ အနှစ် ၄၀ မြောက် အထိမ်းအမှတ် လူထုအစည်းအဝေး ပွဲတွင် ပါတီဥက္ကဋ္ဌ သခင် ဗသိန်းတင် ပြောကြားသည့် မိန့်ခွန်း

စာမျက်နှာ ၂၉

တည်းဖြတ်အဖွဲ့ ၏ နှုတ်ခွန်းဆက်

ကဗျာ စာမျက်နှာ


၆ ဦးအဖိုး — ထွန်းလင်း
၇ ကြီးပြင်းသူများ — အောင်မွှာ
၈ ငါတို့ရဲ့ အမှား
ငါတို့ရဲ့ အရှာ — ဟိန်း
၁၀ အိမ် — ကျော်မြ
၁၁ ဝသာပေါ်ဝိ — နိုင်အောင်
၁၂ ဒေါင်း — ငြိမ်းချမ်းသူ
၁၃ အမိမြေ — မအဲသာ
၁၅ နှစ် ၄၀ ပါပါကီမွေးနေ့အတွက် — ဝန်းနေနိုင်
၁၆ ဘာကီ ယူနီဖေါင်း တစုံ — ညှိုင်းအောင်
၁၈ ငါ့ရင်ထဲမှာ အင်အားကြီးမားတဲ့
စစ်သည်တော် ရှစ်သန်း
ရှိတယ် — စိုးချစ်အေး
၂၀ ပေါ်လျှန်တဲ့ သူ့ဆန္ဒ — အေး
၂၂ ပယ်လှောက်ချိန် — အောင်နိုင်ဦး
၄၂ အနာဂါတ် မြမာပြည်သစ်
ဆီသို့ — ဖွေးအောင်
၄၆ ပြည်သူ့အသားနဲ့မွေးနေ့ဆက် — သွေး
၆၃ ဂုဏ်သိက္ခာ — ဂွဲရင်



ပေးစာ စာမျက်နှာ ၃၁


စောစော ရဲ့ ကြိုဆိုပါတယ်သူငယ်ချင်း

ဆောင်းပါး စာမျက်နှာ


၂၀ သူ့ပုံကဗျာဆရာ နှာဆေးလူး — ညွန့်ဟိန်း
၂၂ ပြည်သူတို့က အတော်ခက်ဟာလိမ့်မယ် / ညိုမြင့်
၄၇ ချေပုံးသန်းမြင့် ကြေးစားတပ် နှင့်
အမှားအညီ — ဈမြင့်



ဝတ္ထု စာမျက်နှာ


၃၅ အမှောင် ၏ အရိပ် — တိုးနိုင်
၄၃ မုန်တိုင်းကြားမှာ အလှဆုံးပန်းများ
ပူးပွင့်တယ် — မငြိမ်းမာ
၅၅ အထိတ် ၏ ရုပ်ပုံကားချပ်ထဲမှ
အပိုင်းအစ တချို့ — မောင်ရွှေသင်း




ပြဇာတ်
စာ မျက် နှာ
၅၀


ဖိုးဆယ်ချောင်း ရဲ့
ကာလသိန် နဲ့ အသုံးကောင်း
တခန်းရပ် ပြဇာတ်



# ဦးအဖိုး

ထွန်းလင်း



အဖိုးကြီးအို ခပ်ပြုံးပြုံး
တောင်ဝှေးသူ မသုံး ။
စစ်မြေပြင်မှာ တချိန်လုံး
ညွှန်ကြားလို့နေတုန်း ။ ။

အဖိုးကြီးအို ခပ်သွက်သွက်
မျက်မှန် တပ်ဖို့ ရှက် ။
ဃေနတ်လှုပ် ချောကတက်
စစ်တိုက်ဖို့ ပဲထွက် ။ ။

အဖိုးကြီးအို အရွယ်တင်သော်
လှုက်သူမဝါး ။
သီချင်း များနဲ့ ကဗျာများ
ဆိုရေး ပျော်ရွှင်ပါး ။ ။

အဖိုးကြီးအို စိတ်ဆတ်ဆတ်
ပြောရ ခပ်ကြပ်ကြပ် ။
အလုပ်သို့ ရှေ့ကရပ်
တားယင် မကျေနပ် ။ ။

တိုက်ပွဲထဲက အဖိုးအို
ဝိုပျို့လို့ မဆိုး ။
တော်လှန်ရေး ဆေးတခွက် နဲ့
ပျိုတက် လို့နေတုန်း ။

[ ၂၈ - ၈ - ၄၉ ]

# ကြီးမြတ်သူများ

[ မာ့က်စ်ရဲ့ ကဗျာကိုဖတ်ပြီးနောက်
ခံစားရချက်။ ]

ဒေဘင်ရွှာ




ပြည်သူ့အတွက်
အသက်စွန့်ရဲ၊ ဖောက်လှန်ရဲတဲ့
တိုက်ပွဲမှာပျော်၊ ဒို့ရဲဘော်တွေ။

အလုပ်သမား၊ လယ်သမား
တိုးအောက်က ဖါးဘဝ
ဖိနှိပ်မှု ဒဏ်ရှုံ့ရှာ
ပုန်ကန်ကြဖို့ လှုံ့ဆော်
တော်လှန်ရေးသမား ပီပီ
ပြည်သူကို ယုံကြည်
ပါတီကို ယုံကြည် နှင်းအပ်
ပိုင်းဖြတ်ချက်ရဲရဲ
မုန်တိုင်းထဲဖြတ်
ရှင်နေခဲ့ ကြီးမြတ်
ခေါင်းပြတ်လို့ သေချင်သေ
သေရင်လဲ ဂုဏ်ပြောင်
အောင်လံနီ ကိုင်ဆောင်ထွဲခဲ့၊
နီရဲ ရွှန်းပြက် ကြယ်ပွင့်တွေ။

ပန္နည်းမှဲ့ အရေး
မော်လနိုမယ် သွေးနဲ့
တိုက်ပွဲတေး ဆိုသီ
လင်းရောင်ခြည် တွန်းညှိမြ
တောက်ပတဲ့ ကြယ်ပွင့်တွေဟာ
မြေအနှံ့၊ ရေအနှံ့
ကောင်းကင်အနှံ့မှာ
ထူ
တောင်
သောင်း သိန်း
ကိန်းဝယ် လှုပ်ရှား၊
ပြည်သူ့အပေါင်းရဲ့ နှလုံးသားမှာ....။ ။

# ငါတို့ရဲ့အမှား ငါတို့ရဲ့ဆရာ

ဟိန်း



[ ၁ ]

နောက်ပြန်ကြည့်တာက
လက်ရှိကို နားလည်ဖို့ဖြစ်တယ်။

အနာဂါတ်ကို
တင်ကြိုတွေးဆ၊ လက်ရပိုင်ပိုင်
ရှေ့ရှုနိုင်ဖို့ဖြစ်တယ်။

အရာဝတ္ထုရဲ့
ပြောင်းလဲမှုတရား
ဆုပ်ကိုင်သွားနိုင်ဖို့ဖြစ်တယ်။

[ ၂ ]

အမှားကြောင့်
လှုပ်ရှား အားငယ်နေသလားလေ။

အမှားက
သွေးသား ဆူပွက်၊ ပူလွေ အတွက်
အကျက်ဖြစ်စေနိုင်ပါတယ်။

အမှားပြုမိလို့
ထိခိုက်နစ်နာ၊ ဆုံးရှုံးတာ
ဒါ အမှန်ပါ။

သို့သော်
တော်လှန်ရေးတွင်း
လုပ်ငန်းတွင်းမှာ၊ မှားယွင်းမှုမရှိ
မပြုမိသူ၊ ဒီဇမ္ဗူ့တွင်
ဘယ်သူရှိနိုင်ပါ့မလဲ။

တိုးတက်ကောင်းတဲ့
ခေါင်းဆောင်များပင်၊ အနည်းပါးလျှော့တာ
မှားယွင်းတာ၊ တခါတလေလဲ
ရှိတာပဲ။

အတိတ်က
ဖြစ်ရတဲ့အမှား၊ အကြောင်းများလဲ
ခွဲခြားကြည့်မြင်၊ သေသေမြင်ယင်....

အမှားရဲ့ ဇစ်မြစ်
ဖော်ပြယင်
ခေတ်နဲ့အညီ
လက်တွေ့နဲ့အညီ
ပြည်သူ ကြိုကမ်းပါလိမ့်မယ်။

[ ၃ ]

အမှားဟာ
ငါတို့ရဲ့ အကောင်းဆုံး
ကျောင်းသင်ပုန်း တခုပါ။

လူတွေ အမှီ
လိပ်ပြာအများထက်၊ လေးနက်မှုယံရာ
ကောင်းတဲ့ သင်ခန်းစာ၊ ဘယ်မှာမှမရှိပါ။

ရှုမှီအများ
သင်ခန်းစာများကို
နည်းများမပဥ၊ အတူဥဥ
ဘယ်သူ ဖြစ်ဖြစ် ဖတ်ရမယ်
ဘယ်သူဖြစ်ဖြစ် ဖတ်ဘူးတယ်။

သေချာ ဆွေးစပ်
ဆူးဆိုက် ပတ်သော ၊ ရင့်ကျက်လေပဲ ။

ပေါက်အောင် ဖတ်လေ
ကြည်လင်လေလေ ၊ တိုးတက်လေပဲ။

[ ၄ ]

လူ့သမိုင်းရဲ့
အရိုင်းခေတ်မှ ၊ အယဉ်ခေတ်သို့
ဖြစ်ပေါ်တိုးတက်
ရှေ့ဆီတက်တဲ့ ဖြစ်စဉ်မှာ .. ....

သိပ္ပံ နဲ့ ဝိဇ္ဇာ
အတတ်ပညာတွေ
ရှာဖွေတွေ့ရှိတဲ့ ခရီးလမ်းမှာ ....

တော်လှန်ရေးရဲ့
သွေးနီရဲရဲ ၊ ချိမ့်ချိမ့်သဲ တဲ့
အောင်ပွဲရခဲ့တဲ့ ဖြစ်ရပ်များမှာ ....

အာဘာယံဒါများ
အများကြွယ်တဲ့ ၊ ဂျုံးနှိမ့် ပွဲနဲ့
ရှောင်လွှဲ ကင်းရှင်း ဘူးလို့လဲ ။


[ ၅ ]

အို .... ရဲဘော်
တော်လှန်ရေး သမား တယောက်ရဲ့
တောက်ပတဲ့ ၊ တကယ့်ဘဝ ဟာလဲ
တိုက်ပွဲနဲ့ ရင်းနှီးပြီး
တန်ဘိုး ကြီးမား ရတာပါ။

အများ နဲ့ ရင်ဆိုင်
အခိုင် တိုက်ပြီး ၊ နိဂုံး ချုပ်ပြီး
ကြီးမြတ်မှန်ကန်ရတာပါ ။

ရဲလော့ တလော့
မာန် မရှော့နဲ့ ၊ လဲတဲ့ နေရာမှ
ချက်ချင်း ထလော့ ။

အများဟာ
ငါ့တို့ဆရာ
သတ္တာတရားရဲ့ ရှေ့ပြေးပဲ ။



[ ချင်ကျွမ်းလှေ့ ရဲ့ တရုပ် ကဗျာ မှ တိုက်ရိုက် ဆီလျော်အောင် ဘာသာပြန်ထားပါတယ် ]

# အိပ်

ကျော်မြ



မိသားစုတိုင်းဟာ
လွှတ်မြောက်လို့ လာရမယ်။


တော်လှန်စစ် ယမ်းခိုး
လွှမ်းမိုး ယှက်သန်း
တောင်တန်း မြေပြန့်
ပြန့်ကျက် လွှမ်းခြုံ
လင်း အရုဏ်သစ်
ဖွင့်လှစ်မဲ့ ရဲဘော်များ
ပြည်သူ့သားတို့ ချီလေရာ
ပြည်သူတွေ ရုန်းကြွ
ယားယား ထ , ရပ်နိုင်ခဲ့ပြီ။

ပါတီရဲ့ နေရောင်ခြည်
အနီရောင် ပက်ဖျန်း
လန်းဆန်း ဦးဖွင့်
လွှတ်မြောက်ပန်းတွေ ဖူးပွင့်ပြီ။

ချီ ....
အာမတိ သတ္တိစွဲနဲ့
ရဲရဲ ညီညီ ၊ ချီလေချီ
“ ပြည်သူရှိရာ . ဦးတိုက်ယာ
ပါတီခိုင်းရာ . ဦးဝန်တာ
ပြည်သူ့အကျိုး ထိပ်တင်ကာ ”
ကမ္ဘာတရှား ၊ ဖဝါးခြေချ
ညှို့ညွှားကြမည် ၊ ရင်ကော့ချီ ။ ။

# တာပေါ့တီ

ခိုင်အောင်



အနီ
လိမ္မော်
အဝါ
အစိမ်း
အပြာ၊ မဲနယ်၊ ခရမ်းနှယ် ချည်
ဖဲကြိုးစကို မိုးပြင်တက်ဝယ်
ဘယ်သူကိုင်ကာ ကသလဲ ။

မိုးရွာပြီးသော်၊ နေပြန်ပေါ်
ပေါ်သည့်နေကား၊ စောင်းလျက်သား ။
တောင်ကြားနဲ့ တောင်က
နက်ပြာရောင်ဆိုင်း၊ ညို့မှိုင်းမှိုင်း ။


တခါက ....
စစ်မက် ဒီမှာ၊ ရက်စက်ကြမ်းခဲ့
ရွာနံရံထက်၊ ပေါက်အက်ဒဏ်ရာ
ကျည်ဆံရာများ ။

တောင်ကြားနဲ့တောင်
လှအောင်ချယ်သ၊ ခုခါကျမှ
တင့်တယ်ရှု ။

[ ၄ - ၁၂ - ၇၆ ]
MAO TSE TUNG ၏ "TAPOTY" ကိုပြန်ဆိုထားခြင်း ။

# ဒေါင်း

ငြိမ်းချမ်းသူ



[ ၁ ]

ဒေါင်း ဒေါင်း
ဘာ ဒေါင်း?

ကဒေါင်း ခွပ်ဒေါင်း
သွေးနီ ယောင်း ။

[ ၂ ]

အဲဒီ ဒေါင်းဟာ
ကြယ်နီလင်းလက်၊ ရောင်မြိုးမြက်မှာ
မြူးကာကြွပျံ ၊ ရင့်သန် ပျိုမျစ်
အားသစ်အစဉ်လောင်း တိုက်ခိုက်ဒေါင်း ။

အဲဒီ ဒေါင်းဟာ
မဟာ အင်္ဂလန်ပြေးအောင်
ဂျပန် ဖက်ဆစ် ၊ စစ်ရှုံးသွားအောင်
ထောင် သားမုန်းထား ၊ ပြည်သူများနဲ့
ခြား နားဆန့်ကျင် တိုက်ပွဲဝင်
အစဉ်အလာကောင်း ၊ တော်လှန်ဒေါင်း ။

အဲဒီ ဒေါင်းဟာ
ဟောင်းနွမ်းစနစ် ၊ ယိုက်သွမ်းညစ်တဲ့
ခေတ်အဆက်ဆက် ၊ တက်လာသမျှ
အစိုးရတွေ ၊ နေဝင်းစန်းယု
စစ်အုပ်စုထိ ၊ ဖိမှ သတ်မှ
အကျဉ်းချလဲ ၊ လုံးဝမကြောက်
လက် မမြှောက် ရဲရဲ တောက်ဒေါင်း
တိုက် စည် ယောင်း ။

ဒေါင်း ဒေါင်း ၊ ဘာ ဒေါင်း
ကဒေါင်း ခွပ်ဒေါင်း
သူရဲကောင်း ။

အဲဒီ ဒေါင်းဟာ
သစ္စာရှိသူ ၊ တော်လှန်သူနဲ့
ပြည်သူ့ရှေ့ရောက် ၊ မြူးခုန်ပေါက်လို့
ဝမ်းမြောက်နှိမ့်ချ၊ ဝေးခိုပြမယ်
အလှချစ်ဒေါင်း ၊ ကတဲ့ဒေါင်း ။

အဲဒီ ဒေါင်းဟာ
သစ္စာမဲ့သူ ဖောက်ပြန်သူနဲ့
ရန်သူ့ရှေ့ရောက် ၊ သံမဏိ ကျောက်ပဲ
ရဲရဲ နီမြဲ ၊ တက်ကြိုးချမဲ့
တိုက်မြဲ တဲ့ဒေါင်း ခွပ်တဲ့ဒေါင်း ။

အဲဒီ ဒေါင်းဟာ
ကောင်း တာများဆို ၊ တရားမှန်တာဆို
တော်လှန်ရေးဆို ၊ ကြိုက်ကို ကြိုက်တယ် ။
ချစ်ကိုချစ်တယ်၊ အားသစ်ကိန်းအောင်း
ညီတဲ့ ဒေါင်း ။

အဲဒီ ဒေါင်းဟာ
မကောင်းတာဆို ၊ တရားမဲ့တာဆို
ဖောက်ပြန်ရေးဆို ၊ မုန်းကို မုန်းတယ်
ချ ကို ချ တယ် ၊ ဒေါသ ဥဒေါင်း
နီတဲ့ ဒေါင်း ။


[ ၃ ]

ဒေါင်း ဒေါင်း
ဘာဒေါင်း ?

ကဒေါင်း ခွပ်ဒေါင်း
ကျောင်းသားဒေါင်း
ပြည်သူ့သားကောင်း သမီးကောင်း ။

# အမိမြေ

စအဲသာ



ဒို့အမိမြေ
မြေနုကျွန်းပေါ်
လှပမြင့်ခင်တန်း
တောင်တန်းနဲ့ ဦးမတွေ
မြူနှင်းဝေဆိုင်း
ဘော်ငွေတိမ်လွှင်းထ
ယိမ်းက စီးဆင်းတဲ့ မြစ်ရေများ
ဟိုးဟိုး ကျော် ဂုဏ်သတင်း ယူဆောင်သွားလို့
ပန်းပေါင်းတရာ
ဝေဆာ ပွင့်လန်းခဲ့တယ်လေ
တိုင်းရင်း မြေသားတွေ
အချိန်ကတော့
အတိတ်က ရန်တကာ
ဖြိုချကာ
အောင်ပွဲခံတဲ့ ကာလများ ။

ကနေ့တော့
အမိမြေ ခမ္ဘာ့ထက်မြေ
ယင်းယှူနေကြ
သေရတဲ့ ပြည်သူ့ အရိုးပုံထက်
အခိုးဆုံး မင်းဆက်စံ
အဖိနှိပ်ခံတွေရဲ့ အသားလွှာပေါ်
တည်ထား ပွဲတော်တည်ပွဲ ။

နံ့သော် ညှီနံ့ထွက်
သွေးဆာတဲ့ လက်များ
ကြေးသား နေဝင်းတယ်
ဂျီ သရီး မောင်းပြန်
မောင်းတင် သံကြား
ပန်းပေါင်းတရာ ပွင့်ကြွေ
လွင့်ဆင်းရှာ

ခစ်သံရွာ ဘောက် မြေပြင်
ရဲရဲနီ လျှမ်း
သွေးကွက် သွေးစက်
မုန်တိုင်း မိုး လျှမ်းလျက်
မှုန်ရမ်း အလိုင်း လေကြား
ကျည်ဆံ မိုး များရွာနေတယ် ။

ဟောအာနံ ဒါမယ
ချမ်းတွေ့ ကာလ
မုလဲ နှင်းဥ မလှပတော့
မြွေပါ လူး
ဆောင်းဦးမှာ
ကြေးသား စစ်တပ်
ဖြတ် လေးဖြတ်စ
သက်မှတ် ဂွင် ခတ်
နေ့ ဒါမှ မသွား ည
အကာလ မှာ
မိုးကို လူယက် လူသတ်
ကပ် ၃ ခု ဆိုက်ကပ်
သူသန် တစ် ဖြစ်ရပါပကော ။

ကြည့်လေ...
အမိမြေမှာ
ဒေသရပ်ခန်းနဲ့ မခြား
လူဖြိုး သွင်းတား
ဝင်းသညီ ခေါ် ကားညီ
တက်ခေါက်သံ
အံကြိတ်သံ
ကြိုးဝါးသံ
ပြည်သူ့ဒေါ်ယာန်တွေ
တောတောင် မြေနှံ့ စပ်
ပွဲတင်ထပ်နေပြီ ။

ဟိုဖက်ကြည့်စမ်း
ဘာတွေလဲ ?
ခြားနား ဥသျှံ
ရေဲဘုံလောကမှ
ထွက်ရပ် လမ်းမပေါ်
မိုးထ လျှောက်ပြီ
အောင်စစ်ချီ တေးသံ
အချေမြောက်လေ မာန်ဖော်ထ
ကြားတယ် မဟုတ်လား
မိုးကို ဖေါက်မယ်
" အမြောက်သံလော့ " တဲ့။

စလော့! တိုက်ပွဲခေါ်သံတွေ
မိုးယံ ပျံ့လွင့်
အချက်ပြ မီးကျည် နဲ့အတူ
မင်းလှိုင်မြို့ဆီး
အယက်ရိုးမတခွင်
မာန်ဟုန် ပြင်းချီ
လင်းယုန်နီများပမာ
ပျံကာ ကျော်သွား
ငွေ့ဝါးမဲ့တိုက်ကြား
မြောက်ဖျားမှ တောင်ဖက်ခြမ်း
မှတ်သွား ၄၅ ရမ်း
အုံ့မခန်း ဒီတောင် တန်းတွေမှာ
ကျော်ကာ လျှမ်းထွက်
ဘာဝတူတွေအတွက်
ခက်ခဲမဖြို
ရန်ပေါင်းစုံကို ချေမှုန်းတဲ့
မီးပွားခက်တွေ ဆက်နေ ။

တိုက်ရင်း ၊ ခိုက်ရင်း ၊ ကျော်လွှားရင်း
ကျေးလက် ရှိမြောင်
[redacted]

ဒီ‌ဒေသရဲ့တောင် တွေမှာ
ဦး ဖြေမပ ါး ထပ်နေတာ
ဒီဘာ ရုက်ဦးကို ခဲ့ကြိုးမှ မဟုတ်လား။
ရဲဘော်တို့ ၊ ဘိုက်ဖော်တို့ ။


ဒို ချစ်တဲ့အမိမြေ
လမ်းပြ အရုဏ်ဦးမှာ
နေမင်းနီဟာ
အမှောင်ထု ခွင်းကာ
မိခင်မြေရဲ့ ဒီမိုကရေစီကို
ကူညီးပေးမှာ
ဦး ပဲ့ပါတယ်။

ထိုခါ
အရှေ့ နေမင်း နီနဲ့
ငွားစွင့် နီယောင်းတဲ့
အောင်လံ တလက်
သက်တန့်ရောင်စုံဖြာတဲ့
မြေဦ ကျွန်းပေါ်
လှိုင်ပြင် ခင်တန်း
တောင်တန်း နဲ့ ဖုံးမမြေတွေ
ထက်မှာပေါ့
အနာဂါတ်ဟာ ယနက်ဖန်သား
ရဲဘော်တို့ ၊ တိုက်ဖော်တို့ ။

ပြော် -
အနာဂါတ်
ဦးမရှိတော့ပါရင်
အဝတ်မနေ့က ချုံးခွေ့များ
ကာနည်သားမြေး အားလုံး အတွက်
မြေဆီရှာထက်မှာ
တာဝန်ဖိ ရှင်သန်ကြီး ထွားပါစေသတည်း။

# နှစ် ၄၀ ပါတီဖွားဖနေ့အတွက်

ဝန်းနောင်



အဂျေးအခင်း
ခက်မှာ တင်းကြပ် ၊ စစ်ခင်းသက်မှို ကြိုးစားနေ။

'ကာရင်မလင်' ၊ အဘုရင်သစ်ရှဲ
စစ်တူရင် ခုံပေါ်မှ ဆင်ကျွက်များ။

အမေရိကန် - အင်မ်ဖြူ
အားယူ မြှည့်သိပ်၊ အတိတ်ကိုဖက်
လက်ကာ သွေးစက်တွေတောင် မပျောက်သေး ။

ထြိုးစစ်မော်စကို ၊ ခံစစ် နယ့်ချဲ အို
သူတာမိုလ် ငါတမင်း ၊ လူမွဲကြီး ကျင်းနေစဉ် ၊
တာတိယ စစ်အင်အားကြီး ..တဲ့
မီယက်နမ်လား ၊ မိုလ်ကာလေးလား ၊ တီ ၅၄ တင့်ကား
ခယာနီမြောက်ကျားရှဲ ၊ ဆောင်ပျောက်မျှားမှာကျုံနိမ်

နေဝင်းစနိုးယူ ၊ စစ်အုပ်ဆူလဲ
အရူးအလဲ
နဲ့ပူးကျွဲ ဦးဖြဲ ၊ ယိုင်နဲ့ လဲပြို
ဆဲဆို မှုတ်ယမ်း နေဝင်လမ်းမှာ...

နယ့်ချဲစနစ်၊ စစ်ပွဲဖြစ်ယင်
တော်လှန်စစ် နဲ့
တားမြစ် ဖျက်ဆီး
စစ်မီးငြိမ်းသတ်ရမည်သာ...။

ဖိနှိပ်မှုမှ ၊ အဲ့ကြွ ပုန်ကန်
[redacted]

ရှန်ငါ မျှဉ်းပြတ်၊ စည်းခြားမြတ်သား
အမှား အမှန် ၊ ဝေဖန်ပိုင်းခြား
နိုးကြားသော ပြည်သူများ ။

စစ်မှန်တိုင်းထန် ၊ [redacted]
မီးတောက် မီးလျှံကြား၊ မြတ်သန်း သွားစဉ်
သံခဲတင်တောက်ပ၊ သံမဏိသား
မြားလို မကြွေတဲ့ 'ဟော်ချီမင်' များ ။

ယုံကြည်ချက်များ၊ လင်းလက်သွားစဉ်
'အင်တာနေရှင်နယ်' တေးသံ ၊ လွင့်ပျံ့လာတယ်
အနာဂတ်ရဲ့ အောင်ပွဲ သစ်အတွက် ။

"ကြီးမြတ်တဲ့ တပ်ဦးပါတီ"
ဗမာပြည် ကွန်မြူနစ် ပါတီ
"ပါတီ" လမ်းညွှန်ချက်
"ပါတီ" တောင်းဆိုချက်
အသက်ထက် မြတ်နိုးပါမည်။"

ခိုင်မာ မြတ်သားတဲ့ စိတ်ဓါတ်
တည်ကြည် လေးနက်တဲ့ သန္နိဋ္ဌာန်များ ....

စစ်မြေပြင် ထွက်ဖို့
ယမ်းခါးပတ် ကျည်ဖြည့်
'ဂျီ ၃' သေနတ်
သို့ရွပ် တင်ပြီး
ရင်ခတ်လှုယ် မောင်း ဖွင့်လိုက်တယ် ။

# ကာကီယူနီဖေါင်းတစုံ

ဂျိုင်းအောင်



" ယန္တာဖေါက် ကျည်များရဲ့ ရင်ဝဖေါက်ထွင်းခြင်း ခံရတဲ့သူဟာ
အာမန် ရှိ ဂျာဘလ်အာတဂ် က မြေပြင်ပေါ်မှာ လဲကျနေတယ်၊
သူ ဘယ်သူ ရယ်လို့ .... ဘယ်သူမှ မသိကြပါဘူး ။ "

ကျနော် သူ့ကို အဲဒီမှာ တွေ့ခဲ့တယ်
သူ့ ကာကီ ယူနီဖေါင်း မှာ သွေးတွေ စွန်းလို့ ။
သူ့ရဲ့ အမှောင်ထု ထဲမှာ ကိုဘဲ
ကွဲသွတ္တိ ၊ ပိုင်းဖြတ်ချက်တို့နဲ့
တောက်ပ ဝင်းလက် နေတဲ့
သူ့ရဲ့ မျက်နှာကို တွေ့ရတယ် ။
ရှုံးနိမ့် ကြောက်လန့်သွားတဲ့ ရန်သူကို
တော်လှန်တဲ့ ရှုတ်ချမှုနဲ့
သူဟာ ရယ်မော ပြောင်လှောင်နေလေရဲ့ ။

ကျနော် သူ့ကို အဲဒီမှာ တွေ့ခဲ့တယ်
ဖြတ်သွားတဲ့ လူတယောက်က
" ကိုယ်ရှင့်၊ သူ့ကို သိသလား " လို့ မေးပါတယ် ။
ဒီ အမည်မသိ ပုဂ္ဂိုလ် ရဲ့ မှတ်ပုံတင်ကတ်ပြားကို ရှာကြည့်တဲ့
ပတ်ပတ်လည်ရှိ လူများရဲ့
မျက်လုံးများ နှုတ်ခမ်းများဟာ
ငေးငိုင်ပြီး အေးစက်နေပါတယ် ။
တခုတခုများ တွေ့လိုတွေ့ငြား
သူ့အိတ်ထဲကို လက်များ နှိုက်ကြည့် လိုက်ကြတယ် ။
အချိန်တခု ကြာသွားတော့
သွေးချင်းတို့ရဲ့ လက်များမှာ
သွေးကွက်တွေက လွဲလို့
ဘာမှ ပါမလာပါဘူး ။

ကျနော် သူ့ကို အဲဒီမှာ တွေ့ခဲ့တယ်
သူ ဘယ်သူ ရယ်လို့
ပြစရာ ဘာမှ မရှိ ။
ခါးက ဆုတ်ပြတ်နေတဲ့ ကျည်ခါးပတ်
ပုခုံးက ဆိုင်းထားတဲ့ လက်ပစ်ဗုံးတွေ
ကိုယ်ပေါ်မှ ကာကီ ယူနီဖေါင်း တစုံ

တခြားပြစရာ ဘာမှ မရှိပါဘူး ။
နံဘေးရှိ လူတယောက်က
"အလ္လာ အရှင်မြတ် မ, ပါစေ" တဲ့ ။
အို မိတ်ဆွေတို့
သူဟာ ဘယ်မျိုးရိုးကလဲ
ခင်ဗျားတို့ များ မသိကြဘူးလား
အို.. ခင်ဗျားတို့ မမှတ်မိကြဘူးလား ဗျာ့ရို ။

ကျနော် သူ့ကို အခု မှတ်မိပါပြီ .. ။
သူ့ရဲ့ ကာကီယူနီဖောင်းအရ
အမိမြေကို မြေသီ လောင်းခဲ့တဲ့
အဲဒီ ဥက္က သွေးတွေ အရ
ကျနော် သူ့ကို မှတ်မိ လိုက်ပါပြီ ။
သူဟာ ကျနော်တို့ ပြည်သူ့ စစ်သည် များထဲက
စစ်သည် တယောက်ပါဘဲ ။
သူ့ နာမည်ဟာ --
မိုဟာမက် ၊ အမ်ယာ ၊ ဘာဒစ်
ဒါမှမဟုတ် တခြား တခုခု
ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်
အဲတော့ - ဒီအကြောင်းကို မမေး ကြပါနဲ့တော့ ၊
ကျနော် သိတာက
သူဟာ ပါလက်စတိုင်း ပြည်သူတွေရဲ့ သားကောင်းတယောက်
ဖဒယင်း အဖွဲ့သား တယောက် ဆိုတာဘဲ ။
ဆိုလိုတာ -
တော်လှန်ရေး ကို အလုပ် အကျွေးပြုတဲ့
ယောက်ျားကြီးတိုင်းဟာ သူ့အဖေ ၊
တရားတဲ့ မခံမရပ်နိုင်မှုတွေနဲ့ ပြည့်လျှမ်း နေတဲ့
အမျိုးသမီးတိုင်းဟာ သူ့အမေ ဒါမှမဟုတ် သူ့အမ
သူ့ သေနတ် ကို ကိုင်ပြီး ဆက်လက် တိုက်ပွဲဝင်သူတိုင်းဟာ
သူနဲ့ ညီအကို .... ။

ကျနော် သူ့ကို အဲဒီမှာ တွေ့ခဲ့တယ်
အမိမြေ ဆီသို့
ကျနော့်ကို ပြန်လည် အာရုံ လှည့်စေခဲ့တဲ့ ၊
အမှောင်ထုထဲက ရောင်ခြည်တန်း တခု ပမာ .. ၊
သေနတ်ကို မြဲမြဲ ဆုပ်ကိုင်ပြီး
ရှေ့ကို ရဲရဲ ချီတက်ဖို့
ကျနော့်ကို အားပေးခဲ့တဲ့
မိုးပေါ်က တလက်လက် ကြယ်တပွင့် ပမာ .. ၊
ကျနော် သူ့ကို အဲဒီမှာ တွေ့ခဲ့တယ် ။

[ပါလက်စတိုင်း စာရေးဆရာသမဂ္ဂ ဥက္ကဋ္ဌ နာဂီ အာလောက်ရှ် ၏ ကဗျာ ကို ဘာသာပြန် တယ် ။ ]

# ငါ့ရင်ထဲမှာ ခွန်အားကြီးမားတဲ့စစ်သည်တော်ရုပ်သွန်းရှိတယ် ....

စိုးချမ်းအေး



[ ၁ ]

ဇွန်၊ ဇူလိုင်ကာလ၊
မိုး ဖြိုင်ဖြိုင် အကျ၊
လေ အဝှေ့တွင် –
ပင်လယ်ကိုကျော်၊
တောတောင်ကိုဖြတ်၊
မုန်တိုင်းမြတ်ချိ၊
ဒလစပ် ကြွေးကြော်သံ၊
ဟိန်းဟိန်း ညံသည်၊
* “ မြည်မ အခွင့်အရေး
ချက်ချင်းပေး –
ကိုယ့်ရှု ကိုယ့်ထ
အလို မရှိ – ”

[ ၂ ]

ဝေသာလီ မြည်တွင်၊
ဘီလူး ဝင်ကာထကာ၊
လက်ရဲ ခက်ရဲ၊
သွေးရဲရဲ – သံရဲရဲ၊
လက်မဲ ကြီးနဲ့၊
စစ်သူရဲ မိစ္ဆာတွေ –
မြည်မ မှာလဲသတ်၊
တောင်တန်းမှာလဲသတ်၊
တောင်တွင်း မှာလဲသတ်၊
ကျွန်းမှာသတ်နဲ့ –
အသတ်ခံရတဲ့ မြည်သူတွေ
ကွန်မြူနစ်တွေ၊
ရေတွက် မရ၊
အလောင်းချင်း ထပ်ခဲ့ပြီ။

[ ၃ ]

ကမ္ဘာမကြေရန်သူ၊
လူတန်းစားရန်သူကို၊
လူတန်းစား လက်စား ချေကြဖို့
မဲမှောင် ဆိုးညစ်
ဒီခနှစ်အောက်၊
ကျောက်နေတဲ့မြည်သူကို
ဖေးကူ ကျွတ်မြောက်စေဖို့ –
မုန်တိုင်း ဦးဦး ဝှံ၊
လေအထန်တွင်၊
အားမာန် အပြည့်နှင့်၊
ဘူတာခံ့ အလံထွေချ၊
မခွဲခပ်ခတမ်း၊
သွေးခမ်း တိုက်ပွဲဝင်ကြပြီ။

[ ၄ ]

ရက်မှ လ ကူး၊
မလျှော့ ဘူးဆက်၊
လက်တွဲ ညီညီ၊
အာဏာနည် တသိုက်၊
စိုက်လိုက် မတ်တတ်၊
အာဏာငတ်ခံ၊
ရေခွန် လမ်းလိုက်၊
သင့်ကျွန်နှံ့ တိုက်ခဲ့၊
တိုက်ပွဲ မှာသည်၊
အောင်ပွဲ ဆီသို့ – ။

[ ၅ ]

အဆီမှ အသား၊
အသားမှ အရေ၊
ဆုတ်ယုတ်လေပြီ – ။
နေ့ဝင်နေထွက်
တရက်ပြီးတရက်
သက်ရှူ မြင်းမြင်း၊
အံကြိတ်ရင်းမှ၊
တဖြုတ်ဖြုတ်ကြွေ၊
ကျဆုံး လေပြီ၊
မွှင့်ကြွေ မိမိ – ရဲရဲ တည်း။

[ ၆ ]

တမှုင့် ကြွေလေလျှင် -
တေးသံ တခါလွင် ။
" အင်တာ နေ့ရှင်နေပ၅ "
ရှင်သန် ထမြောက်
ကျွန်းလုံး ပေါက်ထိ ၊
ရှစ်ခေါက် ရှစ်ပြန် -
ကျူးခဲ့သည် ။

[ ၇ ]

ဒီအခါကျမှ ၊
လူသက်သမား ၊
ပါးကွက်သားတို့ ၊
အားလျော့ လက်မြောက် ၊
ဆောက်တည်ရာမှရ ၊
မျက်နှာ ညှိုးသွေး ၊
မျက်နှာသေလေးနဲ့ ၊
မြောက်မြေး တောင်ကျူး ၊
အရူး ကြီးရူး
ကြောက်ဒူး အတုန်ကြီးတုန်
အရှုံး အပေးကြီး ပေးကြရှာပေါ့ - ။

[ ၈ ]

ကွန်မြူနစ် ဆိုတာ -
. . . . ဒါဘဲ ။
" ရန်သူတကာ -
ကြောက်ဒူး တုန်စေရမယ် ၊
ပြည်သူအပေါင်း -
ရွှင်လန်း အားတက်စေရမယ် ။ "
စခန်းထု ပြည်သူ
ကူညီလက်တွဲ ၊
တောက်ခံနွဲ့ရင်း ၊
အောင်ပွဲလယ်းညွှန် ၊
ကွန်မြူနစ်ပါတီဝင် တွေကို ၊
ရင်သပ်ရှုမော ၊
အံ့ဩ ခြင်းမကာ အံ့ ဩ ၊
မြောက်လဲမဆုံးနိုင် ၊
ကျွန်းလုံး လှိုင်သည်
ပြည်ရွာ ကျော်ဖြန့် ၊
ကမ္ဘာ ဆန့်၍ ၊
မှို့နှံ့သတင်း ၊
မွေ့ကြောင်းမကာ - မွေ့ခဲ့ပြီ ။

[ ၉ ]

သတ်ဖြတ် လိုက်သူ ၊
လူတန်းစား ရန်သူကို ၊
ခါးခါးသည်း မုန်း ၊
နှလုံး အနာကြီးနာ ၊
ရန် / ငါ အမြတ် - ရှင်းရမယ် ။
ကျဆုံးသူ တွေ အပေါ် ၊
လူတန်းစား မေတ္တာ ၊
ကြင်နာသည့် စိတ် ၊
ရင်မှာဖိတ်လျှံ ၊
အားယာန် တဆင့်တိုး ခဲ့ပေါ့ ။
တယောက်သေ - တသန်းရှင် ၊
ရှစ်ယောက်သေ - ရှစ်သန်းရှင် ၊
ပြည့်ဖြိုးတဲ့ အားအင် ၊
ငါ့ရင်ထဲမှာဖြစ် ၊
ရက် လ နှစ်ပြောင်း ၊
မပေါင်းတဲ့ အဖြစ် ၊
အသစ် , အသစ် . . . . အသစ် ။

[ ကိုကိုးကျွန်း ၅၃ ရက်ကြာ အဓာဓတ်ခံ တိုက်ပွဲတွင် ကျဆုံးသွားသူ
အာဇာနည် ရဲဘော် (၈) ယောက် သို့ ]

---

* " ပြည်မအခွင့် အရေး - ချက်ချင်းပေး " . . . ဆိုသည်မှာ ၊ ထိုအချိန်က ပြည်မတောင်[illegible]များတွင် နိုင်ငံရေး အကျဉ်းသမား ( ထိန်းသိမ်း ) များ ၊ အလုပ်ကြမ်း မလုပ်ရသေးချေ ။ ကိုကိုး ကျွန်း[illegible] တွင် ကိုယ်ထူ ကိုယ်ထ အလုပ်ကြမ်းများ နိုင်း နေ၍ တောင်းဆိုချက် တခုအနေနဲ့ တောင်းဆိုထားခြင်းဖြစ်သည် ။

# သူပုန်ကဗျာဆရာ
# နာဆရူး

ဆင်းရဲဒုက္ခ
မြင့်နက်လျှန်းလှတဲ့ ၊ ကမ္ဘာလောကကြီးကို
မြို့ချ လုံးလုံး ၊ ငါ ချေမှုန်းမယ် ။

အဖိနှိပ်ခံရဲ့
ငိုသံဆူညံ ၊ ညည်း တွားသံ
သက်ပြင်းချသံ ၊ ဒီ အသံများ
တိတ်ဆိတ်သွားမှသာ –

ဖိနှိပ်သူရဲ့
လူမဆန်တဲ့ ၊ လှံရိုး ဒါးရိုးတွေဟာ
အကြမ်းအကင်းတဲ့ ၊ လူသတ်ကွင်းကနေ
ပျောက်ကင်း လွင့်စင်သွားမှသာ –

ထိုအချိန်မှာ
ထိုအခါကျမှသာ
ငါ – ကြီးမြတ်တဲ့ ပုန်ကန်သူ
လူတယောက်ရဲ့ တိုက်ပွဲဟာ
ရပ်စဲငြိမ်သက် နားနိုင်မယ် ။

အထက်ပါ ကဗျာဟာ ကြီးမြတ်တဲ့ ဘင်္ဂလားဒေ့ သူပုန် ကဗျာဆရာကြီး "ကာဇင် – နာဇရူး အစ္စလန် (Cassim Nazirul Islam) ရဲ့ " ပုန်ကန်သူ " ကဗျာရှည်ကြီးထဲက ကျော်ကြားလှတဲ့ အပိုဒ်တပိုဒ် ပါပဲ။ နာဆရူးဟာ ၁၈၉၉ ခုနှစ်မှာ ၊ အနောက် ဘင်္ဂလား ပြည်နယ်ရဲ့ ဆင်းရဲ နွမ်းပါးတဲ့ မူဆလင် အိမ်ထောင်တခုမှ မွေးဖွား လာသူဖြစ်ပါတယ်။ ၈ နှစ်သား အရွယ် ငယ်စဉ် ဘဝ ကပင် အဖေ ဆုံးခဲ့ပါတယ်။ ပေါင်မုန့် ဆိုင် တဆိုင်မှာ စားပွဲထိုး၊ ဖိုးထိုး၊ မုန့် နယ် စတဲ့ အောက်ခြေသိမ်း အလုပ် ကို ဆင်းဆင်းရဲရဲ လုပ်ကိုင်ရင်း ကြီးပြင်းလာခဲ့ရ သူပါ။

၁၉၁၇ ခုနှစ် မှာ အထက်တန်းကျောင်း ပြင်ကျင်းဆုံးအောင် မသင်ကြားခဲ့ရတဲ့ နာဆရူး ဟာ၊ စစ်တပ်ထဲ ဝင်ရောက် ခဲ့ရပါတယ်။ ၁၉၁၉ ခုနှစ် မှာ ' ကာလကတ္တား ' ကို သူ ပြန်ရောက်ခဲ့ပါတယ်။ ထိုအချိန်မှစ၍ သူဟာ စစ်တပ်မှ ထွက်ခွာကာ ၊ ကလောင် ဓားတင် ကိုင်ပါတော့တယ်။ တချိန် ထဲ မှာ ၊ စစ်ကြီး ပြီးနောက် အိန္ဒိယပြည် တဝှမ်းလုံးမှာ ပေါ်ပေါက်ခဲ့တဲ့ ( ၁၉၁၈ – ၁၉၂၂ ) အတွင်း ပြင်းထန် ကျယ်ပြန့်တဲ့ ကိုလိုနီနယ်ချဲ့ ဆန့်ကျင်ရေး တိုက် ပွဲ မုန်တိုင်း ထဲသို့ ခြေစုံ ပစ် ဝင်ခဲ့ပါတယ်။ အလုပ်သမား များနဲ့ အတူ သပိတ်မှောက် ခဲ့ရုံမက ၊ အမျိုးမျိုးသော အင်္ဂလိပ်နယ်ချဲ့ ဆန့်ကျင်ရေး အစည်းအဝေး ကြီး နဲ့ ဆန္ဒပြပွဲ တွေမှာလဲ တက်ကြွစွာ ပါဝင်ခဲ့တယ်။

သူဟာ ကလောင် ကို လက်နက် တခု အဖြစ် အသုံး ပြုခဲ့တယ်။ မြောက်များလှတဲ့ တေးကဗျာတွေကို ဖွဲ့ စပ် သီကုံးပြီး အဖိနှိပ်ခံ အမျိုးသားနဲ့ ပြည်သူ များ ကို တော်လှန်ဖို့ နှိုးဆော်ခဲ့တယ်။ နယ်ချဲ့ စစ်ရဲ့ ညစ် ပတ် စိုင်းယုတ် မှု နဲ့ အင်္ဂလိပ်ရဲ့ ကိုလိုနီ အုပ်ချုပ် မှု တွေကို ထိုးနှက် ဖွင့်ချ တိုက်ခိုက် ခဲ့တယ်။ ၁၉၂၂ ခု နှစ် ဦးမှာ အသက် ၂၂ နှစ်သာရှိသေးတဲ့ နာဆ

လူးဟာ သူရဲ့ ကျော်ကြားလှတဲ့ "ပုန်ကန်သူ" ကဗျာရှည်ကြီးကို ရေးသားထုတ်ဝေခဲ့တာပဲ။ ဒီကဗျာဟာ အိန္ဒိယပြည်တဝှမ်းလုံး သူ့ကို ချက်ချင်းပြန့်နှံ့ ကျော်ကြားခဲ့တယ်။ အထူးသဖြင့် အိန္ဒိယ လူငယ်ထုအတွင်းမှာ ကြီးမားတဲ့ ဂယက်ရိုက်မှု ဖြစ်ပေါ်စေခဲ့တယ်။ တော်လှန်ရေး လှုပ်ရှားမှု ဒီလှိုင်းကြီးထဲမှာ အမြင်ရှုတ်ထွေးပြီး၊ တွေဝေ ယိမ်းယိုင်နေတဲ့ လူငယ်အမြောက်အမြားကို ဒီ 'ပုန်ကန်သူ' ကဗျာ၊ က လမ်းရှင်း လှုပ်နှိုး လိုက်ပါတယ်။ တချိန်တည်းမှာ အင်္ဂလိပ်နယ်ချဲ့ ဆန့်ကျင်ရေး ဒီလှိုင်းကြီးထဲသို့ လူငယ်ထု တရပ်လုံး ပါဝင်လာအောင် စည်းရုံးအား ပေးနိုင်ခဲ့တယ်။

"ကာလောင် နဲ့တင် မဟုတ်ဘူး။ ကျနော်တို့ ရဲ့ အသက်၊ ရှိသမျှသော အားအင်တွေနဲ့ အိပ်မော ကျနေတဲ့ အိန္ဒိယပြည်ကြီးကို လှုပ်နှိုးသွားမှာပါ" လို့ သူပုန်ကဗျာဆရာ နာဇရူးဟာ လူထုအစည်းအဝေးပွဲကြီး တခုမှာ ခုလို ပြောဟောခဲ့ဘူးပါတယ်။ 'ပုန်ကန်သူ' ကဗျာကြောင့် ကိုလိုနီ ဖေါက်ပြန်ရေး သမားတွေ တုန်လှုပ် ခြောက်ခြားခဲ့ရတယ်။ အမိန့်တရပ် ထုတ်ပြန်ကာ သူပုန်ကဗျာဆရာရဲ့ ကဗျာအားလုံးကို သိမ်းဆည်းခဲ့ကြတယ်။ ၁၉၂၂ ခုနှစ်မှာ သူ့ကို ဖမ်းဆီး အကျဉ်းချခဲ့တယ်။ ထောင်ထဲမှာ သူဟာ ကိုလိုနီ ဖေါက်ပြန်ရေး သမားနဲ့ အညံ့မခံပဲ တိုက်ပွဲဆက်လက်ဝင်ခဲ့တယ်။ လူမဆန် တဲ့၊ ရက်စက်ကြမ်းကြုတ်တဲ့ ထောင်တွင်းဘဝ နဲ့ ရဲရင့် ပြတ်ပြောင်တဲ့ ထောင်တွင်း တိုက်ပွဲကို ဖေါ်ကျူး ဖွဲ့စပ်ခဲ့ပါတယ်။ သူ့ရဲ့ ထောင်တွင်း ကဗျာဟာ အကျဉ်းသား နိုင်ငံရေးသမားများ ကျောင်းသား လူငယ်များ ကို ပိုပြီး ပြတ်သား နိုးကြား သွေးစည်း လာစေခဲ့တယ်။


ထောင်မှ သူ လွတ်လာပြီးနောက် ချက်ချင်း ဆိုသလို သူဟာ ပြည်သူ့တိုက်ပွဲ မီးတောက် မီးလျှံ ထဲသို့ ပြန်လည် ဝင်ရောက်ခဲ့တယ်။ အလုပ်ရုံ၊ စက်ရုံ ထဲ တိုးဝင်ခဲ့တယ်။ မြို့ပြ ကြီးငယ်ရဲ့ လမ်းမ များ ပေါ် လှည့်ပတ်ခဲ့တယ်။ ကျေးလက်တောရွာ ထဲ ထိုးဆင်းခဲ့တယ်။ စစ်တန်းလျားတွေကြားထဲလဲ တိုးဖေါက် ဝင်ရောက်ခဲ့တယ်။ တဖက်က လူထုကိုစည်းရုံး၊ တဖက်က ကဗျာရေးခဲ့တယ်။ သူဟာ (၁၉၂၀-၁၉၄၁) နှစ် ၂၀ အတွင်း ကဗျာပုဒ်ရေပေါင်း ၃၀၀၀ ကျော်ကို ရေးစပ်ခဲ့တဲ့အပြင် ဝတ္ထု၊ ပြဇာတ်၊ ကလေးစာပေ၊ ဘာသာပြန် နဲ့ စာပေ သဘောတရား များကို ရေးသား ခဲ့ပါသေးတယ်။

သူ့ အရေးအသားနဲ့ အသုံးအနှုန်းတွေဟာ သွက်တယ်၊ ထက်တယ်။ ကြွတယ်၊ လှတယ်။ ထိမိတယ်၊ အားရှိတယ်။ လှိုက်လှဲမှု နဲ့ ဆွဲဆောင်မှု ရှိတယ်။ တိုက်စိတ် ခိုက်စိတ် ရှိတယ်။ အကြောင်းအရာ နဲ့ အမြင် များ သစ်လွင်တယ်။ တော်လှန်တဲ့ စိတ်ကူးယဉ်ဝါဒနဲ့ အကောင်းမြင်ဝါဒ များပြည့်နှက်နေပါတယ်။ သူ့ရဲ့ အရေးအသား တွေဟာ ဘင်္ဂလား ဖွဲ့ ကဗျာ၊ စာပေ ခေတ်သစ်တရပ် ကို ဖွင့်လှစ်လိုက်ပါတယ်။ ဘင်္ဂလားဖွေ့ ရဲ့ ကြီးမြတ်တဲ့ ကဗျာဆရာကြီး တဦး အဖြစ်နဲ့ ပြည်သူများရဲ့ အသိအမှတ်ပြုခြင်းနဲ့ ကြည်ညို လေးစားခြင်းကို ခံခဲ့ရပါတယ်။

၁၉၂၂ ခုနှစ် ဂ လပိုင်းမှာ "ကြယ်တံခွန်" အမည်နဲ့ ဂျာနယ်စဉ်း တအုပ်ကို သူ ဦးစီး ထုတ်ဝေခဲ့တယ်။ အဲဒီစာအုပ်မှာ အိန္ဒိယ စာဆိုကြီး -ရာဘင်ဒြာ နတ် တဂိုး က အမှာ ရေးပေးခဲ့ပါတယ်။ "ဥက္ကာ ပင်လယ်ဝေနေတဲ့ အိန္ဒိယ မြေမျက်နှာပြင် ပေါ်မှာ အောင်မြင်မှု အလံ တလက်ဟာ လွင့်တက်လာပါပြီ။ အိပ်မောကျနေတဲ့ ပြည်သူတွေကို လှုပ်နှိုးနေပါပြီ" လို့ အားပေး ထောက်ခံခဲ့တယ်။ လူငယ်ကဗျာဆရာ နာဇရူး ကို တင်းဝင်းလက်နေတဲ့ "ကြယ်တံခွန်" တလုံး နဲ့ ဥပမာပြုတင်စားခဲ့ပါတယ်။ သူ့ရဲ့ နိုင်ငံတော် နဲ့ အမျိုးသားရေး အတွက် စွမ်းစွမ်းတမံ ရေးသား ဆောင်ရွက်မှုတွေကြောင့် ၁၉၂၉ ခုနှစ် တွင် 'ကာလကတ္တား' မှာ ကြီးကျယ်ခမ်းနားတဲ့ ဂုဏ်ပြုပွဲကြီး တရပ် ကျင်းပခဲ့ပါတယ်။ အဲဒီ ဂုဏ်ပြု အခမ်းအနား ပွဲကြီးမှာ နာဇရူး ဟာ "သူပုန် ကဗျာဆရာ" ဆိုတဲ့ ဂုဏ်ဒြပ် ကို ပေးအပ်ခြင်း ခံခဲ့ရပါတယ်။

ချီးကျူးမှု နဲ့ ဂုဏ်ပြုမှု တွေရဲ့ ရှေ့မှောက်မှာ ဘယ်သောအခါကမှ သူဟာ မာန မကြီးခဲ့ပါ။ စိတ်ထားနှိမ့်ချစွာဘဲ "ကျနော်ဟာ ဘာမှ ပြောလောက်တဲ့ ကဗျာဆရာတယောက် မဟုတ်ပါဘူးဗျာ။ ပြည်သူ နဲ့ အေးအတူ ပူအတူ ရှိနေမှာပါပဲ။ ပြည်သူ့ ဝေဒနာ နဲ့ ပြည်သူ့ မြှော်လင့် တောင့်တချက်၊ ပြည်သူ့ဘဝနဲ့ ပြည်သူ့ အားမာန် တွေ ဖေါ်ကျူးရမှာက ကျနော့်ရဲ့ တသက်တာ အလုပ်ပါ..." လို့ အမြဲပြောခဲ့တတ် ပါတယ်။ အင်္ဂလိပ် ကိုလိုနီ ရဲ့ လက်ကမ်းမှု နေရာချထားမှု ကို လုံးဝ ငြင်းပယ်ခဲ့တဲ့ အတွက်ကြောင့် သူဟာ ကဗျာ စာပေ အမျိုးမျိုး ကို

# ပြည်သူတို့က အကဲခတ်ပါလိမ့်မယ်



ဒီတောင်ကျွန်းအမည်ကို ဆစ်အစိုးရရဲ့ ကျောင်းသားတပ်က မင်းကို အခွဲပြုပြီး မင်းအမည်အတိုင်းသတ်မှတ် ခေါ်ဆိုထားတယ်။ . . တဲ့။ ဒီ တောင်ကျွန်းပေါ်က ကျောင်းသားတွေကို မြန်မာပြည်ကွန်မြူနစ် ပါတီ ရဲ့ ဦးဆောင်မှု အကြွင်းမဲ့ ခံယူထားတဲ့ ဒါတို့ ပြည်သူ့တပ်မတော်က မောင်းထုတ် ပစ်လိုက်ပြီလေ...။အခု ဒီတောင်ကျွန်းပေါ်မှာ ရပ်နေရင်း ငါ မင်းအကြောင်းကို ပြန် စဉ်းစားနေမိတယ်။ ဗိုလ်သင်တန်း ဆင်းစ မြောက်ကြွကြွ နဲ့ မင်း ငါ့ဆီ လာနှုတ်ဆက်တဲ့ ပုံ ကို မြင်ယောင်လာတယ်။ မင်း ကျောင်းသားတပ်တဲဝင် ဘဝမှာ တိုင်းပြည် နဲ့ လူမျိုး ကို ကာကွယ်ဖို့၊ ပြည်သူလူထုကို အလုပ် အကျွေးပြုဖို့ - လို့ ပြောခဲ့တယ် မဟုတ်လား။ တကယ်တန်းကျတော့ ကျောင်းသားတပ်မဟာ တိုင်းပြည်နဲ့ လူမျိုးကို ကာကွယ်ခဲ့တယ် ပြည်သူ လူထုကို အလုပ် အကျွေးပြုခဲ့တယ် ဟုတ်ရဲ့လား။ ဒီမေးခွန်းရဲ့ အဖြေကို ကျောင်းသားတပ်ထဲမှာ ကိုယ်တိုင် ပါဝင် ကပြခဲ့တဲ့ မင်းက ပို သိမှာပါ။ ကျောင်းသားတပ်ဟာ ပြည်သူ လူထုကို အလုပ်အကျွေး ပြုသလား။ ခံနိုင်ကျင့်သလား။ လုပ်အား မတရား ဖိနှိပ် ချေးခွတ်ခံရတဲ့ အလုပ်သမားတွေရဲ့ ၊ တရားမျှတတဲ့ တောင်းဆိုချက်တွေကို သတ်ဖြတ် တဲ့ နည်း၊ ထောင်ချ ညှဉ်းပန်းတဲ့ နည်းတွေနဲ့ ဖြေရှင်းပေးခဲ့တာ မင်းလဲ သိမှာပေါ့။ အဝေ့ ခပါး အလု ခံနေရလို့ ထမင်း ငတ်နေတဲ့ လယ်သမားတွေ ဆန်တောင်းတာကိုလဲ ကျည်ဆန် တွေ အကျဉ်းထောင်တွေနဲ့ဘဲ တုန့်ပြန်ခဲ့တယ်လေ။ ကိုလိုနီ ပညာရေး တလွဲသွား ကျွန်ပညာရေးတွေ သင်ပေး နေ လို့၊ ဒီမိုကရေစီ ပညာရေးကို တောင်းဆိုတဲ့ ပြည်သူလူထုရဲ့ သားသမီး၊ ကျောင်းသားတွေကိုလဲ ရက်ရက် စက်စက် သတ်ဖြတ်ခဲ့တယ်။ ထောင်ချ ညှဉ်းပန်းခဲ့တယ်။ ကျောင်းက ထုတ်ပစ်ခဲ့တယ်။ တခြားလူတန်းစား၊ လူ့အဖွဲ့အစည်းကိုလဲ ဒီနည်းတွေနဲ့ဘဲ ဖိနှိပ် အုပ်ချုပ်ခဲ့တယ်။ ဒါတွေလားကွ....၊ ပြည်သူလူထုကို အလုပ်အကျွေး ပြုတယ် ဆိုတာ..။ ကြယ်မွဲကလေး ပုခုံးပေါ်တင်ပြီး ငါ့ဆီ လာနှုတ်ဆက်တုန်းက "ကျိုင်းတုံဘက်မှာ တာဝန်ကျတယ်" လို့ မင်း ပြောခဲ့တယ် မဟုတ်လား။ အခု ငါလဲ ကျိုင်းတုံဘက်မှာ ရောက်နေပြီလေ။

---

ဘယ်လောက် များများ ရေးသား ခဲ့သော်လည်း ခင်း ဆင်းရဲရဲ ပါပဲ။ ၁၉၄၁ ခုနှစ်မှာ သူပုန်ကများ ဆရာ နာဇရူးဟာ လေဖြတ် ကိုယ်တပိုင်းသေခဲ့ ရပါတယ်။ ဒါပေမဲ့ သူ့ကလောင်ကို သူ မရပ်ခဲ့ပါဘူး။ ၁၉၇၂ ဘင်္ဂလားဒေ့ နိုင်ငံ တည်ထောင်ပြီး နောက်မှာ သူဟာ 'ဒက္ကား' မှာ အတည်တကျ နေထိုင်ခဲ့ပါတယ်။ ၁၉၇၆ ခုနှစ် မေလ ၂၉ ရက်နေ့မှာ ရောဂါနဲ့ သေဆုံးခဲ့ပါတယ်။ သူ သေဆုံးခဲ့ ရပေမဲ့ သူ့ရဲ့ ရေးသားချက်တွေဟာ ဘင်္ဂလားဒေ့ ရဲ့ စာပေ သမိုင်းမှာ ထာဝရ မော်ကွန်း တင်ရစ် နေမှာပါပဲ။

"ကျနော်ဟာ တန်ခိုးရှင် ၊ ဖန်တီးရှင်ကို တခါမှ မတွေ့မြင် ခဲ့ဖူးပါဘူး။ ပြည်သူကိုတော့ ကျနော် တကယ် တွေ့မြင်ခဲ့ရတယ်။ ကျနော် ခိုင် ခိုင်မာမာပဲ ယုံနေတယ်။ တကိုယ်လုံး ရွှံ့စီးတွေ ပေကျံနေပြီး ၊ စိတ်သဘောထား ဖြူစင်တဲ့၊ ဒုက္ခ ပင်လယ်တဲမှာ နစ်မြုပ် ရုန်းကန် နေကြရတဲ့ ပြည်သူတွေသာ မုချ တနေ့မှာ၊ ကမ္ဘာ လောကကြီး တခုလုံးကို ချုပ်ကိုင် ပိုင်ဆိုင်နိုင်လိမ့်မယ်။ သူတို့ တတွေ နေ နေတဲ့ ဒီ မဟာ ပထဝီ မြေပြင် ပေါ်မှာ လူ့လောကရဲ့ နိဗ္ဗာန်ဘုံ တခု ကို ဖန်တီး တည်ဆောက်ကြပါလိမ့်မယ်။" လို့ သူပုန်ကများ ဆရာ နာဇရူးဟာ အသက်ရှင် စဉ်က ပြောကြားခဲ့ ပါတယ်။

ဟုတ်တယ်။ သူပုန် ကများဆရာ နာဇရူး ပြောကြားခဲ့တာ မှန်ပါတယ်။ ကမ္ဘာ့ သမိုင်း ကို ဖန်တီးတဲ့သူဟာ ပြည်သူ များသာ ဖြစ်တယ်။ ပြည်သူသာ အနန္တ တန်ခိုးရှင် ဖြစ်တယ်။ သူ့ရဲ့ တွေး ခေါ် မျှော် မှန်းချက်ဟာ မြေကြီး လက်ခတ် မလွဲ တနေ့ ပေါ်ထွန်းလာရမှာပါပဲ။ ★

[ ညိုဟိန်း ]

ငါကတော့ ပြည်သူ လူထုကိုခေါင်းဆောင်ပြီး၊ စစ် အစိုးရကို တော်လှန် တိုက်ခိုက်နေတဲ့ မြန်မာပြည်ကွန်မြူနစ်ပါတီရဲ့ အလံတော်အောက်ကို လာခဲ့တာဘဲ။ မင့်ကို လူကိုယ်တိုင် မတွေ့ရပေမဲ့ တခါက မင်း အမည်နဲ့ ရှိခဲ့တဲ့ ဒီ တောင်ကုန်းပေါ် ငါ ရောက်တော့ ပြည်သူလူထုကို အလုပ်အကျွေးပြုဘို့ ကျောင်းသားတပ်ထဲ ဝင်ပါတယ် ဆိုတဲ့ မင်းရဲ့ မတန် မရာ စကားတွေ ပြန်ကြားယောင်ပြီး၊ ငါ ပြုံးမိတယ်။ အခုအမှန်က စစ်အစိုးရ ကျောင်းသား တပ်ရဲ့ ပြည်သူလူထု ဆန့်ကျင်ရေး လုပ်ရပ်တွေဟာ အကုန်လုံး ပွင့်ကျ နေပြီဘဲ။ စစ်အစိုးရ အာဏာလုတက်လာပြီး ကတည်းက မြန်မာတပြည်လုံး သူ အုပ်ချုပ်တဲ့ နေရာတိုင်းမှာ သဏ္ဌာန် မျိုးစုံနဲ့ ပြည်သူလူထု ဆန့်ကျင်ရေးတွေ လုပ်ခဲ့တာဘဲ။ ကျောင်းသားတပ် ရှိစဉ်က၊ မင့် အမည် အတိုင်း ခေါ်ဆိုခဲ့တဲ့ အခု ငါရပ်နေတဲ့တောင်ကုန်း ...။ ဒီတောင်ကုန်းရှိရာ နယ်မြေ တဝိုက်မှာ ကျောင်းသားတပ် လုပ်ခဲ့တာတွေ ကိုဘဲ၊ မင်း ပြန်စဉ်းစား ကြည့်စမ်း။ ဒီဒေသမှာ ရှိတဲ့၊ ကျေးရွာ တွေက တိုင်းရင်းသား လူထုကို အတင်း ချောဆွဲပြီး ကူလီ ထမ်းခိုင်းတာ၊ စခန်း ဆောက် ကတုတ်တူးခိုင်းတာ၊ လူထု ဆီက မရှိမဲ့ ရှိမဲ့ ပစ္စည်းတွေ ဆိုးယူတာ၊ လုယက်တာ၊ စိတ် မတင်ရင် မတင်သလို ဖမ်းဆီးတာ၊ ရိုက်နှက်တာ သတ်ပစ်တာ၊ အမျိုးသမီးတွေကို မုဒိမ်းကျင့်စော်ကားတာ၊ ဒါတွေဟာ ပြည်သူ လူထု ဆန့်ကျင် ရေး လုပ်ရပ်တွေဘဲ မဟုတ်လား။ ဒီလုပ်ရပ် တွေကို မခံ မရပ်နိုင်လွန်းလို့ တချို့ဟာ ကျောင်းသားတပ်တွေကိုပြန် တိုက်ဖို့ ပြည်သူ့ တပ်မတော်ထဲ ဝင်ခဲ့ ကြတယ်။ တချို့ဟာ လွတ် မြောက်တဲ့ ဒေသ ဘက်ကို တဦးချင်း အလိုက်၊ အိမ်ထောင် အလိုက် ထွက်ပြေးလာကြတယ်။ တချို့ ဆိုရင် တရွာလုံး ပြောင်းရွှေ့ ခိုလှုံလာကြတဲ့ အထိဘဲ။ ၁၉၇၇ ခုနှစ် နှစ်ဦးမှာ ငါတို့ရဲ့ လွတ်မြောက်တဲ့ ဒေသဘက် ပြောင်း ရွှေ့လာကြတဲ့ ဖါပေ့ လို့ခေါ်တဲ့ အခါရွာ၊ ဆူးဗျေ၊ မန်လုံး၊ မန်နီလီးလို့ ခေါ်တဲ့ ... ယ်းရွာ တွေအနက်က ဖါပေ့၊ ဆူးဗျေ ရွာနဲ့ ၁၉၇၇ ခုနှစ် မတ်လ လောက်က ပြောင်းလာတဲ့ လားလီခေါ် အခါ ရွာ တွေကို ငါရောက်သွားခဲ့တယ်။ ဒီ ရွာသူ ရွာ သား တွေက ငါတို့ ပြည်သူ့ တပ်မတော်သား တွေကို၊ ကျောင်းသားတပ်ရဲ့ ဖိနှိပ် သွေးစုတ်ပုံ၊ ညှဉ်းပန်းနှိပ်စက်ပုံနဲ့ မိုလ်ကျ ရမ်းကားပုံ တွေ အကြောင်း နာနာကျည်းကျည်း ပြန်ပြောပြကြတယ်။ ပြည်သူ လူထုကို အလုပ်အကျွေးပြုမယ်လို့ ခွေး ပါးခဲ့ ကနတ်စကား ထွက်ခဲ့တဲ့ ကျောင်းသားတပ်။ တကယ်က၊ မင်းတို့ သေနတ်ပြ ခြိမ်းခြောက်ပြီး ခိုင်း နေ လို့ ပြည်သူလူထုကသာ မင်းတို့ကို အလုပ်အကျွေးပြု နေရသလိုဖြစ်နေတာပါ။ သူတို့ဟာ အချိန်ရှိသမျှ ကျောင်းသားတပ်တွေအတွက် ကူလီ ထမ်းရတာ စခန်း ဆောက်ရတာ၊ ကတုတ်တူးရတာ၊ မြို့ စည်းရိုးကာ၊ ဝါးချွန် ထောင်ရတာတွေ လုပ်နေရတယ်။ ကိုယ်စားဖို့ စိုက်မျိုးချိန်တောင် မရှိသလောက် မိုစားရမဲ့ သောက်ရမဲ့ ဘဝမျိုး၊ ခိုင်းတဲ့ အလုပ် ကလဲ မနိုင်ဝန်တွေ၊ မနိုင်ဘူးပြောရင်လဲ ရိုက်တယ် ဖိုခိုင်းတယ်။ ဖါပေ့ရွာ လူထုရဲ့ အဖြစ်တွေကို မင်း ကြည့်စမ်း။ ဖါပေ့ရွာဟာ ကျောင်းသား တပ် စခန်း နဲ့ ၁၅ မိနစ် လောက်ပဲဝေးတယ်။ အဲဒီ စခန်းမှာ တနေ့ကို ဖါပေ့ ရွာသူ ရွာသား ၂၀ လောက် နေ့ စဉ် အလှည့်သွားလုပ်ပေးရတယ်။ လုပ်ရတဲ့အလုပ်တွေ က ထင်းခွေ၊ အဝတ်လျှော်၊ ရေခပ် ... ရေခပ် ရတာကလဲ မိုးလင်းကနေ မိုးချုပ်ထိ။ ရေသွား ခပ်ရတဲ့ နေရာကလဲ တောင်အောက် ဆိုတော့ တောင် ပေါ်ကို ထမ်းတင်ရတာ ... ကျောင်းသား တွေချိုးဘို့ ရေက အစ ခပ်ပေးရတယ် ...တဲ့။ ရေခပ် တဲ့ အလုပ်က တနေ့ကို ငါးယောက် လုပ်ရတယ်။ ကူလီ ထမ်းဘို့ ခေါ်တာကလဲ ၄ - ၅ ရက်တခါလောက် တလ - ၄ - ၅ ခါ။ အခါတလေ တလ ကိုးသီ တင်းကြာ တဆက်ထဲ ထမ်းပေး နေရတယ်။ ကူလီ ထမ်းရတာက အဲဒီ စခန်းကနေ ၃ နာရီလောက် ဝေးတဲ့ မိုင်းယူ စခန်းနဲ့ အဲဒီ စခန်းကနေ တရက်ကျော် ခရီး ရှိတဲ့ မိုင်းယောင်း တို့ကို ပစ္စည်း ထမ်းပို့ရတာဖြစ်တယ်။ ရွာသားတွေ ထွက်ပြေး မှာစိုးလို့ ဆိုပြီး ရွာသား တယောက်နဲ့တယောက် ကြား ကျောင်းသား တယောက်စီ ခြားပြီး သွားရတယ် ပြည်သူ့တပ်မတော်က တိုက်ခိုက်လို့ ဒဏ်ရာရတဲ့ ကျောင်းသား၊ သေတဲ့ ကျောင်းသား တွေကိုလဲ ထမ်းပို့ ရသေးတယ်။ ထမ်းစင် တခုကို ရွာသားနှစ် ယောက် တခါတလေ လေးယောက် လောက်ထမ်း ပြီး၊ မိုင်းယောင်းထိ ပို့ရတာပေါ့။ ကူလီ ထမ်း ဘို့ ခေါ်ရင် ရွာမှာရှိတဲ့ ယောကျ်ားအားလုံး သွားရ တယ်။ တခါခေါ်ရင် အနည်းဆုံး ၃၀ လောက်၊ တခါ တလေ တရွာလုံးဘဲ။ ၁၀ နှစ်ရွယ် ကလေး တွေ က စ မသန် မစွမ်း အဘိုးကြီး အဖွားကြီးထိ ပါ တယ်။ ဖါပေ့ရွာသား အသက် ၆၂ နှစ်အရွယ် အဖိုးမြဲရွှေက သူ့ကို ကူလီ ခေါ်ထမ်းခိုင်း တဲ့

အကြောင်း တောက်တခေါက်ခေါက်နဲ့ ငါတို့ ကို ပြောပြတယ်။ ပန္နည်း ထယ်းဖို့ ခေါ်တဲ့ အခါ ပထမ တော့ ရွာသူကြီး ကတဆင့် ခေါ်ခိုင်းတယ်။ နောက် မရတော့ သူတို့ ကိုယ်တိုင် လာပြီး လူရွေး ခေါ် တယ်။ နောက်ဆုံးတော့ ညမှာ ရွာထဲ ဝင်ဖမ်းတဲ့ အထိဘဲ။ ပန္နည်း ထယ်းတဲ့ အခါလဲ ပန္နည်း ကို ကောင်းကောင်း ထယ်း ၊ ထွက်မပြေးနဲ့ ၊ ပြေး ရင် ပစ်သတ်မယ်။ မိုလ်ကြီး ဂျာရင် တယောက် ငွေ ၅/ ပေးမယ် လို့လဲ ကြိမ်ညာသေးတယ်။ တကယ် ကျ တော့ မပေးပါဘူး။ ဒီငွေတွေကို မင်းတို့ မိုလ်ကြီး မိုလ်ကလေး အရာရှိတွေဘဲ ဘုံး ပစ်ကြတာ မ မှတ်လား။ အခ ကြေးငွေ မပေးတဲ့အပြင် ပါသွား တဲ့ ထမင်းထုပ် ၊ လေးတွေ စုစားနေတာကိုတောင် ကြေးစားတွေက ပင်နှိုက်ကြသေးတယ် တဲ့။ ကူလီ ထယ်းရတာနဲ့ ပတ်သက်လို့ လာလီရွာက ရွာသူ ရွာ သားတွေ ပြောပြတာတွေလဲ အများကြီး ပါဘဲ။ သူ တို့လဲ မင်းတို့ ကြေးစား တပ်အတွက် ကူလီ ခဏ ခဏ ထယ်းပေးခဲ့ရတာဘဲ။ ၄-၅ ရက် မနားဘဲ ဆက်တိုက် ထယ်းပေးနေရတာ ။ စခန်းတခု [illegible] တ ခုပို့ပေးရတာလဲ ရှိ ၊ မိုင်းယောင်း ကနေကြေးစား စခန်းတွေထိ ပို့ပေးရတာလဲရှိ ။ တခါသွားရင် အ နည်းဆုံး ၁၀ ယောက်။ တခါတလေ ရွာမှာရှိသမျှ လူအားလုံး သွားရတယ်။ အသက် ၅၈ နှစ်ရှိတဲ့၊ အဖိုး ရေးမာ က ပြောတယ်။ သူ- မိုင်းယောင်း ထိ ပန္နည်း ထယ်းပို့ရတယ်။ လယ်းမချောက် နိုင် တာကို မချောက်နိုင်ရကောင်းလား .. ဆိုပြီး ၊ နောက်က ရိုက်ပြီး အတင်း ပို့ခိုင်းတာ.. တဲ့။ မထယ်းနိုင်လို့ ငိုရတဲ့ သူတွေလဲ အများအပြား။ ငိုရင်. သူများ ခိုင်းရက်နဲ့ မင်း ဘာလို့ မနိုင် ရ သလဲ . လို့ ပြောပြီး ရိုက်ပြန်ရော၊ လူတယောက် ထယ်းရတာက အနဲဆုံး ၁၅ ပိသာ ပိသာ ၂၀ လောက် ။ ၃၁ . မိုးဆို ဆိုရင် တယောက်ကို ၃ နဲ့ထယ်းရတယ်။ ဟမင်း ကျတော့ ကျွေးတာ မ မှတ်ဖူး။ လယ်းမှာ ငမ်းမကောင်းရင်လဲ ခက်ကယ်း ရတာဘဲ။ ဒီလို မနိုင်ဝန် ထယ်းခဲ့ရလို့ [illegible] ပါတဲ့ အတွက် အိမ်ပြန်ရောက်ပြီး မကြာခင် သေခဲ့ ရ တဲ့ သူတွေ ရုံးကျေး ရှမ်းရွာမှာ မနည်းဘူး။ ကဲ မင်းတို့ ကြေးစားတပ်ရဲ့ ဒီ လုပ်ပုံတွေဟာ မြည် သူကို အလုပ် အကျွေး ပြုတာလား။ လုပ်အား ကို သွေးစုတ်ရုံတင်မက ကြေးစားတပ်တွေ ရွာ ထဲဝင် ပြီ ဆိုရင်လဲ ကြက်ဆွဲ ၊ ဝက်ဆွဲ ။ တချို့ကို ခိုးယူတယ်။ တချို့ကို မြောင် လုယူတယ်။ တချို့ ကို နောက်မှ ငွေ ပေးမယ် ဆိုပြီး အလကား ယူ တယ်။ ပိုက်ဆံ ပေး ဝယ်တယ်ဆိုတာက နည်းပါ တယ်။ ပေးတယ် ဆိုတာကလဲ မတန်တဆ တ ကျပ် တမြား လောက် ..။ ယူတဲ့အခါ တခါ တ လေ အရှင်၊ တခါတလေ သေနတ်နဲ့ ပစ်သတ် ယူ တယ်။ လာလီ ရွာက ဆိုရင် ကြက်တွေကို မိုင်းယူ မိုင်းယောင်းထိ ရွာသူ ရွာသား တွေ ကိုယ်တိုင်ထယ်း ပို့ရတယ်။ အဲဒီ နား တဝိုက်က ရွာတွေမှာ ကြက် တွန်သံ မကြားရ လောက်အောင် ဖြစ် နေတယ်။ ဝက် ဆိုရင်လဲ ရှိသမျှ ကုန်သလောက်ဘဲ။ တကြိမ် တဲ လာလီရွာက ဝက် ၁၇ ကောင်ကို လာယူ သွားဘူးတယ်။ ကျွဲ ၅ ကောင်လဲ တခါ တဲ ဖမ်းသွားတယ်။ ပြီးတော့ ပစ်သတ် စားကြတယ် လေ။ လာလီ ရွာသူကြီး သောမူး က ပြောတယ်။ ကြေးစား တပ်က သူတို့ရွာက ကြက်၊ ကြက်ဥ တွေ ခိုးတဲ့ အပြင် ဝက်တွေလဲ မကြာခဏ ဖမ်း ပို့ ခိုင်းတယ်။ မပို့နိုင်လို့ အရိုက်ခံရတာကလဲ အ ကြိမ်ကြိမ်ဘဲ။ .. တဲ့ ။ ရွာသူ ရွာသားတွေကလဲ ဦး [illegible] အိမ်က ကြက် ဘယ်လောက်၊ ဦး အိမ်က ဝက် ဘယ်လောက် ခိုးခံရတယ် ၊ အလုခံရတယ်... ခဲသ မြင့် အသီးသီး ငါတို့ကို ပြောပြကြတယ်။ တချို့ဆို မရေ မတွက်နိုင် လောက်အောင်ဘဲ တဲ့။ ဒို့ အ မြင် ငွေလဲ ခိုး ၊ ပန္နည်းလဲ ခိုး ၊ တခါက ဖါမေ့ ရွာ ကို ကြေးစားတပ် ဝင်လာပြီး ငါတို့ အိပ်ဖို့ နေရာ မရှိဘူး ။ ဒါကြောင့် မင်းတို့ ရွာပြင် ထွက်အိပ်ကြ- ဆိုပြီး တရွာလုံး ရွာအပြင် ယောင်းထုတ် ပစ် တယ်။ ရွာသူ ရွာသား တွေ မရှိတော့မှ ကြက် ဝက်နဲ့ ရှိသမျှ ပန္နည်းတွေ ခိုးယူကြတယ် . ။ ကြောင် က အခ သတ်စားကြတယ်။ ဖိနပ်က အခ ယူတယ်။ ထမင်း အိုးတွေ သယ်သွားတယ်။ မ သယ်နိုင်တဲ့ ဒယ် အိုးတွေကို ဖောက်ပစ်ကြတယ် ကြည့်ခဲ့ ... မင်းတို့ ကြေးစားတပ်ရဲ့ ယုတ်မာ ပုံတွေ .... ။ ရွာသူရွာသားတွေရဲ့ ရှိစုမဲ့စု အ ဝတ်အစားတွေကိုလဲ ယူတာဘဲ။ တချို့ကို ပြန် ရောင်း စားတယ်။ တချို့ကျတော့ တခြား ရွာက အ မျိုး သမီးတွေ ကို ဖျား ယောင်း ဖျက်ဆီးဖို့ လက် ဆောင် အဖြစ် ပေးရအောင်ပေါ့။ စေတနာရှိ လို သူတို့က ဝယ်ပေး သယောင် နာမည်ကောင်း ယူ တတ်ကြသေးတယ်။ လူထု ကတော့ မင်းတို့ ကြေး စားတပ်ရဲ့ ကလိန် ကျ ပုံ တွေကို သိပြီး သား ပါ။ အရင်က ဆိုရင် သိပေမဲ့ မပြောရဲကြဘူး။ အခုတော့ လွတ်မြောက်တဲ့ ဒေသထဲ ရောက်ပြီမို့ ကြေးစား

ဟယ်ရဲ့ အပုပ်အသိုးတွေကို မှုန့်ချနိုင်ကြပြီလေ။ သူတို့ ပြောမပြကြတဲ့ အထဲက ဖါဖေ့ ရွာသူကြီး ဦးစံ ရဲ့ အမြှုပ်က ဘယ်လောက်ရင်နာစရာ ကောင်းလိုက်သလဲ။ သူတို့ ပြောင်းမလာခင် တလလောက်က ဖြစ်ခဲ့တာ ..တဲ့။ မတမ ဂျိုးခံစံ ကိုကျောင်းသား စခန်းလာတဲ့ ဘို ခေါ်လိုက်တယ်။ နောက် ဖမ်းသွားလိုက်တယ်။ သူတို့ ခိုင်းတဲ့ တာဝန် မကျေပြွန်လို့ ဆိုဘဲ။ ၅ ရက်လောက် အကြာမှာတော့ သတ် ပစ်လိုက်တယ်။ အခုပိုင်းမှာ ရွာသူ ရွာသား တွေက၊ ဒီ အကြောင်းကို မသိသေးတော့ သူကြီးပြန် မလာ - မလာနဲ့ ကျောင်းသား စခန်းဆီ သွားပြီး မေးကြတာပေါ့။ ကျောင်းသားတွေက သူကြီး ဖိုင်းပေးသွားတယ် ပြောလို့ပြော၊ ပြန်လွှတ်လိုက်ပြီ... ရွာ ပြန်မရောက်သေးဘူးလား -လို့ မသိဟန် နဲ့ ငြင်းလိုငြင်း၊ မယာမြည် ကျွန်မြူနစ်ပါတီ ဂျိုကျာ၊ လွတ်မြောက်ဒေသကို ထွက်ပြေးပြီ လို့ မျက်နှာပိုး သေသေနဲ့ ညာလို့ညာ၊ မင်းတို့ ကျောင်းသားတပ်ရဲ့ မြေခွေးဥာဏ်နဲ့ ကောက်ကျစ်ပုံတွေလေ...။ လာလီ ရွာသူကြီး ဆောမူး နှိပ်စက် ညှင်းပန်း ခံရပုံ တွေလဲ ကြည့်အုံး။ ကူလီ လိုတဲ့ အခါတိုင်း သူကြီး ဆောမူးကို မင့်ရွာက ကူလီ ဘယ်နှဘယ်မျှ ပေးရမယ် လို့ ခိုင်းတယ်။ သူတို့ တောင်း သလောက် မရရင် သူကြီး ကို ရိုက်တော့တာဘဲ ။ တလ အတွင်း ၃ ကြိမ် အရိုက်ခံရတာတော့ရှိတယ်။ တခါတော့ ရိုက်ရုံနဲ့ အားမရဘဲ အမြန် ပေးတာ ဆိုပြီး အလေးဆုံး သေနတ်ကြီး တခုကို နှစ်နာရီ ခရီးဝေးတဲ့ မြစ်ဆီ ရွာအထိ အထမ်း ခိုင်းသတဲ့။ ငါတို့ ဘက် ပြောင်းမလာခင်ကလေးမှာ ကျောင်းသား တပ်က ကူလီ ခေါ်တာ ညကြီးမို့ မနက်မှ သွားကြတယ်။ ညတွင်းချင်း မလာရကောင်းလား ဆိုပြီး ကျောင်းသားတပ်စု တစု လော်က်ယား၊ သူမဲ့ အတူ အာကျေ၊ အိချေး၊ ကိုဆောင်နဲ့ ဆိုးဆော် တို့ကို ကျောင်းသား စခန်းဆီ ဖမ်း ခေါ်သွားတယ်။ သူကြီး ဆောမူးကို သံကြိုးနဲ့ ချည် ခေါ်လာတာ... တောထဲမှာ သူ့ကို ကျောင်းသားတွေက ရိုင်ဖယ်ကို ကာဘိုင် တလက်၊ နောက်ကျောကို ကာဘိုင်တလက်နဲ့ ချိန်ထားတယ်။ နဲ ဘေးနှစ်ဖက်ကလဲ ဓါးမြှောင် တလက်စီနဲ့ ထောက်ထားသေးတယ်။ ဟော့ကောင် - မှန်မှန် ဖြေစမ်း၊ ညက ဘာလို့ ချက်ချင်း မလာ သလဲ ? မှန်မှန် မဖြေရင်တော့ သတ် ပစ်လိုက်မယ် လို့ ခြိမ်းခြောက်တယ်။ ညက မိုက်နေလို့ပါ လို့ ဖြေတော့ - အခုတော့ ဘာကြောင့်မနာသလဲ၊ မီးလိုက်တာဘဲ ဆိုပြီး ကျောင်းသား တယောက် က ကာဘိုင် ဒင်နဲ့ ပုခုံး ကို ၄ - ၅ ခါလောက် ဆောင့်တော့တာဘဲ။ သူတို့ကို ဒါသလို နှိပ်စက်တော့ လမ်းမှာ ဆိုးဆော် ဟာ ကျောင်းသား တွေ အလစ် ထွက်ပြေးပါလေရော ။ ကျောင်းသားတွေက သေနတ်တွေ ၂ လက်နဲ့ ပစ်တာ၊ ခေါက် စိန်ပြောင်းတွေ နဲ့ ဝိုင်းပစ်ကြတော့ အတော် ဝေးဝေး ရောက်မှ ဆိုးဆော် မြေတောက်ကို ထိသွားတယ်။ ဒါပေမဲ့ လွတ်မြောက်တဲ့ဒေသဘက်ထိ လွတ်အောင် ပြေးလာ နိုင်ခဲ့တယ်။ ငါတို့ဘက် ရောက်တော့ ပြည်သူ့တပ်မတော် တပ်ဖွဲ့ ငယ်တဖွဲ့နဲ့ တွေ့ပြီး သူ့ကို ဆေးတခိုက် ဗြဝဲ ဆွဲထုတ် ပေးကြရတယ်။ ဗမာပြည် ကွန်မြူနစ်ပါတီနဲ့ ပြည်သူ့တပ်မတော် ရှိလို့သာ အခုထိ သူ အသက်ရှင် နေရတာပါ လို့ ငါတို့ကို ဆိုးဆော် က ဝမ်းသာအားရ ပြောပြတယ်။ ကျန်ရစ်တဲ့ ၄ ယောက် အကြောင်းကို သူကြီး ဆောမူး က ဆက်ပြောပြတယ်။ ဆိုးဆော် ထွက်ပြေးတာ သေနတ်တွေနဲ့ လိုက်ပစ်ပြီး ပြန်လာတော့ ဟို ကောင်ကိုပစ်သတ်ခဲ့ပြီ၊ မင်းတို့လဲ သတ္တိရှိရင် ထွက်ပြေးကြအုံးလေ ..လို့ ခြောက်လှန့်တယ်။ ဆိုးဆော် ကျကျန်ရစ်တဲ့ လွယ်အိတ် ကိုလဲ သူတို့ယူ လိုက်ကြတယ်။ လွယ်အိတ်ထဲမှာ ရေဒီယို၊ ဘာလျာတို့ ပါတာကိုး။ သူတို့ ၄ ယောက် ကျောင်းသားစခန်းကို ရောက်တော့ မြေကျင်း ၃ ခုထဲ မှာ၊ သည်ခွဲ ပိတ်ထားလိုက်တယ်။ မြေကျင်းက ၇ လက်တဲ့ဖောင် ခွဲလောက် နက်တယ်။ အပေါ်မှာ သစ်တုံး ဖျာစုနဲ့ ပိတ်ထားတယ်။ မြေကျင်းထဲမှာ ပြေကား ပေါစ်တွေလဲ လုပ်ထားသေးတယ်။ အိပ်တော့ မြေကြီး ပေါ်မှာဘဲ။ အဲသလို မြေကျင်းထဲမှာ ထားတာ သူကြီး ဆောမူး ကို ၇ ရက်၊ ကျန် ၃ ယောက်ကို [illegible] ရက် ။ ရောက်တဲ့ နေ့က ထမင်း မကျွေး [illegible] နေ့ နေ့လည်မှ ကျွေးတယ်။ ဖမ်းထားတဲ့ ရက်ပိုင်း အတွင်း တနေ့ တနပ်။ ခုတ်ယ နေ့မှာဘဲ ဟင်း ပေးဘူးပြီး ကျန်ရက်တွေကတော့ ထမင်းချည်းဘဲ။ တခါ [illegible] လောက် ပေးတယ်။ [illegible] ညှင်း [illegible] နောက် ပြန်လွှတ်လိုက်တော့ နောက်တခါ [illegible] တောင်းရင် ၊ အသား တောင်းရင် တောင်း [illegible]

လောက်ပေးကြ - လို့ ဟိန်းဟောက်မောင်းမဲ လိုက်သေးတယ်။ ဒီလို အဖြစ်မျိုးဟာ မင်းတို့ကျောင်းသားတပ်တွေ ရောက်ကထဲက အစဉ်တစိုက် ဖြစ်ခဲ့တာဘဲ။ အသက် ၄၃ နှစ်အရွယ် ချေခေါင်က လွန်ခဲ့တဲ့ ၂ နှစ်က သူခံစားခဲ့ရတာတွေကို ပြန်ပြောပြတယ်။ ဖါးဖွေ့ရွာကနေ မန်လုံးရွာဘက် ထင်းခွေ အသွား ကျောင်းသား တပ်သားတွေက သူ့ကို မသင်္ကာလို့ ဖမ်းခေါ်သွားပြီး၊ သားဆိုရွာမှာ ၃ ရက် မြေကျင်းတဲ ထည့်ရိုက်တယ်။ နောက် - မိုင်းယု ကိုခေါ်သွားပြီး၊ ၅ ရက် မြေကျင်းတဲ ထည့် ရိုက်ပြန်တယ် ..။ မိုင်းယု မှာ သူတို့ ရွာသား ၅ ယောက်လဲ သူလိုဘဲ ရိုက်နှက်စစ်ဆေး ခံနေရတယ်။ အဲဒီ ထဲက နှစ်ယောက်ဟာ ပြင်းပြင်းထန်ထန် အရိုက် ခံရပြီး၊ အသက် ၂၅ နှစ်ရွယ် လှဖြိုး ကတော့ သေတဲ့ အထိဘဲ။ နှိပ်စက်နည်းတွေကလဲ စုံလို့။ ဒါးအောက်မှာ တုံးတတုံး၊ ဖိုက်ပေါ်မှာတုံး တတုံး၊ လည်ပင်းပေါ်မှာ တုံးတတုံး ချည် ထားပြီး ပါးစပ်ထဲ ရေ၊ ဆားရေ၊ ငရုပ်သီးရေ - စတာတွေ လောင်းထည့် တာမျိုး၊ မျက်.. ကို မီး ကြိုးခဲနဲ့ ထိုးတာမျိုး၊ လူကို လက်တီးကပ်တိုင် မှာ ကပ်ချည်ထားသလို ချည်တုပ်ပြီးမှ ရိုက်တာမျိုး၊ နူးလွှေ ရှမ်းရွာမှာ ကျောင်းသားတပ် ရွာဝင်လာပြီး၊ အမျိုးမျိုး ရိုက်နှက် ညှင်းပန်းလို့ အရိုက်ပြန်း၊ အရိုက်ဆူ၊ အရိုက်တန်းတွေ သေခဲ့ရတယ် ။ လွန်ခဲ့တဲ့ တနှစ်ကျော်ကာလ ကျောင်းသားတပ် က ဖမ်းပြီး၊ ပါးစပ်ထဲ ရေလောင်းထည့်တာ၊ တုတ်နဲ့ ရိုက်တာ ခံရတဲ့ ဖါးဖွေ့ရွာသား အသက် ၂၂ နှစ်ရွယ် ဆန်ခေး ဆိုရင်လဲ အခုထိ အလုပ်မလုပ်နိုင်သေးဘူး။ အဲဒီတုန်းက သူ အပါအဝင် ရွာသား ၁၅ ယောက်ကို တလကြာ ဖမ်းပြီး နှိပ်စက်တယ်။ ရွာပေါင်းကနေ ကျောင်းသား တပ်စခန်းနား ရွာပြောင်း ဆိုင်းတာကို ငြင်းဆန်လို့တဲ့လေ။ ကျောင်းသားတွေက အဲဒီရွာသားတွေကို မင်း တို့ဟာ ကွန်မြူနစ်ဖက် မြေးမယ့်ကောင်တွေ မဟုတ်လား၊ ကွန်မြူနစ်တွေ တိုက်တာ ငါတို့ ခကခက ခံနေရတယ်။ မင်းတို့ ရွာမှာ ကွန်မြူ နစ်တွေ ရှိတယ်။ ကွန်မြူနစ်တွေ ဖွက်ထားတယ် ။ ကွန်မြူနစ်တွေ ခေါ်ပြီး ထမင်းကျွေးထားတယ်။ ငါတို့ သေရတာ မင်းတို့ကြောင့်ကွ " လို့ ဒေါသတကြီးနဲ့ ခဲဆိုတော့တာဘဲ။ ပြီးတော့ ရွာသားတွေကို မြေကျင်း ထဲမှာ ထည့်ထားပြီး တနေ့ ၃ ခါ တုတ်ရိုက်တယ်။ ထမင်းလဲ နဲနဲ ဘဲ ကျွေးတယ်။ ကျွေးရင်လဲ မနက်ဖြန် ထုတ်သတ်မှာမို့ ကျွေးတာ၊ ဝဝစားဝအားကြ လို့ စိတ်ဆင်းရဲအောင် ပြောတတ်သေးတယ်။ ဒီလိုမင်းတို့ကျောင်းသားတပ်ရဲ့ ပြည်သူ ဆန့်ကျင်ရေး၊ ကွန်မြူနစ်ဆန့်ကျင်ရေး နဲ့ ပတ်သက်ပြီး လားဟိုရွာသား ၊ မာဂျောန် ကလဲ သူကြုံရသမျှတွေ ပြန်ပြော ပြတယ်။ ၁၉၈၅ မိုင်းပါလ္လ၊ ကျိုင်းလတ် က ကျောင်းသားတွေကို ငါတို့ ပြည်သူ့တပ်မတော် က ချေမှုန်းပြီး ပြန်အလာ သူတို့ရွာမှာဝင်နားဘူးတယ်။ ပြည်သူ့တပ်မတော်သားတွေက ဖိနပ်မရှိတဲ့ ရွာသူရွာသားတွေကို သူတို့ ဖိနပ်အပိုတွေ ပေးကြတယ်။ ကျောင်းသားတပ်က ပြည်သူ့တပ် မတော်သားတွေရဲ့ နောက်ကို ဖိနပ် ခြေရာခံ ပြီး လိုက်လာတော့ ရွာသူ ရွာသား တွေက သူတို့ ခြေရာတွေပါလို့ လိမ်ပြောကြတယ်။ သူတို့ စီးထားတဲ့၊ ပြည်သူ့တပ်မတော် သားတွေ ပေးသွား တဲ့၊ ဖိနပ်တွေကိုလဲ ပြကြတယ်။ ပြည်သူ့ တပ်မတော်ကို သူတို့ တတ်နိုင်တဲ့ နည်းနဲ့ အကာအကွယ် ပြုကြတာဘဲ။ ဒါပေမဲ့ ကျောင်းသားတပ်က ရိပ်မိ ပြီး၊ ဒါတွေဟာ ကွန်မြူနစ်တွေ ပေးတာ မဟုတ်လား။ ကွန်မြူနစ်တွေဟာ မင်းတို့နဲ့ အတူ နေတယ် မဟုတ်လား။ .. ဆိုပြီး ဖမ်းတော့တာဘဲ။ မာဂျောန် ကို ပလပ်စတစ်ကြိုးနဲ့ လက်ပြန် ကြိုးတုပ်ပြီး၊ ၃ ရက် စစ်တာ လက်တွေလဲ ကြိုးတုပ်တဲ့ဒဏ်ကြောင့် အသားနီလန်၊ ယောင်ကိုင်းလာတယ်။ အခု- ကွန်မြူနစ်တွေ မင်းတို့ ရွာမှာ ရှိတယ် မဟုတ်လား ။ ၂ ဖွဲ့ လေကွာ ...။ ဟာ ဖွဲ့က ဖါးဖွေ့ဘက်၊ တဖွဲ့က နောင်ကောင်ဘက်က လာတာလေ... ငါတို့ သိပြီးပြီ၊ မင်းတို့သာ ရိုးရိုးသားသား ပြော၊ မဟုတ်ရင်တော့ အသတ်ဘဲ ... လို့ ကြိမ်းတယ်။ သေနတ်နဲ့ ချိန်ပြီး ပစ်မယ် တကဲကဲ လုပ်ပြတယ်။ သေနတ် ၄ ချက် မိုးပေါ် ထောင်ဖောက်ပြတယ်။ ဒါပေမဲ့ ပြည်သူ့တပ်မတော် အပေါ် သစ္စာရှိရှိနဲ့ အဖြေ 'ဘူး' ခံပြီး ငြင်းကြတယ်။ အမှန်က သူတို့ အဖမ်းခံရတဲ့ အချိန်အထိ ရွာမှာ ပြည်သူ့ တပ်မတော်သားတွေ တပ်ပျောက် နေကြတယ်။ ကဲ...အဲဒီသာ မင်းကြည့်ပေတော့။ ဖမ်းပြီး ညှင်းခံ တဲ့ ၇ ရက် အတွင်းမှာ ထမင်း အငတ်ထားပေမဲ့ သူတို့ နဲနဲမှ မဖြုံခဲ့ကြဘူး။ ငါတို့ ပြည်သူ့တပ်မတော်သာ သူတို့ တပ်ဖြစ်တယ်။ ... ဆိုတာ ၊

လူထုက ရဲရဲဝံ့ဝံ့ ပြလိုက်ကြတာလေ။ နောက်တ
ကြိမ် ဒီလိုဘဲ။ ကျောင်းသား တပ်စခန်း တခု မှာ
ငါတို့ ပြည်သူ့တပ်မတော်ရဲ့ တိုက်ခိုက်မှုကို ပြင်း
ပြင်း ထန်ထန် ခံရပြန်တယ်။ ဒါနဲ့ မာချောန်ကို
ကြက်ဥ အလုံး ၂၀၊ ကြက် ၅ ပိဿာ၊ ဘဲ ဝက်
၂ ပိဿာ ကျော် ယူပြီး၊ သူတို့ဆီလာခဲ့ ' ညီ
ကျောင်းသားတွေက ခေါ်လိုက်တယ်။ သူနဲ့အတူ၊
ရွာသား ၁ ယောက်ရယ်၊ ချို့အား ရွာသူကြီး
ရယ် ... အတူသွားကြတယ်။ ရောက် တာနဲ့၊
ဘာမပြော ညာမပြော ဖမ်းချုပ်တာဘဲ။ ဖါး
ပါ ရွာသူကြီးနဲ့ ကျောင်းသားတပ်က မဖွဲ့မနေ
ရ ဖွဲ့ပေးထားတဲ့ ပြည်သူ့စစ်တွေကိုတော့ သူ
တို့ မရောက်ခင်ကတည်းက ဖမ်းထားပြီးပြီ။ ဖမ်း
ထားတဲ့ သူတို့ အားလုံးကို ကျောင်းသားတွေက မင်း
တို့ကို ဖမ်းတာ ပေးထားတဲ့ တာဝန်တွေ သေ
သေချာချာ မထမ်းဆောင်လို့ဘဲ။ ကျွန်မြေ နှစ်
တွေ ဦးကို လာတိုက်မယ် ဆိုတာ မင်းတို့ သ
တင်းလာ မပေးကြဘူး။ ကျွန်မြေနှစ်တွေ မှာ
ဒီကောင် လူမျိုးတွေဘဲ ။ မင်းတို့လဲ ဒီကော
တွေဘဲ၊ အတူတူဘဲ ။ ဒါ့ကြောင့် ဖမ်းတာကွ
လို့ ပြောသတဲ့။ အဖမ်းခံရတဲ့ သူတို့ တဲမှာ
မားပါရွာက ပူဆောင်း ခံရတာ အဆိုးဆုံး
ဘဲ။ သူ့အိမ်မှာ ပြည်သူ့တပ်မတော်သားတွေရဲ့
ပစ္စည်းတွေ ဖွက်ထားပေးတယ် လို့ ထုပ်ချ ပြီး
ပေါက်တူးနဲ့ ရက်ရက်စက်စက် ခုတ်သတ်တာ
ခံလိုက်ရတယ်လေ။ ဒီလိုနဲ့ ပြည်သူ လူထု ရဲ့
သွေးကြွေးတွေမှာ မင်းတို့ ကျောင်းသားတပ် အ
ပေါ် တင်ပြီးရင်း တင်ရင်းဘဲ။ မာချောန် သူ့
အကြောင်း ဆက်ပြောတာက သူ့ကိုဖမ်းပြီး မင်း
ပါ ကျွန်မြေနှစ်တွေ အတွက် အလုပ်လုပ် ပေး
တယ်။ သတ်ပစ်ရမယ် လို့ ကျောင်းသားတွေက
ပြောထားသတဲ့။ ၄ ရက်တိုင်တိုင် သူ့ကို ကြိုး
နဲ့ တုပ် ထားတယ်။ ၄ ရက်မြောက်ညမှာ မ
နက်ဖြန် မင်းကို သတ်မယ် လို့ လာပြော
တယ်။ အမှန်က သူ့ဆီက ပြည်သူ့ တပ်မ
တော်ရဲ့ လျှို့ဝှက် သတင်းတွေ ထွက်လာမလား
လို့ ခြိမ်းခြောက်ပြားအောင် လုပ်တာဘဲ။ သူတို့
တင်သလို မရတဲ့ အခါမှာ ၅ ရက်မြောက် နေ့
မှာ မာချောန် ကို ပြန်လွှတ်လိုက်တယ် ။
အေး အေး ဆေးဆေး တော့ မဟုတ်ဘူး။ မော်
တာဆံ ၈ လုံးကို ရွာထဲ ထမ်းခိုင်း တယ် ။
ရွာ ရောက်တော့ နောက်တပ် ရွာသား သုံး
ယောက်ကို ဖမ်းသွားပြန်ရော။ အရင် တခါ
မော်တာဆံတွေ ထမ်းခိုင်းတုန်းက ထွက်ပြေး
သွားလို့ တဲ့။ ပြည်သူ လူထုမှာတော့ မင်းတို့ -
ကျောင်းသားတပ်ရဲ့ ရှေ့ခန်းတွေမှာ အဖန်တလဲလဲ ခံ
နေရတော့တာဘဲ။ အဲဒီထဲမှာ အမျိုးသမီးတွေ
ဘဝ ကတော့ ပိုဆိုးတာပေါ့။ အမျိုးသမီးတွေ
ကို ကျောင်းသားတွေက အဓမ္မ သိမ်းပိုက် ကြ
တယ်။ သွေးဆောင် ဖျက်ဆီး ပစ်ကြတယ် ။
မုဒိမ်းကျင့် ကြတယ်။ သူတို့ သဘောကျရင် အ
ပျို အအို ရွေးတာ မဟုတ်ဘူး။ ဟါမော့ရွာက
မုဒိမ်းကျင့် ခံရတဲ့ အခါ အမျိုးသမီး တ
ယောက်ဆိုရင် ကလေး ၅ ယောက် မိခင်ဘဲ။
ကျောင်းသား စစ်သား ၃ ယောက်က အဲဒီ အမျိုး
သမီး မြောင်းခင်း အသွားမှာ မုဒိမ်းကျင့်လွှတ်
လိုက်တယ်။ အမျိုးသမီးက အိမ်ပြန် ပြေးတော့
ဒီကောင်တွေက ရွာထဲ လိုက်လာပြီး၊ ရွာသူ ရွာ
သားတွေကို မင်းတို့ ရွာက မိန်းမ တယောက်
ဦးကို ကြောက်လို့ ထွက်ပြေးသွားတယ်။ ဦးက
ဘာမှ မလုပ်ဖူးနော် လို့ ဘာမှ မဖြစ်သယောင်
အရှက်မရှိ ညာသွားတယ်။ ကျောင်းသားတပ် ရွာ
တွေကို လာရင်လဲ ညမှာ နင်းနှိပ်ဖို့ ဆိုပြီး၊
အမျိုးသမီး ၄- ၅ ယောက် အမြဲခေါ်တယ်။
အနင်းအနှိပ်ခံ မိမယူ ယုံမက အဲဒီအမျိုး သ
မီးလေးတွေကို ခေါ်ထားပြီး မနက်မှပြန်လွှတ်
တာချည်းဘဲ။ ပစ္စည်း ထမ်းဖို့ ခေါ်ထားတဲ့ အ
မျိုး သမီးတွေ ကိုလဲ ဒီအတိုင်းဘဲ ။ မိုက်မိုက်
ရိုင်းရိုင်း ဆက်ဆံ ကြတယ်။ အမြင်းအဆန်ပြင်း
ဆန်မိတဲ့ အမျိုးသမီးတွေ ဆိုရင် ရိုက် နှက်
တာခံရတော့တာဘဲ။ တချို့ အမျိုးသမီးတွေဆို
ရင် အသတ်ခံရတဲ့ အထိဘဲ။ လာကီရွာက အဖိုး
ချမြိုး ပါ ညွှန်ခဲ့တဲ့ ၂ နှစ်ကျော်က ဖြစ်ခဲ့
တဲ့ သူ့သမီး ဝူတူရဲ့ အဖြစ်ဆိုးကို ကြေကွဲ
စွာ ပြောပြတယ်။ အဖိုးချမြိုး သမီး ဝူတူ ဟာ
အသက် ၁၈ နှစ် အရွယ်ဘဲရှိသေးတယ်။ တ
နေ့မှာ ကျောင်းသားတပ်က ဝူတူ ကို မုဒိမ်းကျင့်
ဖို့ အကြံနဲ့ အဖိုးချမြိုးတို့ အိမ် လာပြီး၊
ကူလီ ထမ်းဖို့ ခေါ်တယ်။ တလောကဘဲ ကျောင်းသား
တပ်ဖွဲ့ တဖွဲ့က ကူလီ ခေါ်သွားတယ်။ အခု လူ
မကျန် တော့ဘူး လို့ အဖိုးက ပြန်ပြော လိုက်
တယ်။ အဲဒီတော့ ကျောင်းသား ၁ယောက်က - အ
ခုလေးတင် ရေလာခပ်တဲ့ ကောင်မလေး နှစ်
ယောက်ဟာ ခင်များ ကြီးသမီးတွေမဟုတ်လား။

လို မေးတယ်။ အဖိုးက မပြောတတ်ပါဘူး။ သူများမြိန်း မတွေ့ပါ၊ ဒီအိမ်မှာတော့ တကယ် မရှိတော့ပါဘူး၊ လို့ လိမ်ပြောပေမဲ့ မရဘူး။ ကျောင်းသား စစ်သား က ရှိကိုရှိတယ်။ အိမ်ထဲ ဝင်ရှာရမလား ဆိုပြီး အတင်း ဝင်ရှာပါလေရော။ သမီးတွေကို အိမ်ပြင်မှာ ကြိုတင် ရှောင်ခိုင်းထား ပေမဲ့ နောက်ဆုံးတော့ ဘူတူ အပျော်သွားနေတုန်း ရှာတွေ့ သွားတယ်။ ကျောင်းသား စစ်သားက ဘူတူကို အတင်း ဝင်ဆွဲတာနဲ့ ဘူတူက ကျောင်းသား စစ်သားရဲ့ မျက်နှာကို တအား ရိုက်ပြီး ထွက်ပြေးတယ်။ အိမ် တအိမ်ထဲ ရှေ့ပေါက် ကဝင်၊ နောက်ပေါက်ကထွက်ပြီး ရွာပြင် ကို တအား ပြေးတော့တာဘဲ။ လယ်က နှစ်လယ် ရှိတဲ့ အနက် ဘူတူ က အောက်လယ်ဒအတိုင်း ပြေးဆိုတယ်။ ဒေါသယမ်း အိုး ပေါက်ကွဲနေတဲ့ ကျောင်းသား စစ်သားက အပေါ်လယ်း အတိုင်း ပြေးလိုက်ပြီး ကာဘိုင်နဲ့ ပြေယ်းပစ်တယ်။ ဘူတူရဲ့ ဘယ်ဘက် ရင်အုံ က ကျည်ဆံဝင်၊ တင်ပါးက ထွက်ပြီး နေရာမှာဘဲ ပွဲချင်းပြီးသေသွားခဲ့တယ်။ စစ်အစိုးရ လက်ထက်မှာ ဒီလို အဖြစ်မျိုးဟာ အမျိုးသမီး တွေအဖို့ အထပ်တပ်ကြုံတွေ့နေရတာဘဲ။ ဒါတွေ အားလုံး မင်းလဲ အ သိပါ။ အထက်က ငါပြောပြတဲ့ အဖြစ်အပျက်မျိုးတွေဟာ မင်းတို့ ကျောင်းသား တပ်ထဲမှာ နေ့စဉ်လို ဖြစ်ပျက် နေကြ ပါလေ...။ အဖြစ်အပျက်တွေ ချည်းသာ ပြောရရင် မင်းက စုံစုံ လင်လင် ပိုပြော နိုင်အုံးမယ်။ ဒါပေမဲ့ ဖြိုလိုက်ရင် ဒီလုပ်ရပ် တွေအားလုံးဟာ စစ်အစိုးရ ကျောင်းသားတပ်ရဲ့ ပြည်သူ လူထု ဆန့်ကျင်ရေး၊ ကွန်မြူနစ် ဆန့်ကျင်ရေးတွေဘဲ မဟုတ်လား။ ဘယ်မှာလဲကွ - ပြည်သူ လူထုကို အလုပ် အကျွေးပြုတဲ့လုပ် ရပ် -။ တခု တလေမှ ပြစရာ ရှိရဲ့လား။ ချစ်တီးပေါင်း သန်းရာချီ တောင်မှ ရကောင်း ရအုံးမယ်။ ဒါကြောင့်လဲ မင်းတို့ ကျောင်းသား တပ်စခန်းနားက ရွာတိုင်းဟာ အဲဒီ စခန်းတွေနဲ့ ဝေးရာကို ပြေးသွား - ပြောင်း ရွှေ့နေကြတာဘဲ။ မပြောင်းရွှေ့ နိုင် သေးတဲ့ သူတွေ ဆိုရင်လဲ ကျောင်းသား တပ်တွေလာတိုင်း တောထဲမှာ သွား ပုန်း နေကြရတယ်။ လာဂီ ရွာမှာ တရွာလုံး တောထဲ သွားပုန်း နေဘူးတာ ၂ ခါ ရှိသတဲ့။ ဒါတွေကြောင့် ကျောင်းသား တပ်စခန်း နဲ့ နီးနီး ဝေးတဲ့ ရွာတွေ ဆိုရင် သူတို့ စခန်း နား ကို သေနတ်ပြ ခြိမ်းခြောက်ပြီး ရွှေ့ခိုင်းတယ်။ ငါ တို့ လွတ်မြောက်တဲ့ ဒေသဘက်လဲ မပြောင်းနိုင်အောင် သူတို့ အလုပ်တွေလဲ ပိုခိုင်းနိုင်အောင်ပေါ့ ။ ဖါမွေ့ ရွာ ဆိုရင် ကျောင်းသား တပ်နား မနှစ်ကပြောင်းရတာ။ ရွာပဟောင်းက စခန်းနဲ့ ၃ နာရီလောက် ဝေးတယ်။ မင်းတို့ရွာကို ကွန်မြူနစ် ခဏ ခဏ လာတယ်။ ဒို့စခန်းလဲ ခဏ ခဏ အတိုက် ခံရတယ်။ -- လို့ အကြောင်းပြပြီး ပြောင်းခိုင်း တာဘဲ။ ကျောင်းသား စခန်းနား ပြောင်းပြီးကတဲက အလုပ်တွေ ပိုလုပ်ရတော့တာဘဲ။ ကိုယ့်အိမ်ဆောက်ဘို့တောင် အချိန် မရှိ။ တောင်ယာ လုပ်ချိန် မရှိ။ နိုရာပဲ ခွဲ၊ လဲရာ သူခိုးထောင်း ဆိုသလို ရှိတဲ့ကြက်ဝက်က ကျောင်းသားတွေ ခိုးတာနဲ့ ကုန်ရော။ နောက်ဆုံးတော့ ပြည်သူ လူထု အတွက် မျှော်လင့် ချက်ရောင်ခြည်တွေ ပြည့်လျှံနေတဲ့ ဗမာပြည် ကွန်မြူနစ် ပါတီ ရှိရာ လွတ်မြောက်တဲ့ ဒေသ ဘက်ကို၊ ပြောင်းကြဖို့ ဆုံးဖြတ်ကြတယ်။ သူတို့ ရွာတွေဟာ ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ မြောက်ကျား ဒေသမှို ပြည်သူ့ တပ်မတော် အကြောင်း၊ ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ အကြောင်းတွေကို အားလည်း သဘောပေါက် နေပြီလေ။ ဒါကြောင့် ရွာသူရွာသားတွေ အားလုံး တိတ်တဆိတ် တိုင်ပင်ဆွေးနွေးကြပြီး ငါတို့ဆီကို လာခဲ့ကြတာဘဲ။ လွတ်မြောက်တဲ့ ဒေသဘက်ကို သူတို့တတွေရောက် လာတဲ့အခါ ပါတီနဲ့ တပ် မတော်က ကြိုက်ကြိုက် လှဲလှဲကြိုဆိုကြတယ်။ နွေးနွေးထွေးထွေး မြှုစု ကြတယ်။ ဒေသခံ လူထုကလဲ သူတို့ရဲ့ ဒုက္ခဝန်းစား ညီ အကို တွေကို အထွေးကုန် အကူအညီပေး ကြတယ်။ ရွာလုံးကျွတ်ပြောင်းလာတဲ့ ရွာတွေဟာ ည အမှောင်ကို အခွင့်ကောင်းယူပြီး အဝတ်တထည် ကိုယ်တခု နဲ့ လာခဲ့ကြရတာ။ ပစ္စည်း သယ် နိုင်လျှင် လူတကိုယ် တနိုင်ဘဲ။ ကျန်တဲ့ပစ္စည်းနဲ့ ကြက် ဝက် တွေ အကုန် ထားခဲ့ရတယ်။ ခပါးက တော့ တချို့ ရွာတွေမှာ တောင်ယာမလုပ်ရတာ ကြာလို ရှိကို မရှိကြဘူး။ ကျွဲနွားဆိုတာ ပဲ၊ ကျောင်းသားတပ်က သတ်စားလို့ ကုန်ပြီလေ။ သူတို့တတွေ လွတ်မြောက်တဲ့ ဒေသမှာ တစ် ကနေ ပြန် စကြရတော့တာဘဲ။ သူတို့တတွေ နေ ထိုင်ဘို့ နေရာကောင်းတွေ ရွေးချယ်ပေးတယ်။ လူထုက တက်တက်ကြွကြွ ကူညီကြတဲ့ သက်မယ်တွေ သစ်ဝါးတွေနဲ့ လူထု အင်အား ၊ ပြည်သူ့စစ်၊ ပြည်သူ့ တပ်မတော်သားတွေ စုပေါင်းပြီး အိမ် တွေကို အင်တိုက် အားတိုက် ဆောက်ပေးကြတယ်။ သစ်လွင်တဲ့ ဒေသမှာ သစ်လွင်တဲ့ ရွာကလေးတွေ




ဗမာပြည် ကွန်မြူနစ်ပါတီ နှစ် ၄၀ မြောက် မွေးနေ့ အထိမ်းအမှတ် ကို အကြောင်းပြု ထုတ်ဝေသည့်၊ ကျွန်ုပ်တို့ တော်လှန်ရေးစာ အပေးအယူ ရင်း ကို အကြောင်း အမျိုးမျိုး ကြောင့်၊ ကျွန်ုပ် ဘာသာပြန် အပြီးသတ် ရပ်နားပါ တော့မည် ။

ရဲဘော်တို့ ပေးပို့ထားကြသော - ဆောင်းပါး၊ ဝတ္ထု၊ ဘာသာပြန်၊ ကဗျာ၊ ကာတွန်း စသည်များ ကျန်ရှိနေပါသေးသည်။ နောင် - အကြောင်း တိုက်ဆိုင်၍ စာ - နယ် - ရင်း များ ထုတ်ဝေသည့် အခါ၌ ဆက်လက် တည်းဖြတ် ပုံနှိပ် ၍ အသုံးပြုသွားမည် ဖြစ်ပါကြောင်း နှုတ်ခွန်း ဆက်ရင်း မှာကြား အပ်ပါသည် ။

[ တည်းဖြတ်အဖွဲ့ ]
၁၅ ၊ ၁၀ ၊ ၇၉

ရက်ပိုင်းအတွင်း ပေါ်ပေါက်လာတယ်။ သူတို့ ရဲ့ ဘဝတွေလဲ သစ်လွင်လာကြတယ်။ ထုတ်လုပ်ရေး လုပ်ပြီး နေထိုင်မှုဘဝ မြှင့်တင် နိုင်အောင် တောင်ယာတွေလဲ ကူညီပေးကြတယ်။ လူ တယောက် စပါး မျိုးတပုံးကျော်စိုက်၊ တောင်ယာတွေ ခဏ ချင်း ပေါ်ထွက်လာတယ်။ လက်ငင်း ဖြေရှင်း ရမဲ့ စားရေး သောက်ရေး ပြဿနာ အတွက် ကိုတော့ မြို့နယ် ပြည်သူ့ အုပ်ချုပ်ရေး အဖွဲ့က စပါး တွေ လုံလောက်အောင် ထုတ်ပေးတယ်။ ရွာ ဟောင်းတွေ မှာ စပါး ကျန်ရစ်တဲ့ သူတွေ အတွက် တော့၊ ပြည်သူ့တပ်မတော်က တာဝန်ယူပြီး သယ်ပေး တယ်။ ပြည်သူ့တပ်မတော်က ကင်း စောင့် ပေး ပြီး မြန် သယ်ယူခေတာလဲ ရှိတယ်။ ဒါပေမဲ့၊ လာလီရွာက စပါးကျည်တွေကို ကြေးစား တပ် က အလစ်ချောင်းပြီး သိမ်းယူလိုက်တယ်။ ရွာ ပေါင်း ၂၀ က လူတွေ ကို ချောက်ချပြီး၊ သယ် ခိုင်း တယ် လို့ ဆိုတယ်။ တချို့ စပါးကျည် တွေ ကို တော့ မသားရတဲ့ အခါ သဲနဲ့ မက်တုတ်တဲ့ ကြေး စားတပ်မှာ မီးရှို့ ပစ်လိုက်တယ်။ ဒါဒီအကြောင်း တွေကို ကျော့ဘား ရွာက မြေးလာတဲ့ နှုးမှမေ က မြန် ပြောပြတယ်။ ဒါကြောင့် လာလီ ရွာ က ဝယ်းခါ စပါး ၄ လစာ သာရလိုက်ပြီ၊ ကျန်တဲ့ ၈ လစာ ကို မြို့နယ် က ထောက်ပံ့ ရ တာဘဲ ။ ဘယ်သူမှာ ပြည်သူ့ အကျိုး ဆောင်တယ်၊ ဘယ်သူ

# တော်လှန်တဲ့ သူ့ဆန္ဒ

အေး



မေမေမွေးရာ ၊ အရွယ်ရောက်လာ၍
ရွှန်းလွှာခဲ့ခြင်း မဟုတ်ပါ။

ဖေဖေကျွေးရာ ၊ အရွယ်ရောက်လာ၍
ရွှန်းလွှာခဲ့ခြင်း မဟုတ်ပါ။

မွေးရပ်မြေနီ ၊ ငြိမ်းငွေ့လာ၍
ရွှန်းလွှာခဲ့ခြင်း မဟုတ်ပါ ။

ဖက်ဆစ်နေဝင်း ၊ လူ့စိတ်ကင်းကို
သွေးချွေးရင်း၍
ရှင်းလင်းပစ်ရန်
ရွှန်းလွှာခဲ့ခြင်း ဖြစ်ပါသည် ။

---

ဟာ ပြည်သူ့ အကျိုး ဆောင်တယ်၊ ဘယ်သူဟာ ပြည်သူ လူထုကို ဖိတ်ရော ကိုယ်ပါ အလုပ် အကျွေး ပြုတယ်၊ ဘယ်သူဟာ ပြည်သူ လူထုအတွက် သက်စွန့် ကျိုးပမ်း ဆောင်ရွက်တယ် ဆိုတာ လူထုက ခွဲခြား နားလည် သဘောပေါက် နေကြပြီ။ ငါတို့ ဘက်ကို ပြောင်းလာကြတဲ့ ရွာသူ ရွာသား တွေ ကဲ ငါတို့ ကို ပြောပြ တယ်။ စစ်အစိုးရလက်အောက် မှာ ကျွန်တော်တို့ ဆင်းရဲသားတွေဟာ ဘာအခွင့်အရေး ဘာ အာဏာမှ မရှိဘူး။ စကား ပြော ခွင့် တောင် မရှိဘူး။ နေထွက်က နေဝင် ဆင်းရဲ ပင်ပန်းကြီးစွာ အလုပ် လုပ်နေရပြီး လုပ်သမျှဟာ၊ စစ်အစိုးရ အတွက်ဘဲ။ ကိုယ်လုပ် တာ ကိုယ်စား ရတယ် လို့ မရှိ။ အမြဲတန်း လုယက် မိုလိကျတာ ခံနေကြရတယ် တဲ့။ အခုဆို ၊ ဒီရွာတွေက လူငယ်တွေ ပြည်သူ့ တပ်မတော် ထဲကို ဝင် ရောက် တာ မနည်း တော့ဘူး။ ရွာတိုင်းမှာလဲ ပြည်သူ့စစ်တွေ ဖွဲ့ ထားပြီးပြီ။ စစ်အစိုးရကို မောင်း ထုတ်ပြီး လွတ်မြောက်တဲ့ ဒေသ တိုးချဲ့ ရမဲ့ တာဝန်ကို ထမ်းဆောင်ရမှာ ဖြစ်သလို ၊ လွတ်မြောက်ပြီး ဒေသတွေ ခိုင်ခံ့အောင် ကာကွယ် တဲ့ တာဝန် ကိုလဲ ထမ်းဆောင်ဘို့ ရှိသေး တာ ကိုး။ ကြည့်စမ်း ...။ အရင်က မင်း နာမည် နဲ့ ကြေးစား တပ်က ခေါ်ခဲ့တဲ့ တောင်ကျွန်း ပေါ် အခု ငါ ရပ်နေတယ်။ ဒီ တောင်ကျွန်း ဟာ ၊ အခုတော့ လွတ်မြောက်တဲ့ အနီရောင် တောင်ကျွန်း။ ပြည်သူ လူထု၏ တောင်ကျွန်း ကလေး။ စစ်အစိုးရက သူ့အတွက် မိုက်ရူးရဲ့ အသေ ခံသွားတဲ့ မင်း ကို တောင်ကျွန်း အမည် တခု အဖြစ် မှတ်တမ်း တင်ခဲ့ပေမဲ့ ပြည်သူလူထု လက်ထဲမှာတော့ ဒီမှတ်တမ်း မဝင်တော့ဘူး ကွ ။ မင်း၏ ရုပ် အလောင်း နဲ့ အတူ -- ဒီ တောင်ကျွန်း အမည် ကိုလဲ မြေမြှုပ် ပစ်လိုက်ပြီ။

အေး - နောင် ဆိုရင် ကြေးစား တပ် တခု လုံးလဲ ပြည်သူ လူထုက တုန့်ပြန် လက်စား ချေပြီး မင်းလိုဘဲ မြေမြှုပ် ပစ်ခံရမှာ ဧကန် ဒိဋ္ဌ ဘဲ။ နောက်ဆုံးမှာတော့ ပြည်သူ ဆန့်ကျင်ရေး ၊ ကွန်မြူနစ် ဆန့်ကျင်ရေး ပေါက်ပြန်ရေး သမား စစ်အစိုးရ ကိုယ်တိုင် အဖိနှိပ်ခံ ပြည်သူ လူထု၏ မြေမြှုပ် သင်္ဂြိုလ် ပစ်တာကို မရှု မလှ ခံရမှာ မင်း သေချာကာသာ စောင့် ကြည့်နေပေတော့ပေါ့ -

[ ညိုမြင့် ]

# ကြိုဆိုပါတယ် သူငယ်ချင်း

မင်း ငါ့ကို သတိရမယ်လို့ ယုံကြည်လို့ ငါ စာရေးလိုက်တယ်။ ငါတို့ စတင်ခွဲခွာတုန်းက မင်းက ငါ့ကို မျိုးဖျက် သစ္စာဖောက် ဆိုပြီး အမျိုးမျိုးစွပ်စွဲ ခေါ်ခဲ့တယ်။ ဒါပေမဲ့ ငါကတော့ မင်းကို ဘယ်လိုမှ သဘောမထားပါဘူး။ ငါ့ကိုလဲ ခုထိ မင်း စိတ်ဆိုးနေဦးမယ်လို့ ငါမထင်ဘူး။

ဘာကြောင့်လဲ ဆိုတော့ ငါနဲ့ မင်းဟာ ၁ ရွေကြတဲ့ အချိန်ကစပြီး ဒီလို တခါမှ မခွဲခွာဘူးကြဘူးကိုး။ မင်းကို ငါ ဘယ်လောက် ခင်တယ် ချစ်တယ် ၊ သံယောဇဉ် ရှိတယ် ဆိုတာ ငါမပြော လဲ မင်းကိုယ်တိုင် သိထားမှာပါဘဲ။ ဦ့နှစ်ယောက်ဟာ တချိန်တည်း နေဝင်းဝန်းမှာ မင်အဘိုးရကို ယုံးကြည်တဲ့စိတ်နဲ့ လက်နက်ကိုင် အဖွဲ့ထဲ ရောက်ခဲ့ကြတာမဟုတ်လား။ လက်နက်ကိုင် အဖွဲ့ထဲရောက်ပြန်တော့လဲ ဦ့နှစ်ယောက် တပူးတွဲတွဲနဲ့။ မခွဲနိုင်အောင်လဲ မင်းနဲ့ ငါ နှစ်ယောက်စလုံး ကျိုးစား ခဲ့ကြတယ်။ မင်း သတိရမှာပါ။ ဦ့နှစ်ယောက် ဘယ်လောက် ချစ်ကြသလဲ... ဆိုဟာ၊ ကင်းစောင့်တာတောင် အတူအလှည့် ကိုယ့်အလှည့် မခွဲခဲ့ဘူး။ ပြီးတော့ မင်းညာ လက်မောင်းမှာ အမာရွတ် ရှိဦးမှာပါ။ ငါ့လက်မောင်းမှာလဲ ရှိနေတယ်လေ။ ဦ့နှစ်ယောက် နေဝင်း မင်အဘိုးရကို အပြုတ်တိုက်ကြမယ်လို့ ဆောင်းတညနေ သံချွန် နဲ့ဘေးမှာ သစ္စာဆိုခဲ့ ကြတယ်ပေါ့။ ဦ့နှစ်ယောက်ရဲ့ ချစ်ခင်မှုကို စာဖွဲ့ပြီး ရေးမယ် ဆိုရင် သံလွင်ကို မင်ရေ ဖျော်ရေးရင်တောင် သံလွင်ဘဲ ခမ်းသွားမှာသေချာတယ်။

ဒါပေမဲ့ ဦ့နှစ်ဦးဟာ ဘာဖြစ်လို့ ရေမြေခြားခြားမှာ ရာသီတွေကူးလို့ တနှစ်တောင် ကျော်သွားအောင် ခွဲခွာရတာလဲဟင်။ မင်းအဲဒီမေးခွန်းကို ဦ့မခွဲခွာခင်က ငါ့ကို ထပ်ကာတလဲလဲ မေးခဲ့တယ် မဟုတ်လား။ မင်းဟာ အခုထိ ဒီမေးခွန်းရဲ့ အဖြေကို ရှာနေဦးမှာပါ။ ငါ့ကို မင်း သတိရတိုင်းလဲ အဖြေရှာနေမှာဘဲ။ ခပြီး ခွဲခွာစက ငါလဲ မင်းကို သဘော ပေါက်အောင် ရှင်းမပြနိုင်ခဲ့ဘူး။ ငါကိုယ်တိုင်ကလဲ ရေရေလည်လည် တော့ သဘောမပေါက်သေးဘူး ဆိုတာ ဝန်ခံရမှာဘဲ။

အခုတော့ ငါဟာ ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ ပညာပေးမှုကြောင့် အတော်အတန်သဘောပေါက်လာပြီ။ အဖြေလဲ ရှာတွေ့ပြီ။ မင်းကို အနားမှာ ထိုင်စေပြီး ပြောပြလိုက်ချင်တယ်။ ဒါပေမဲ့၊ မြစ်အသွယ်သွယ် တောင်အထပ်ထပ် ကာဆီးနေလေတော့ မင်း အနား ငါနဲ့ အတူရှိနေတဲ့ ဘဝတူ တိုက်ဖော် တိုက်ဖက် တွေကိုဘဲ ဝိုင်းဖွဲ့ပြောနေရတယ်။ သူ နဲ့ ကိုယ်တိုင် ကိုယ်ကျ ပြောဖို့ အခွင့်အရေး မပေးတော့ ဒီစာနဲ့ဘဲ ပြောလိုက် မယ်လေ....။ မင်း အနားမှာ ငါကိုယ်တိုင် ထိုင်ပြောတယ်လို့ သဘောထား ပေါ့။ သေသေ ချာချာ နားထောင် နော် သူငယ်ချင်း ။

ဒီမှာ သူငယ်ချင်း - တချိန်က မင်းနဲ့ငါ နှစ်ယောက်စလုံး အမြင်တူခဲ့ကြတာက တော့၊ ဗမာတွေဟာ တယောက်မှ မကောင်းဘူး ဆိုတာဘဲ ။ ဦ့ (........) အမျိုးသားတွေနဲ့ တခြား အမျိုးသားတွေကိုလဲ နိုင်ငံရေးအရ ဖိနှိပ်တယ်။ စီးပွားရေးအရ ချေးစုတ်တယ်။ ခရေး အရ သတ်ဖြတ်တယ်။ လူမျိုးရေး အရ ဝါးမျိုတယ်။ ယဉ်ကျေးမှုအရ ချုပ်ချယ်တယ် ဆိုပြီး ဝါးလုံးရှည်ရှည်ကြီးနဲ့ဘဲ ဗမာ တမျိုးသားလုံးကို သိမ်းကြုံး ယုံး ပစ်လိုက်တယ် မဟုတ်လား။ တကယ်တော့ ဒီလို မဟုတ်ဘူး သူငယ်ချင်း - ဟုတ်ကို မဟုတ်ဘူး ။ တကယ့် တကယ် ဦ့တွေ့ခဲ့ရတဲ့ ဗမာ တချို့ ဆိုတာဟာ ဖောက်ပြန်တဲ့ ဗမာတွေ ။ ပြီးတော့ အဲဒီ ဖောက်ပြန်တဲ့ ဗမာကို အကြောင်းပြုပြီး [illegible] အဖိနှိပ်ခံရတဲ့ ဆင်းရဲသား ဗမာတွေဘဝကို မမြင်တော့ဘူး။

ဦ့တတွေ နေထိုင်တဲ့ ဒီ ဗမာပြည်ဟာ လူမျိုးပေါင်းစုံ နေထိုင်တဲ့ တိုင်းပြည်ဖြစ်တယ်။ လူမျိုးအတော် များတယ်။ ဦ့ မသိသေးတဲ့ လူမျိုးတွေတောင် ရှိသေးတယ်။ ဒါတွေတော့ မင်းလဲ အသိ

သွားဘဲလေ။ လူမျိုးတွေ ဘယ်လောက် များများ၊ လူတန်းစားအရ ကြည့်ရင်တော့ အခြေခံ လူ တန်းစားဟာ ၂ ရပ်ဘဲရှိတယ်။ ကမ္ဘာနဲ့ချီ ကြည့်မယ် ဆိုရင်လဲ ဒီ လူတန်းစား နှစ် ရပ်ဘဲ ။ ဒီ လူတန်း စား ၂ ရပ် ကတော့ - ခေါင်းစုတ်သူ လက်တဆုပ် စာဘဲ ။ သူတို့ဟာ လူ တရာမှာ [redacted] တောင် မပြည့်ဘူး ။ အများတကာ့ အများစု လူ ၁၀၀ မှာ ၉၀ ကျော်ရှိတဲ့ လူတွေက အဖိနှိပ် - ခေါင်းစုတ်ခံ လူတန်းစားဘဲ။ ဘာကြောင့်လဲဆိုတော့ ဒီ ခေါင်းစုတ်မှု စနစ်ဟာ မရှိတော့ဘူး ဆိုရင် လူ မျိုး အချင်းချင်း အမုန်း တရား ဆိုတာလဲ မရှိ ဘူး။ စစ် ဆိုတာလဲ ရှိတော့မှာမဟုတ်ဘူး။ ဒါ ပေမဲ့ ဒီနေ့ ဒီအချိန်မှာ ဘာဖြစ်လို့ စစ်ဆိုတာ ရှိနေရ သလဲ ဆိုရင် အရင်းစစ်တော့ ဒီ ခေါင်း စုတ်မှု စနစ်ကြောင့်ဘဲလေ။ ဒါကြောင့် ကနေ့ မ ဟာပြည်မှာ ဖြစ်နေတဲ့ စစ်ဟာ ခေါင်းစုတ် လူတန်း စားရဲ့ ခေါင်းစုတ်ခံ လူတန်းစား တို့ ရဲ့ တိုက်ပွဲ ဘဲ။ တနည်း ပြောရရင်တော့ လူတန်းစား တိုက် ပွဲဘဲပေါ့ကွာ။ ဒီ ခေါင်းစုတ်ခံ ၊ အဖိနှိပ်ခံ လူ တန်းစားထဲမှာ မဟာပြည်မှာ ရှိတဲ့ လူမျိုး ပေါင်း စုံ ပြည်သူတွေ ပါတယ်။ အလားတူ ခေါင်းစုတ် လူ တန်းစားထဲမှာလဲ ဒီ အတိုင်းဘဲ။ မင်းနဲ့ငါ အမျိုး သိုး ဖြစ်ခဲ့တဲ့ မဟာ လူမျိုး ဆိုရင် မဟာပြည် မှာ လူဦးရေ အများဆုံး ဖြစ်နေတယ်။ ဒီတော့ ခေါင်း စုတ်ခံရတဲ့ ပြည်သူလဲ အများ ဆုံးဘဲ။ အရေအတွက် အားဖြင့် ဦး အမျိုးသား လူနဲစု ပြည်သူတွေထက် ပိုများတာပေါ့။

မင်း သေသေချာချာ စဉ်းစားကြည့်စမ်း။ မင်း တို့ ငါတို့က ( ...... ) အမျိုးသား အဖိနှိပ် ခံ ဘဝ လွတ်မြောက်ဖို့ ခေါင်း ခေါင်းကို ခွန့်ပြီး တိုက် ကြတယ်။ ဒါပေမဲ့ မင်း အဖေ နဲ့ ငါ့ အဖေ တို့က ဘယ် အခန်းက ပါသလဲ ။ ဖိနှိပ်ခေါင်းစုတ်တဲ့ လူ တန်းစား အခန်းက ပေါ့။ ကြည့်လေ - မင်း အ ဖေက အရာရှိ ၊ ငါ့ အဖေ ကျတော့ ဒေါက်တိုင်။ ဦးတပ်မှာလဲ တချို့ မိဘတွေဟာ ရန်သူရဲ့ အုပ် ချုပ်ရေးရဲ့ ယန္တရား တွေဖြစ်နေတာပါလား ဟုတ် လား။ ဒီတော့ကွာ မင်းတို့ ငါတို့ ချစ်လှပါတယ် ဆိုတဲ့ ( ...... ) အမျိုးသား ပြည်သူတွေကို ဖြတ် လေးဖြတ် ဆိုတဲ့ အကုန်သတ် ၊ အကုန်ပူ၊ အ ကုန်ရှို့ ဆိုတဲ့ ပေါ်လစီ ကို ကျင့်သုံးနေတဲ့၊ နေ ဝင်းကြေးစား တပ်တွေနဲ့ နေဝင်း အမှူးပြုတဲ့ ဒီ စနစ် ဆိုးကို ဘယ်သူတွေက အကောင် အာ

ထည်ဖော် ကာကွယ် နေကြသလဲ ။ ငါတို့ အမျိုး သားတွေထဲကလဲ ပါတာဘဲ မဟုတ်လား။ ဒီ အကုန်သတ် အကုန်ရှို့ အကုန်လု ဆိုတဲ့ ပေါ်လ စီဟာ မဟာပြည် အနှံ့မှာဘဲ လုပ်နေတယ် ဆို တာ မင်းအသိပါဘဲ။ ဒါကြောင့် ခေါင်းစုတ် လူ တန်းစားဟာ သူ့ရဲ့ အကျိုးစီးပွားအတွက် ၊ ဘယ်လူမျိုး မဆို မရွေးဘူး။ သူ့ရဲ့ အကျိုးစီးပွား ကို ထိခိုက်မယ် ဆိုရင်လဲ ဘယ်သူမှ မညှာဘူး။ ကုန်ကုန် ပြောရင် ကိုယ် သားသမီး - မယား ပါ မကျန် အကြင်နာတရား ရှိတာ မဟုတ်ဖူး ။ ဒါ ကြောင့် ဒီနေ့ မဟာပြည်မှာ ဖြစ်နေတဲ့ စစ် ဟာ၊ လူတန်းစား တရပ်က အခြား လူတန်းစား တ ရပ် ကို တိုက်တဲ့ လူတန်းစား တိုက်ပွဲဘဲ သူ ငယ်ချင်း ။

မဟာပြည်မှာ ရှိနေတဲ့ အမျိုးသား လူနဲစု တွေ ဟာ မဟာ လူမျိုးကြီးကို မုန်းကြတယ်။ အမျိုး သား လူနဲစု အသီးသီး ချင်း လဲ မသင့်မတင့် ..။ စည်းလုံးမှု ဆိုတာ မရှိဘူး ။ အဲဒါ နဲ့ပတ်သက် လို ငါ နားလည်သလောက် ပြောရရင်တော့ - - - နယ်ချဲ့ အင်္ဂလိပ်တွေ မဟာပြည်ကို ဝင် ရောက် သိမ်းပိုက်ပြီး တဲ့နောက် သူတို့ရဲ့ အာဏာ တည် မြဲရေး ၊ ရေရှည် ဖိနှိပ် ခေါင်းစုတ် နိုင်ရေး အတွက် ခွေး၌ အုပ်ချုပ်တဲ့ စနစ်ကို ကျင့်သုံးခဲ့လို့ ဘဲ ။ နောက် တချက်ကတော့ အမျိုးသား တွေ အတွင်း က ခေါင်းစုတ် လူတန်းစားက အခြားအမျိုးသား တွေကို ခေါင်းစုတ်မှု တွေရှိလို့ဘဲ။ လူမျိုး ရေး မုန်းတီးမှု ဆိုတာ အဲဒီ လူယုတ်မာတွေက ဖန် တီး လိုက်တာပေါ့။ နယ်ချဲ့ အင်္ဂလိပ်တွေ ပြန်သွား ပြီး တဲ့နောက် နယ်ချဲ့ အင်္ဂလိပ်ရဲ့ အမွေစား အ မွေခံ ရလိုက်တဲ့ ဖောက်ပြန်တဲ့ မဟာပြည် အစိုးရ အဆက်ဆက် ဟာလဲ ဒီ အမွေ ဆိုးကို ဆက် လက် ထိမ်းသိမ်း ကာကွယ်ပြီး သက်ဆိုးရှည်အောင်လုပ် နေကြတယ်။ ဒါတွေကို ကြည့်မယ် ဆိုရင် လူမျိုး တ မျိုးနဲ့ တမျိုး အမုန်းတရား ပွားနေကြ တာဟာ ၊ အခြေခံ ရေသောက်မြစ် ကတော့ စနစ်ဆိုး ရဲ့ ပြ ဿနာဘဲ သူငယ်ချင်း ။

နောက်တခုကတော့ တို့တာတွေ မှာ ဈေးတွင်း ချဉ်ဆီ ထိအောင် စွဲနေတဲ့ ၊ လူမျိုးတိုင်း သီး ခြား တိုင်းပြည် ရှိရမယ် ဆိုတဲ့ အယူအဆဘဲ ။ ဒီနေရာ မှာ မင်း သေသေချာချာ စဉ်းစား ကြည့် စမ်းပါဦး ကွာ ။ မဟာပြည်ဟာ ၁၈၈၅ ခုနှစ် မတိုင်ခင်မှာ ဆိုရင် ပဒေသရာဇ်တွေက သူ့ မြည်ကိုယ့်မြည် ဆို

# ထပ်လွှတ်ချိန်

အောင်နိုင်ဦး

နီရဲတဲ့ အောင်လံ
ကောင်းကင်ယံမှာ
လွှင့်မျိုး တဖျတ်ဖျတ်
တပ်မတော်သားတွေ စုရုံး
တောင်ကျွန်းပေါ် နေရာယူထားတယ်။

ပြတ်သားတဲ့ အမိန့်သံ
နာခံ လေးနက်
အသက်သွေး ကို စွန့်လှူ
ပြည်သူတွေ အတွက်
သွေး တစက် ကျန်တဲ့ထိ
ရန်သူကို လက်စတုံး
ချေမှုန်းပစ်ရေး
မာစ်ကြွေး မှုန့်အံ
တပ်သားထု ကြွေးကြော်သံတွေ
မိုးမြေကို မှောက်လှန်
ပြင်းထန်တဲ့ ယာန်ပဉ်နဲ့
တုန်ခါ လှုပ်ရမ်း
ရှမ်းဦးမ တခုလုံး
ထစ်ချုန်းပွဲ တင်ထပ်နေတယ်။

တိုက်ပွဲဝင် သိတ်ဓါတ်
ပိုင်းဖြတ်ချက် ကြိုးမား
ဘယ်သူမှ မတားနိုင်
ခိုင်မာတဲ့ အမိန့်ဒ္ဓါန်
ထက်သန် တက်ကြွ။

သံမဏိစွဲ
ရဲရဲနီတဲ့ ပန္နည်းမဲ့ သတ္တိ
အတူမရှိတဲ့ စွမ်းအင်
ရန်သူကို သုတ်သင်ပစ်ဖို့
သူတို့ သေနတ်တွေ အသင့်
လှံစွပ်ဖွင့် မောင်းတင် ညိုက်ကြတယ်။

ပြည်သူ အပေါင်း
နှစ်ထောင်းအားရ
ရှင်လန်း ကြခမယ်-
ရန်သူ တွေ အတွက်
သွေးပျက်ခြောက်ခြား
ကြောက်ဒူးတုန် ရူး သွပ်သွားစေမယ်။

---

ဖြိုး လူမျိုး တော်တော်များများဟာ တခါတခါ သီးခြား တိုင်းပြည်ကလေး ထူထောင်ပြီး တမိုလ် တမင်းနဲ့ မင်းလုပ် အုပ်ချုပ် ခဲ့ကြတယ်. မဟုတ်လား။ တိုင်းပြည်ကလေးတွေ မှိုလိုပေါက် ခဲ့ တာ မကြာ မကြာ ဘဲလေ။ အဲဒီ အချက်ကြောင့် ဘဲ ၊ အင်္ဂလိပ် နယ်ချဲ့ဟာ မြန်မာပြည်ကို ဝင်ရောက် သိမ်းပိုက် နိုင်ခဲ့ တယ်။ မြန်မာပြည်ဟာ လုံးဝ ကျွန်နိုင်ငံ ဖြစ်သွားတယ်။ ဒီတော့ ဘယ်လူမျိုး မှ တိုင်းပြည် ဆိုတာ မရှိတော့ဘူး။ အဲဒီတော့ ၊ ဒီ အဖြစ်ကို ကြည့် မယ် ဆိုရင် ၊ ပထမအချက် အနေနဲ့ လူကြီး သူမ ပြောသလို ခွါး ကွဲ တော့ ကျားကိုက် ဆိုသလို ဘဲ ပေါ့။ အားလုံးဟာအင်္ဂလိပ် ကျွန် ဖြစ်သွားတယ်။ ဒုတိယ အချက်က တော့ လူမျိုး တမျိုး မှာ သီးခြား တိုင်းပြည် ရှိ ရမယ် ၊ သီးခြား တိုင်းပြည် မရှိရင် လူမျိုး ရဲ့ အင်္ဂါရပ် မညီလို့ လူမျိုး တမျိုး မမည် ဘူး ဆိုတာ ရှိသေးတယ်။ မြန်မာပြည်ကို အင်္ဂလိပ် က ကျွန်လုပ်ထား တုန်းက မြန်မာပြည် မှာ ရှိတဲ့ လူမျိုး တွေဟာ လူမျိုး အဖြစ် မသတ်မှတ် တော့ဘူး လို့ ဖြစ်မနေ ပေဘူးလား။ ဒီနေ့ ပကတိ ရုပ် အခြေအနေအရ မြန်မာပြည်ကို ကြည့်မယ် ဆိုရင် လဲ၊ လူမျိုး ပေါင်းက ဝရာကျော်လောက်ဆိုတော့ လူမျိုး တမျိုး တိုင်းပြည်တပြည် ဆိုရင် အဲဒီ သီးခြား တိုင်းပြည်တွေဟာ၊ လေယာဉ် ခက်ရှိုး တာနဲ့ တခြား တိုင်း ပြည် တခု ရောက်လို့ ကျော် ကြားပေးရတဲ့ ပြဿနာ ဘုံး နိုင်မှာ မဟုတ် တော့ ဘူး။ အိုကွာ - ဖြစ်လဲမဖြစ်နိုင်ပါဘူး။ ပကတိ ရုပ် အရလဲ မဖြစ်နိုင်ဘူး။ စိတ်ဓာတ်နဲ့လဲ မဖြစ် နိုင်

ပါဘူးကွာ။

ဒါကြောင့်၊ ဒီအယူအဆတွေ တောင်းဆိုမှု တွေဟာ အမျိုးသားအသိုးသိုးကြားမှာ တန်းတူရေး မရှိလို့ဘဲ။ တကယ်လို အမျိုးသား အသိုးသိုး ကြားမှာ တကယ် တန်းတူမှု ရှိမယ် ဆိုရင်တော့ဒီလို လူမျိုးတမျိုး စိုင်းမြည် တမြည် ရှိရမယ် - ဆိုတဲ့ အယူ အဆ မှာလဲ ရှိတော့မှာ မဟုတ်ဖူး။ အဲဒီ တော့ ဒီ တန်းတူရေးနဲ့ ဆွေးနွေးရေး၊ ကိုယ်ပိုင် အုပ်ချုပ်ရေး တွေကို တကယ်တန်း လုပ်နိုင်တာကတော့ ဗမာပြည် ကွန်မြူနစ်ပါတီ - လို့ဘဲ ငါယုံကြည်တယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဆိုတာနဲ့ မင်း တွန့်သွားမယ်ဆိုတာ ငါ မြင်ယောင်မိတယ်။ တကယ်တော့ တွန့် မယ် ဆိုလဲ တွန့် စရာဘဲကိုး ကွ ။ တချိန်က၊ မင်းရော ငါပါ ဗမာပြည် ကွန် မြူနစ်ပါတီဟာ ဗမာပါတီ ရှုပ်၊ တညီတညွတ်ထဲ သဘောထား ရှိခဲ့ ကြတာကိုး ။

ဒီလို.... သူငယ်ချင်း။ ဗမာပြည်ကွန်မြူနစ် ပါတီဟာ လူမျိုးရေးအရ ဖွဲ့ စည်း ထားတာ မဟုတ်ဖူး ။ လူတန်း စား အရ ဖွဲ့ စည်း ထားတာ။ ပါတီဟာ၊ လူမျိုး စိုင်းက အလုပ်သမား လူတန်းစား တွေထဲက တော်လှန်ရေး နဲ့ ပတ်သက်တဲ့ ဝိဇ္ဇာ နည်းကျ အသိပညာ လက်နက်တွေနဲ့ တပ်ဆင် ထားတဲ့ ရှေ့တန်း ရောက်တဲ့ အစုနဲ့ ဖွဲ့စည်းထား တဲ့ တပ်ဖွဲ့ ဖြစ်တယ်။ ဒါကြောင့် ပါတီဟာ အ ဖိနှိပ်ခံ ပြည်သူ တရပ်လုံးရဲ့ အားမခံချက် - ဖြစ် တယ်။ တော်လှန်ရေးကို ဦးဆောင် လမ်းညွှန်နိုင် တယ်။ ဗမာပြည်ရှိ လူမျိုး အသိုးသိုးရဲ့ တန်းတူ ရေး၊ ဆွေးနွေး ညီညွတ်ရေး၊ ကိုယ်ပိုင်အုပ်ချုပ် ရေး ကိုလဲ ဒီ ပါတီကလွဲလို့ ဘယ်ပါတီကမှ မ ဆွမ်းဆောင် နိုင်ဘူး။

မင်း - နား မျက်စိ လည်သွားပြီ တင်တယ်။ ငါ ထပ်ပြောချင် သေးတာကတော့ ကမ္ဘာနဲ့ ချီ ပြောပြော၊ သဏ္ဍာန်အရ ပါတီ အမျိုးမျိုးရှိနေ သော်လည်း အနှစ်သာရ အားဖြင့် ပါတီ နှစ်ပါတီ ဘဲ ရှိတယ်။ အဲဒါကတော့ အများစု ဖိနှိပ် ချေးစုပ်ခံ ပြည်သူကို အကျိုးပြုတဲ့ ပန္နည်း မဲ့ ပါတီနဲ့ လက်တဆုပ်စာ သွေးစုပ်လူတန်း စားကို ကိုယ်စားပြုတဲ့ ခနရှင် ပါတီဆိုတာပါဘဲ။ ဗမာပြည် အတိုင်းအတာနဲ့ ပြောရင်လဲ ဒီအတိုင်းဘဲ ပေါ့။ အဖိနှိပ်ခံ ပြည်သူ့ရဲ့ဘဝကို အားမခံချက်ပေး နိုင်တာ ဟာ ဗမာပြည် ပန္နည်းမဲ့ပါတီဘဲ။ ဒီ က လွဲရင် တခြား ပါတီဟာ သွေးစုပ် လူတန်းစား ကို တိုက်ရိုက်ဖြစ်ဖြစ် သွယ်ဝိုက်ဖြစ်ဖြစ် အကျိုး ပြုတဲ့ ခနရှင် ပါတီ ဘဲပေါ့ကွာ။ မင်းတို့ ငါ တို့ ရဲ့ အခြေခံ စိတ်ဓါတ်ဟာလဲ အဖိနှိပ်ခံ ပြည်သူ တွေရဲ့ အကျိုး သယ်ပိုးဖို့ မဟုတ်လား။ အဲဒီ တော့ အဖြေ ဟာ ရှင်းမနေ ပေဘူးလား။

ထပ်ဆင့်ပြီး ငါပြောချင်သေးတာကတော့ ပြ ဿနာကို ဆုံးဖြတ်တဲ့ အခါမှာ ကိုယ့်ဆန္ဒနဲ့ အခ မ ချီဘဲ ပကတိ ရုပ်ဘဝ အခြေအနေနဲ့ လိုက် လျော ညီထွေ ဆုံးဖြတ်မှ အမှန်နဲ့ နီး စပ်နိုင်မယ်။ မင်း စဉ်းစား ကြည့်လေ။ [redacted] ဗမာ ပြည်မှာ လူမျိုးတမျိုးစီရဲ့ သီးခြား ဘဝ လွတ် မြောက်ရေးကို လုပ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင် ဘူး။ တော်လှန်ရေး သမိုင်း သက်တွေကလဲ အနှစ် ၃၀ ကျော်ကလဲ သက်သေထူနေပါပြီ။ အဲဒီတော့၊ ဗမာပြည် အဖိနှိပ်ခံ ပြည်သူတရပ်လုံး ဘဝ လွတ် မြောက် နိုင်ဘို့ ဆိုတာဟာ၊ ဗမာပြည်ကွန်မြူနစ်ပါ တီရဲ့ [redacted] အကြွင်းမဲ့ ဦး ဆောင် တဲ့ ပြည်သူ့ တပ်မတော်ရယ်၊ တပ်ပေါင်းစု ရယ် - ဆိုတဲ့ ပြဒါးရှင် သုံးလုံး နဲ့ ပြည်သူ့ ဒီမိုကရေစီ တော် လှန်ရေး လမ်းကြောင်း အတိုင်း တော်လှန် စစ်ကို ပြဲ ဝင်မှသာ အောင်ပွဲခံနိုင်မယ် - လို့ ငါတော့ အ လေးအနက် ယုံကြည်တယ်။

ငါ့မှာလဲ တော်လှန်ရေး ဖြတ်သန်းမှု၊ နိုင်ငံ ရေး လေ့လာမှု အားနည်းတာက တကြောင်းကြောင့် ငါ ပြောတာ တွေဟာ မင်းအတွက် လုံလောက်တဲ့ အ ဖြေ ဟုတ်ချင်မှ ဟုတ်မယ်။ စာလဲ အတော် ရှည် သွားပြီ။ နောက်မှာထပ်ဘဲ လေ့လာအားကောင်း လာ တဲ့ အခါ ဆက်ပြီး ပြောပြ အုံးမယ်။ တခု တော့ မင်းကို ပြောချင်တယ်။

ငါပြောတာကို လေးလေးနက်နက် စဉ်းစားပြီး မင်း ရဲ့ လက်တွေဘဝနဲ့ ပေါင်း စပ်ပါ။ ဒါဆိုရင် တော့ မင်းနဲ့ ငါ ဘာဖြစ်လို့ ဖြစ်အသွယ်သွယ်၊ တောင် အ ထပ်ထပ် ဝေးကွာတဲ့ နေရာကို ခွဲခွာပြီး ဒီ လောက် ကြာကြာ နေသလဲ ဆိုတာ မင်း သဘော ပေါက် တန် ကောင်းပါရဲ့ နော်။ တကယ်လို မင်းသာ အ မှန်ကို သဘောပေါက် လို့ ငါနဲ့ အတူ သမိုင်းပေး တာဝန်ကို အတူ ထမ်းဆောင် မယ် ဆိုရင်၊ ငါကတော့ ဝမ်းပန်း တသာနဲ့ တော်လှန်တဲ့ အ သံတော် အောက်ကနေ မင်းကို - ကြိုဆို ပါ တယ် သူငယ်ချင်း။ ★

[ စောစော ]

# အသမှာင်၏ အသချိုပ်

**တိုးနိုင်**

[ ၁ ]

၁၉၇၉ ခု ဩဂုတ်လ ၁၅ ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီ တည်ထောင်သည့် အနှစ် ၄၀ မြောက်နေ့ ကျရောက်ပေသည်။ ကျနော်တို့သည် ဖခင်ပါတီ နေ့အတွက် အဖက်ဖက် မှ နည်းလမ်းများ ရှာကာ ဂုဏ်ပြုကြပါသည်။ ဂုဏ်ပြုမှု အစီအစဉ်ထဲတွင် " မိုးသောက်ကြယ်နီ " တေးဂီတ ကဇာတ် လည်း တခု အပါအဝင် ဖြစ်သည်။ မိုးသောက်ကြယ်နီ သည် ပါတီ၏ အနှစ် ၄၀ သမိုင်းကို အမှန်ဖက်က ရပ်တည်ချက်၊ စာဆိုယဉ်၊ တေးဂီတ၊ အက၊ သရုပ်ဆောင်မှုဖြင့် ဖွဲ့ဆို သီကုံး ဂုဏ်ပြုထားပေသည်။


ကျနော်သည် မိုးသောက်ကြယ်နီ [illegible] တကောင်အဖြစ် [illegible] ဝင် လှုပ်ရှားခဲ့သည်။ ထိုအခါ ကျနော်သည် လွန်လေပြီးသော ၁၅ နှစ်က အဖြစ်အပျက်တခုကို ပြန်လည် သတိရမိပါသည်။

[ ၂ ]

ပဲလွှ ချောင်းများ ရေသည် မြင်းရိုင်းကြီးတကောင် ကဲ့သို့ ဒုန်းစိုင်း ပြေးဆင်း နေချိန် ။ ညသည် နှင်းငွေများ ဖုံးကာ အေးစက်နေချိန်။ မြူ တောင် ညို ရွာလေးသည် နှစ်ခြိုက်စွာ အိပ်မျော် နေချိန်၊ ဆတ်သွားဖူး ပန်းရနံ့တို့ လှိုင် နေချိန် ။

ဒီလို အချိန်မှာ ကျနော်ရယ် ခေါင်းဆောင် မင်းသမီး တင်လေးမြိုင် ရယ်၊ တီးဝိုင်း ခေါင်းဆောင် စိန်ဝင်းနိုင် ရယ် သုံးယောက်သား အတတ်တိုက် ရာက ပြန်လာကြစဉ်ပေပင်။

တင်လေးမြိုင် သည် ကျနော် ရေးဖွဲ့သည့် ဇာတ် ဝင်ခန်းတခန်း မှ ' သစ်တပင် ' သီချင်းကို၊ သာ သာမှုမှု သီဆိုလာသည်။ စိန်ဝင်းနိုင် က ဖယ် ဒ လင် ကြိုးများကို လက်ချောင်းများ ဖြင့် အသာ အ ယာ တို့ထိကာ တင်လေးမြိုင် ကို ဖို့ပေးနေသည်။



တင်လေးမြိုင်၏ အသံမှာ ရေလာ လှိုင်းတို့ မြည်နေ သည့် ဟု ကျနော် ခံစားမိသည်။

ကျနော်သည် ခေါင်းငိုက်စိုက် ချလျက် သစ်တပင် အကြောင်းကို တွေးလာမိသည်။ အခက် အလက် အရွက်တွေ ဝေဖြာ ဆိမ်းလန်းနေသည့် သစ်တပင်။ ကျေးငှက် သာရကာ တို့ ခိုလှုံ ပျော်စံ နေသည့် သစ်တပင် ။ သီးပွင့်တို့ လှိုင်နေသည့် သစ်တပင်။

ထို သစ်တပင် အကြောင်းကို ကျနော် အလွမ်းသီချင်းဖြင့် ရေးဖွဲ့ထားသည်။ တောပုန်းကြီး ဗိုလ်ညီမောင် ကို တင်စားရေးဖွဲ့ထားသည်။

တောပုန်းကြီး ဗိုလ်ညီမောင်သည် နောက်ပါလူ ၂၀ တို့ဖြင့် တောထဲ တောင်ထဲ လှည့်လည်ကာ တဗိုလ်တမင်း လုပ်လျက်ရှိသည်။ သူတို့ အဖွဲ့သည် မီးရထား သံလမ်းများကို ချိုးဖျက်ကာ လုယက် တိုက်ခိုက်လျက်ရှိသည်။ ။ တောင်ကြားလမ်းများမှ ခိုး၍ ကားများကို တိုက်ခိုက် လုယက်သည်။

တခါတွင် တောင်ကြားလမ်း ချိုင့်ဝှမ်း တခုထဲ၌ မီးရထား ပုလိပ်များနှင့် တိုက်ပွဲ ဖြစ်ပွားရာ ၊ ဗိုလ်ညီမောင် ဘယ်ဘက် လက်ဖျံတွင် ဒဏ်ရာ ရခဲ့သည်။ ဗိုလ်ညီမောင်တို့ ဆုတ်ခွာလာရာ၊ တောင်ခြေ တခုတွင် မျက်လုံးဝိုင်းဝိုင်း၊ ပါးမြင်လေးနှင့် မျက် ဆိုးနေသည့် အမျိုးသမီးလေးတယောက်ကို တွေ့ လိုက် ရလေသည်။ ထို အမျိုးသမီးလေးမှာ မီးရထားစီး ခရီးသည် တယောက်ဖြစ်ပြီး တိုက်ပွဲဖြစ် ပွားစဉ် ပြေးမိ ပြေးရာ လွတ်ပြေး ခဲ့ရင်း ထိုနေရာသို့ ရောက် နေခြင်းဖြစ်သည်။

ဗိုလ်ညီမောင် သည် အမျိုးသမီး လေးကို ခေါ်သွားပြီး ကောင်းကောင်း မွန်မွန် စောင့်ရှောက်ကျွေး မွေးထားသည်။ ဗိုလ်ညီမောင်က အမျိုးသမီးလေးကို ဘယ်သူကမှ လက်ဖျားနှင့်ပင် မတို့ရန်၊ ဖွဲ့ တပေါက် မှ မစွန်းစေရန် သူ့လူများကို အမိန့် ထုတ်ထားသည်။

“ ငါတို့ဟာ တောပုန်းကြီးတွေ ဖြစ်နေ ပေ မဲ့ လဲ ငါတို့ဟာ လူသားတွေဘဲ ဖြစ်တယ်။ လူတွေမှာ ရှိအပ်တဲ့ သစ္စာတရား ငါတို့မှာ ရှိတယ်။ ဒါကတော့ လူ့ယသဝန်နဲ့ သူတွေနဲ့ ခြားနားတယ် ဆိုတာကိုလဲ မြင်တာဘဲ ”

ဗိုလ်ညီမောင်က သူ့လူများကို အမိန့်ထုတ်လိုက် သောအခါ ထို မျက်လုံးဝိုင်း နှင့် အမျိုးသမီး က လေးသည် တအံ့တဩ ဖြစ်သွားသည်။ သို့သော် အ ကြောက်တော့ မပြယ် နိုင်သေးပါ။

တနေ့သောအခါတွင် ဗိုလ်ညီမောင်၏ ဂိုဏ်း သားတယောက်က အရက်တွေ မူးပြီး အမျိုး သမီးလေးကို ဆွဲလား ရမ်းလား လုပ်လေသည်။ ဗိုလ် ညီမောင်သည် မီးဝင်းဝင်းတောက်သော မျက်လုံး များဖြင့် ရမ်းကားသူကို တချက်ကဲ အာလဲထိုး ချ လိုက်သည်။

“ ထွီ ငိုင်းလိုက်လေကွာ ” သူသည် လဲ ကျနေသော ဂိုဏ်းသား မျက်နှာပေါ်ကို တံတွေး ထွေးချလိုက်သည်။ မျက်နှာကို ဖိနပ်နှင့် ရှူ ကန်သည်။

“ ငါတို့ဟာ တောပုန်း ဒမြတွေကွ ။ လုယက် တိုက်ခိုက်တယ်။ လူသတ်တယ်။ ရက်စက် ကြမ်း ကြုတ်တယ်။ ဒါပေမဲ့ ငါတို့မှာလဲ သစ္စာတရားဆို တာ ရှိတာဘဲ ။ ဒါက ဘာလဲ ။ ဒမြ တို့ရဲ့ သစ္စာ တရားပေါ့ ။ ဒမြတို့ရဲ့ သစ္စာတရား၊ ”

ဗိုလ်ညီမောင် သည် ပြောရင်းအတော မယတ် ရယ်မောလိုက်သည်။ ထို့နောက် သူသည် ဂိုဏ်း သားကို ခွဲရကာ မျက်နှာကို လွှဲရိုက်ချ လိုက် သည်။

ဗိုလ်ညီမောင် အဖြစ် ကာလသား ခေါင်း ကို ဒေါင်းဝေ က သရုပ် ဆောင်ထားသည်။ တော အုပ် တောင်အုပ် ကားများ နောက်ခံထားလျက် ၊ ရှူး ဖိနပ် အနက်၊ ဘောင်းဘီ အနက်၊ ကုတ်အနက်၊ မှန်း ဖျော့လည့်သီး လေးဖြင့် ကိုယ်ကို သီး လေး ပတ် ချာချာ လည် အောင် လှည့်လိုက်သော ကိုဒေါင်း ဝေ၏ ရုပ်ရှား ဟန်တချက်မှာ လှပလွှာ ဖေါင်း ကြွနေပေသည်။ သူ့တကိုယ် လုံး ကို ခြာခြာ လည် အောင် လှည့်နေစဉ် ခြောက်လုံးပူး မြောင်းဝ မှ တဖျပ်ဖျပ် မီးပွင့်လျက်ရှိ၏။ သူသည် သစ်ပင် ကြီးတပင် ဘေးတွင် မှီလိုက်ပြီး ဟက်ဟက် ပက် ပက်ကြီး ရယ်မောနေပေသည်။

ရယ်မောသံ အဆုံး၌ သစ်တပင် သီချင်းသည် နောက်ခံမှ ပေါ်ထွက်လာသည်။

ကျနော်သည် ထိုဇာတ်ကွက် တခုတည်းကို ပင် ညနှစ် ရက် တိုင်တိုင် ဇာတ် တိုက်ခဲ့ရသည်။ ထိုအ ခါ တင်လေးမြိုင်က ဝမ်းသာအားရ ကျနော့်လက် ကို ကိုင်လှုပ်ရင်း “ ဆရာရေ ၊ ဆရာ့ကိုတော့ မြိုင် တကယ် ယုံသွားပြီ။ မြိုင်လေ . စိတ်ရော ကိုယ်ပါ ဆရာ့ကို ပုံအပ်လိုက်ပြီ ” ဟု ဆွေ့ ဆွေ့ ခုန် မတတ် ပြောနေသည်။

ကျနော်က မြေးမြေး သာသာ ပြုံးလျက်

“ ဒီလို ပေါ့ မတင်လေးမြိုင်ရယ် ။ လူဆိုတာ

အလုပ်နဲ့သက်သေပြမှသာ ယုံကြည်မှု ရတော့မ ပေါ့ ။ မဟုတ်ဖူးလား ။ ပြီးတော့ ကျွန်တော် တ ယောက်ထဲ ရှုမ်းတာလဲ မဟုတ်ဖူးလေ ။ ကို သောင်းဝေရဲ့ ကြိုးစားမှုက တကယ့်ကို အရေး ပါ တာဘဲ ”

တင်လေးမြိုင်က သူ့ မျက်လုံး ဝိုင်းလေး ဖြင့် ကျွန်တော့်ကို မော့ကြည့်လိုက်ပြီး

“ မြိုင်လဲ ကြိုးစားမယ် ဆရာရယ် ။ ဆရာ ဖြစ် ချေင်သလို ပိုင်း ။ မြိုင် ကြိုးစားပါ့မယ် ။ နော် ဆရာ ” ဟု စိတ်ဆုံးဖြတ်ချက် နှင့် ပြော လေ သည်။ ကျွန်တော်ကမူ အပြုံးများဖြင့် သာ ခေါင်းကို ညိတ်ပြရသည်။

[ ၃ ]

သူငယ်ချင်း ကျော်ဇေယျ တို့ ခေါင်းဆောင်မည့် သမီး တင်လေးမြိုင် ၊ လက်ထောက် မင်းသ မီး နန်းသူဇာ နှင့် ဒါရိုက်တော် ဦးကာလီဇာ တို့ ကို မြို့ပေါ်တက် ဒွားရမ်းသွဲ့ပြီး ကျွန်တော် နှင့် မိတ် ဆက် ပေးခဲ့ က ဖြစ်ပါသည်။

တင်လေးမြိုင်သည် ကျွန်တော့် ကို ဇာတ်ညွှန်းရေး သားသူ ၊ ဒါရိုက်တာ ဖြစ်သူ တယောက်အနေ နှင့် အသိအမှတ်မပြုလိုသော မျက်လုံးများ နှင့် ကြည့်ခဲ့လေသည်။ ကျွန်တော် ချပြသည့် ဇာတ် ညွှန်း စာရွက် များကို စိတ်မပါ သလို လှန် မော နေသည်။ ကျွန်တော်က

“ မတင်လေးမြိုင် တို့ စာတွေ တော့ အများကြီး ကျက်ရလိမ့်မယ်များ ။ စကားပြောကွက် တွေ ကို ကျွန်တော် ဇာတ်ညွှန်းထဲ မှာ ထည့် ရေးထားတယ်။ အဲ ဒါကို သက်ဆိုင်ရာ သရုပ်ဆောင် ရဲ့ သူတွေ အ တွက် ကျွန်တော် ပြန်ကူးပေးမယ် ။ ကျွန်တော်လဲ အ ပင်ပန်းခံ ကြိုးစားမယ်များ ။ မတင်လေးမြိုင် တို့ လဲ ကြိုးစားကြတာပေါ့ ။ မဟုတ်ဖူးလား ”

“ မြိုင် တခု ပြောချင်ပါတယ် ” တင်လေး မြိုင်က အသံကို ထိန်းပြီး ပြောလိုက်သည်။

“ မြိုင်တို့ အငြိမ့်က ခဲ့တာ ကြာပါပြီ ။ သဘာ သဘာဝ နဲ့ ဝမ်းကျောင်း နေကြတဲ့ သူတွေပါ ။ မြိုင့်တသက်တာမှာ ဒီလို စကားပြောခန်းတွေ ကို စာတွေ ပေတွေနဲ့ ကျက်ရတယ် ဆိုတာ မရှိ ပါ ဘူး ။ တွေ့လဲ မတွေ့ဘူး ။ ကြားလဲ မကြားဘူးပါ ဘူး ။ ဒီလိုလုပ်ပါလေ ။ မြိုင် တို့ ပါဝင်ရမဲ့ အခန်း ကို နှုတ် ဝိုက် ပြော လိုက်ပါ ။ အဲဒီ အတိုင်း ဖြစ် ရပါတော့မယ် ။ ”

ကျွန်တော်က မင် သက်လျက် အံ့ဩနေ မိသည်။ တင်လေးမြိုင် ၏ ပြုံးတယ်ယဲ့ မျက်နှာကို စိတ် ကုန် ခန်း မိသည်။ ဇာတ်ညွှန်း စာရွက်များကို ပြန် ယူ ပြီး ဘာစကားမှ မပြောဘဲ နေလိုက်သည် သူငယ်ချင်း ကျော်ဇေယျ သာ ဈာန် မြွတ် ဝေါက် နေသော နေရာ၌ ဝင် မရပ် လိုက်လျှင် ကျွန်တော် တို့သည် ဘယ်တော့မှ ခက်စပ် မိကြ တော့ မည် မဟုတ်ပေ ။

“ ဒီလိုလုပ်ပါ မြိုင် ။ ကျွန်တော် တို့ ကြိုးစားကြည့် ကြတာပေါ့ ။ ဒီက ကျွန်တော့် သူငယ်ချင်း ကလဲ မြိုင် တို့လို သဘာဝသယ် တော့ မဟုတ်ပါဘူး ။ ပြဇာတ် ပညာကို ဝါသနာပါတဲ့ လူတယောက်ပါ ။ ဒီကိစ္စ မှာ ကျွန်တော်က အကူအညီ တောင်းလို့သာ ကျွန်တော့် ကို လာကူ ညီနေသူ ဖြစ်ပါတယ် ။ မြိုင် တို့ ကလဲ ကျွန်တော့်ကို ကူညီပါဦး လို့ ကျွန်တော် တောင်း ပန်ပါတယ် ။ မြိုင်တို့ ဖက်က နေပြီးတော့လဲ ကျွန် တော် အများကြီး စဉ်းစားပါ့မယ် ။ ”

ကျော်ဇေယျ ပြောလိုက်ပုံမှာ ငြင်းရက် စရာ မရှိပါပေ ။ သူသည် ရုပ်ချော အပြောကောင်း တယောက်ဖြစ်ပြီး တဖက်သား၏ စိတ်နှလုံး ကို ဆွဲငင်နိုင်စွမ်းရှိသူ ဖြစ်သည်။ တင်လေးမြိုင် က မင့်သက်ကို မြေးမြေးရှိုက် လိုက်သည်။

“ မြိုင်တို့ကလဲ ကူညီချင်တာပါဘဲ ။ ကူ ညီ ချင်လို့လဲ ကျောင်းတတန် ရေတတန် လိုက် လာ ခဲ့ကြတာပါ ။ ဒီအတိုင်းသာ ဆိုရင် တော့ ဒီ တင်းကျွတ် ပွဲရက် မှီနိုင်တော့မှာ မဟုတ်ပါဘူး စိတ်ညစ်တယ်ရှင် စိတ်ညစ်တယ် ”

ဦးကာလီဇာ က “ ခင်များတို့ လာဒွားတုန်း က ဒီက လူတွေ အနေနဲ့ အဆင်သင့် ဖြစ်ပြီ ဆို ။ ကျုပ်တို့နဲ့ တပတ်လောက် တိုက်လိုက်ရင် ပြီး သွားပြီ ဆို ။ အခု ခင်များတို့ လုပ်ထားတာတွေ ကြည့်ရတော့ ဘယ်ကလာ တပတ်နဲ့ ရနိုင်မလဲ ။ စာကျက်တာချည်းဘဲ တပတ်နဲ့ ရဒ်ဦးမှာ မ ဟုတ်ဖူး ”

စကားဝိုင်းမှာ အတွေး ကိုယ်ပင်စီ ၊ ကျဉ်းကြပ် မှု ကိုယ်ပင်စီဖြင့် တိတ်ဆိတ် လာသည်။

သူငယ်ချင်း ကျော်ဇေယျ ကတော့ စိတ် ကျဉ်း ကြပ်မှုကို အပြုံးဖြင့် ဖုံးကွယ် ထား တတ် သူပင်။

“ ကဲကဲ ဂျောက်မချိုက် စိတ်ပင်ပန်း စ ရာတွေနဲ့ ရင်ဆိုင်ရတာ မကောင်းပါဘူး ။ စိတ် အေး လက်အေး ထား ကြပါ ။ သက်သောင့်သက်

သာ အနားယူ ကြတာ ကောင်းပါတယ်။ ဒီ အတွက် အဆင်ပြေအောင် ကျနော် စီစဉ်ပါ့မယ် ”

ညနေချိန်တွင် ကျော်ဇေယျသည် ရပ်ရွာ လူကြီးများနှင့် သွားရောက်တွေ့ဆုံကာ အခြေအနေ အရပ်ရပ် ကို တင်ပြလေသည်။ သူသည် ထို မြတောင်ညို ရွာတွင် ပ ပ က ဆိုင်ထိုင် အဖြစ်နှင့် လာရောက် အမှုထမ်းနေသူဖြစ်သည်။ မြတောင် ညိုတွင် တစုံတရာ ဩဇာ ကြီးမားသူဖြစ်နေသည်။ ရပ်ရေး ရွာရေး လူမှုရေး ကိစ္စများတွင် အရေး ပါ အရာရောက်သူ တဦး အဖြစ်နှင့် ကမြင်နေရသည်။

သူပြန်လာသောအခါ အစီအစဉ် သစ်တခု ပါလာခဲ့သည်။

“ ဒီ သီတင်းကျွတ်ပွဲက တော့ ဖျက်ပစ်လို့လဲ မဖြစ်ဘူး။ ကျနော်တို့ ကပြကြရမှာဘဲ။ ကျနော်တို့ ဒီရွာကရော ရွာနီးချောက်စပ်က ရွာတွေ က ပါ ဒီရွာမှာ ပွဲပါမယ် ဆိုတာ ဟိုးလေးတကျော် ဖြစ်နေပြီ။ အခု ကျနော်တို့ စီစဉ်ခဲ့တာကတော့ မြိုင်ရယ်၊ နန်းသူဇာရယ်၊ ဦးကလိဇာရယ် အငြိမ့်က ကြဘို့ဘဲ။ ဦးကလိဇာ နဲ့ တွဲဘို့ လူရွှင်တော် တယောက် ဒီရွာကဘဲ ရမယ်။ ပြီးတော့ လက်ဝေါက် မင်းသမီး နှစ်ယောက်လောက်လဲ ဒီရွာကဘဲ ရမယ်။ အဲဒါ ကျနော်တို့ ဒီတပတ် အတွင်း တိုက် ပြီး အငြိမ့်က ကြတာပေါ့။ ဒီရွာမှာ ချောက်လုံး ပတ်ဝိုင်းလဲ ရှိပါတယ် ”

“ ဒီလိုဆိုရင် ဆရာတို့ လုပ်ထားတဲ့ ပြဇာတ် ကြီး ကရော ” ဟု လက်ထောက် မင်းသမီး နန်း သူဇာက မေးလေသည်။

“ အဲဒီ ပြဇာတ် ကိုတော့ တန်ဆောင်တိုင် မှာ ဖြစ်အောင် တင်မယ်လေ။ ဒီပြဇာတ် အတွက်လဲ မြိုင်တို့ နန်းသူဇာ တို့ ဦးကလိဇာ တို့ကို ဆက် ငှားဘို့ ခွင့် ရှိပါတယ်။ ကျနော်တို့ တလလုံး အ ချိန်ရတာပေါ့ဗျာ။ ဒီရက် တွေ အတွင်းမှာ ကျနော် တို့ ကောင်းကောင်း ပြင်ဆင်နိုင်ပါတယ်။ ပြီး တော့ ဒီရက်တွေ အတွက် ခင်ဗျားတို့ကို ညကြေး ပေးသွားမယ်။ အခု ကျနော် ပြောတာတွေ ဘယ့် နဲ့လဲ ”

ထိုစကားဝိုင်းမှပင် တင်လေးမြိုင်၊ နန်းသူဇာ ဦးကလိဇာ တို့ သုံးဦးသား ညှိနှိုင်း တိုင်ပင်ကြပြီး ကျော်ဇေယျ အစီအစဉ် ကို လက်ခံလိုက်ကြ လေ သည်။

လူရွှင်တော်ကြီး ဦးကလိဇာ က “ ကျုပ်တော့ စာ မတတ်ဖူး ဗျို့၊ ပြောတာ လိုက်ပါရဲ့ ” ဟု ရှက်ရှက်နှင့် ဝန်ခံ လိုက်သည်။

“ တကယ်ပြောတာလား ဦးကလိဇာရဲ့ ” ဟု ကျော်ဇေယျက မေးမြန်းရာ၊

“ ခက်ပါဘိ ကိုရင်ရယ်၊ ကျားကိုက်ပါတယ် ဆိုမှ အပေါက်လေးနဲ့ လား ရလို့ မေးနေပြန်ပါ ပြီ ” ဟု ပြောကာ မျက်နှာကို ရှက်မလို လုပ် ပြီး ရယ်နေသည်။

“ ဘာမှ စိတ်မပူပါနဲ့ ဦးကလိဇာ။ ကျနော် နှုတ်တိုက်ရအောင် သင်ပေးပါ့မယ် ” ကျနော် က စိတ်ပါလက်ပါ အားပေးစကား ပြော လိုက်သည်။

[ ၄ ]

တကယ်တွင်မူ တင်လေးမြိုင် သည် စာ ကျက်ပျင်းသူ မင်းသမီး တယောက်တော့မဟုတ် ပေ။ ဥာဏ်တုံး ထိုင်းအသူ မင်းသမီး လည်း မ ဟုတ်ပေ။ သူ့ အခန်းဝင် စာသားများကို သုံး လေး ရက် နှင့် အရ ကျက် နိုင်ခဲ့သည်။ နန်းသူဇာ က ဆယ်ရက် လောက်ကြာသည်။ သူလည်း မဆိုးလှပါ။ ဦးကလိဇာ ကိုတော့ ဇာတ်တိုက်ရင်း နှုတ်တိုက် သင်ပေးရသည်။

တင်လေးမြိုင် သည် သူ့ ဇာတ်ဝင် ခန်း များ နှင့် ကျနော် ပြောမထားသည့် အမူအရာ များ ထည့် လုပ် တတ်သဖြင့် ကျနော် အချိန် စိတ်ဆင်းရဲ လျှော့ သည်။ အကျိုးသင့် အကြောင်းသင့် ရှင်းပြ ပါ သော်လည်း မကြားနိုးနား လုပ်လေ့ရှိသည်။ တ ခါသော် ကျနော်ရှင်းပြနေစဉ် “ ဒီမှာရှင့် မြိုင်ဟာ စက်ရုပ် မဟုတ်ဖူး ” ဆိုကာ ဦးကို တင်း အောင် ဝေဘန်ပြီး ရန်တွေ့ လေသည်။ ထိုနေ့က ဇာတ်တိုက် ခြင်းကို ဆောဆောပင် ရပ်ပစ်ခဲ့ရသည်။

စကားအမူ အရာ များကို ကျနော် ပြသလို မဟုတ်ဘဲ စာကျက်ထားတဲ့ အတိုင်း ထွက်ဆို တာ ကိုတော့ ကျနော် နဲနဲလေးမှ ခံစားလို့ မရ ပေ။ ကျနော့်မှာ တင်လေးမြိုင် ၏ မျက်နှာကို စာ အုပ်နှင့် မပေါက်မိအောင် မနဲပင် သတိချုပ် နေ ရသည်။

ကျနော် အရက် ကြိုက်တတ်မှန်း သိသဖြင့် သူငယ်ချင်း ကျော်ဇေယျ သည် သူ့ ပပက ဆိုင် မှ ထန်းလျက် တပုံ ထုတ်ကာ၊ ကာလသားခေါင်း ကိုသောင်းဝေ လက်ထဲ အပ်လိုက်သည်။ ကိုသောင်း ဝေ ၏ စီစဉ် ပေးမှုဖြင့် ကျနော့်မှာ ချက်အရက် ကို ရှိုက်ရှိုက် သောက်နေရသည်။ ကျနော်ကား စိတ်

ဆင်းရဲမှုဖြင့်လုံးထွေးကာ အရက်ကိုသာ ဖိသောက် မိတော့သည်။

မိုက်ဥဒိုမောင်တို့ မီးရထားပုလိပ်တွေနှင့် တိုက်ပွဲ ဖြစ်ပွားပြီး ဖြန့်ဆုတ်လာခဲ့ တောစပ် တနေရာ ပိတောက်ပင်ကြီးခြေရင်းတွင် ကိုယ့်ကို ပျောက်သွား မတတ် ကပ်ထားသော၊ မျက်လုံး လေးတွေ ကြောက်လန့် တကြားလည်နေသော သရုပ်မှကျွက်ကို တိုက် သည့် နေ့က ဆိုလျှင် တူတူပုန်းသလို ပိတောက် ပင်ကြီးကို ကျောမှီ ထားသော တင်လေးမြိုင် ကို ကြည့်ကာ ကျနော့် အသားများ တဆတ်ဆတ် တုန် လာသည်။ "ဟိတ် ရွှေးမ၊ ဘယ်လို လုပ် ပိုက်တာတုံး" ဟု ကုန်းအော်လိုက်သံမှာ မိုး ချုန်းသလို မြည်ဟိန်းသွားတော့မည်တင်ပါသည်။ ကျနော့် အသံကို ကျနော် မျိုချ လိုက်ချိန် တွင် ကျနော့်မျက်နှာပေါ်၌ တိမ်မဲညိုပုပ် တွေဖုံးအုပ် နေပါပြီ။

ကျနော်သည် တူတူပုန်းနေသော တင်လေး မြိုင်ကို ပစ်ထားခဲ့ပြီး ဓာတ်တိုက်ရာ အလယ် တန်း ကျောင်းကြီးပေါ်မှ ခပ်သုတ်သုတ် ဆင်း ချ လာခဲ့သည်။ တည နှင့် တနေ့ လုံးလုံး မေ့မြော လဲ ကျ သည် အထိ အရက်တွေကို သောက် ပစ်လိုက် သည်။

နောက်တနေ့ နေပင်ချိန်မှ ကျနော် သတိ ရ လာသည်။ ကျနော့် ကိုယ်ပေါ်တွင် ရေတွေ ရွှဲရွှဲ စို လျက်၊ တင်လေးမြိုင် သည် ကျနော့်ကို လှုပ်နှိုး လျက် ရှိလေသည်။

"ထတော့လေ ဆရာ။ ဓာတ်တိုက်ဖို့ အချိန် ရောက်နေပြီလေ။ မနက် စာလဲ ဆရာ မစား သေးဘူး။ ထပြီး ရေချိုး ထမင်းစားပါဆရာ၊ မြိုင်တို့ အားလုံး ဓာတ်တိုက်သွားဖို့ ဆရာ့ ကို စောင့် နေကြတယ်။"

ကျနော်က အရာ အားလုံးကို မေ့ လိုက် ချင်ပါပြီ။ ကျနော့် နားတွေကို ပိတ်ထား ချင် သည်။ ကျနော့် နှလုံးသား ပေါ်တွင် ခံစားချက်ဟူ သမျှ ဆိတ်သုဉ်း နေစေချင် ပါသည်။

သူငယ်ချင်း ကျော်ဇေယျက ကျနော့်ကို လက် က ဆွဲထူလိုက်သည်။

"ထကွာ၊ သူငယ်ချင်းရာ၊ ထပါတော့ ချစ် သော သူငယ် ချင်းကြီးရာ။ စိတ်မကောက်ပါနဲ့ တော့ကွာ၊ ထ၊ ဟ၊ ထမင်း စားရအောင်။ အဲ ဖေကိုယ် ကိုယ်တိုင် ထမင်းပွဲ ပြင်ထားပါတ ယ် ကွာ။ ကိုယ်တို့ အတူတူ ရေချိုးကြမယ်။ ပြီးတော့ အတူတူ စားကြမယ်ကွာ"

သူငယ်ချင်း ကျော်ဇေယျက စကားတွေ ရွှန်း ရွှန်းဝေ အောင် ပြောရင်း ကျနော့် ကို ဆွဲခေါ်သွား သည့် တိုင် ကျနော့် မှာ ခေါင်း မထူ နိုင် သေး ဘဲ ကတွန့်ကတယင် ဖြစ်နေပါ သေးသည်။

ထိုညက တင်လေး မြိုင် သည် ဝမ်းနည်းတတ် သည့် ခလေး တယောက်လို မျက်ရည်တွေ ဝေ နေခဲ့သည်။ သူသည် အထိတ် တလန့် ဖြင့် ပိတောက် ပင်ကြီး ဘေးမှာ ပုကပ် နေပုံမှာ သနား စဖွယ် လေး ဖြစ်နေသည်။

ထိုညက ထိုအခန်းကို အောင်မြင်စွာ အဆုံး သတ် တိုက်နိုင်ခဲ့သဖြင့် ကျနော့်မှာ စိတ် လက် ပေါ့ပါးနေပြန်သည်။

အပြန် လမ်းတွင် တင်လေးမြိုင်က ကျနော့် ဘေးနားကပ်ကာ "ဆရာ့ မြဲဓာတ် နာမယ် ကလဲ တမျိုးကြီး ဘဲနော်" ဟု မသိ နားမလည်တတ် သည့် ခလေး တယောက်လို ပြောလေသည်။

"အမှောင်ဖေါ် အရိပ် တဲ့။ တမျိုးကြီး ဘဲ နော်။ အလင်းရှိမှ အရိပ်ကျတယ်သာ ကြားဘူး ပါတယ် ဆရာရယ်။ အမှောင်ထဲမှာ ဘဲ့နဲ့ အရိပ် ရှိနိုင် ပါ့မလဲ"

သူသည် ပြောလျက် တခစ်ခစ် ရယ်နေသည်။

"အမှောင်ရဲ့ အောက်မှာ ရှိသမျှ အရာ တွေ ဟာ အမှောင်ရိပ် ထိုးတာ ခံကြရပါတယ် မတင် လေးမြိုင်၊ ကျနော် အဲဒါကို ပြောချင်တာပါ"

တင်လေးမြိုင် သိဂါ အသံကို နားစွင့်မိသော် လည်း ဘာမှမကြားရတော့ပါ။ သစ်တော ကြိုး ဝိုင်းများ အတွင်းမှ ဆင်းလာသော ချောင်းအော် သံများသာ ကျနော်တို့ရှိရာ တက်လာ နေသည်။ မိန်ဝင်းနိုင်သည် မယ်ဒလင် ကြိုးများကို တို့ထိရင်း သစ်တပင် အကြောင်းကို ဖွင့်ဆို့ လာသည်။

နောက်ဖက်မှ ကျော်ဇေယျ၊ နန်းသူဇာ၊ ဦး ကလီဇာ တို့ သုံး ယောက်သား ရယ်မော ပြော လာ သံများကို မသဲမကွဲ ကြားနေရသည်။ အခြား ဓာတ်ဝင် ဓာတ်သား များ (ဓာတ်တူ ဓာတ် သား များ ဆိုရသော်လည်း စင်စစ် ရုပ်ရှင် ရွာသား ကာ လသား ကာလသမီး များသာ ဖြစ်ပါသည်။) လည်း သူတို့ အိပ်အသီးသီး သို့ ပြန်သွားနေကြသည်။

[ ၅ ]

သစ်တပင် သီချင်းသည် ဂီတာ သံများ ဖြင့် မြူးကြွလာသည်။ မိုက်ဥဒိုမောင်သည် ကိုယ်

ခြာလပင် ပေညာ်ချက် ခြောက်လုံးပူးကို အခက် မ ပြတ်ပစ်ဖောက်ပြီး သစ်ပင်ကြီး ဘေးတွင် သွားရပ် လိုက်ကာ၊ မာက်မာက်ပက်ပက်ရယ်နေ သည်။ နောက်ပါ အဖွဲ့သားတို့သည် သစ်တော အုပ်ထဲတွင် မီးပုံမှ က လျက်ရှိကြ၏။ တောစပ်မှ ကောက် ရခဲ့သော မိန်းကလေး သည် သစ်ပင်ကြီး တ ပင်အောက်တွင် ဒူးပေါ် မျက်နှာမှောက် လျက် ငြိမ်သက်နေသည်။

ဗိုလ်ညိုမောင်က မိန်းကလေး ရှိရာ လျှောက် သွားပြီး အနီးတွင် ဒူးထောက် ထိုင်ချလိုက်သည်။ သူသည် " ဘာနဲ့လဲ ဟေ့ ပျင်းနေပြီလား " ဟု မေးလိုက်၏။

မိန်းကလေးက မျက်ရည် အပြည့်နှင့် မျက် နှာကို မော့လိုက်ပြီး ပြန်ငုံ့သွားသည်။ သူ့ ကိုယ် လေးမှာ တသိမ့်သိမ့် ခါနေသဖြင့် သည်းထန် စွာ ငို ရှိုက် လိုက်မှန်း ပေါ်လွင်နေသည်။

" မင်း ဒီမှာ ဦးတို့နဲ့ နေရတာ မပျော်ဘူး မ ဟုတ်လား " ဟု ဗိုလ်ညိုမောင်က တပ်မေး လေသည်။

" ပြောလေကွယ် ။ ဦးတို့နဲ့ မနေ နိုင်ဘူး မ ဟုတ်လား "

မိန်းကလေးက ခေါင်းကို ပြန်ဖော်ကာ..၊ " အမေ့ကို လွမ်းတယ် ဗိုလ်ကြီးရယ်၊ မောင် လေး ညီမလေး တွေ ကိုလဲ လွမ်းတယ်၊ ကျမကို သနားရင် ပြန်ပို့ပေးပါ ဗိုလ်ကြီးရယ် "

ဗိုလ် ညိုမောင် သည် နေရာမှ ထရပ်လိုက်၏။ သူ့ မျက်နှာပေါ်တွင် နာ ကျည်း ကြေကွဲမှု တွေ ယှက်သန်းနေ၏။ သူ သက်ပြင်း ရှိုက် လိုက်ပုံမှာ ထုထယ် ကြီးမား သော အမှောင်ထုကို ဖောက် ထွက်ရန် ရင်ဆိုင် လိုက်သကဲ့သို့ ရှိနေသည်။

" အေး၊ ဦးတို့ဆီမှာ မနေနိုင်ဘူး ဆိုတာ ဘာမှ မဆန်းပါဘူး မိန်းခလေး။ ဦးဟာ ဒီဘဝကို ပျော် လို့ ရောက်နေကြတာ မဟုတ်ပါဘူး ။ ဦးဟာ.. အ မှောင်ရဲ့ အရိပ် တွေပါ ။ အမှောင်ရိပ် ထိုးကျ နေတဲ့ လူသားတွေပါ။ မိုးကောင်းကင်တခု လုံး တိမ်သလ္လာ တွေ ဖုံးနေတဲ့ အောက်မှာ ဦး ဟာ သားကောင်တွေပါ မိန်းကလေး ။ အေး၊ တို့ဆီ မှာ မပျော်ဘူး ဆိုရင် မနက် မိုး မလင်းခင် မင်း ကို ကားလမ်း ပေါ် ရောက်အောင် တို့ လိုက် ပို့ မယ်။ ကဲ ဟ၊ စိတ်ချ လက်ချ အနား ယူ ပေတော့ "

မိန်းကလေးကား နေရာမှ မထ နိုင် တော့ ပေ ။ သိမ့်သိမ့် ခါအောင် ငိုကြွေးလျက် ရှိ လေ သည်။ ဗိုလ်ညိုမောင်က အသာအယာ ဆွဲထူပေး သည့် တိုင် မိန်းကလေးမှာ လိုက်ပါလာနိုင်ခြင်း မရှိဘဲ အသံတွေ ထွက်အောင်ပင် ငိုရှိုက်နေပေ သည်။

ဗိုလ်ညိုမောင် အဖြစ် သရုပ်ဆောင်ရသော ကို ဆောင်းဝေ သည် မင်သက် သော မျက်လုံးများ ဖြင့် ကျနော့်ကို လှမ်းကြည့်လိုက်သည်။ ကျနော် လည်း ကမျာကရာ သွားကာ မိန်းကလေး ကို ဆွဲထူ လိုက်၏။ တင်လေးမြိုင်က ကျနော့် လက် ထဲ တွင်ပင် တရှိုက်ရှိုက် ငိုနေတုံးပင် ။

အငို တိတ်သော အခါ တင်လေးမြိုင်သည် " ဆ ရာရေ၊ ဆရာ့ကိုတော့ မြိုင် တကယ် ပုံ့သွား ပြီ ။ မြိုင်လေ စိတ်ရော ကိုယ်ပါ ဆရာ့ကို ပုံ အပ်လိုက်ပြီ " ဟု ရွှေရွှေ ညွန်မတတ် ပြော နေသည်။

ထိုညက ဇာတ်တိုက် အပြီး တွင် အုပ် လူကြီး ဦးသာမောင်က ကျနော့်ကို လှမ်း ခေါ် ပြီး ဗိုလ်ကြီး ဘရှူ ဆိုသူနှင့် မိတ်ဆက် ပေး သည်။ ကျနော်တို့ ဇာတ်တိုက်ရာ စာသင်ကျောင်း ပေါ်သို့ ဦးသာမောင် တို့ လာကြည့်နေကြ သည် ကို ကျနော် အခုမှပင် သိရတော့သည်။

သူငယ်ချင်း ကျော်ဓေယျ သည် ဗိုလ်ကြီး ဘရှူ ဆိုသူ နှင့် စကား ပြောနေသည် ကို တွေ့ရသည်။

" စစ်ကြောင်းမှူးက သူငယ်ချင်း နဲ့ စကား ပြောချင်လို့တဲ့ " ဟု ကျော်ဓေယျ က စကား စ လေသည်။

" ငါတို့ ဒီကို ပြောင်းလာတာ မကြာသေးဘူး ကွ ။ မင်းတို့ ပြဇာတ် တိုက်နေတာတောင် မနေ့ ကမှ ကိုသာမောင် ပြောလို့ သိရတာ ။ ဒါနဲ့ ဒီည တော့ ငါလာပြီး အကဲခတ်ကြည့်တာဘဲ ။ နေဦးမေး ပါဦး ၊ မင်းတို့ ဇာတ်က ဘယ်လို အဆုံး သတ် မှာလဲ "

သူ့ စကား ပြောပုံကပင် ဘယ်လောက် မိုးမူး မောက် မာ လိုက်သလဲ ဆိုတာ ထင်ရှား နေပါ သည်။ သူသည် ဝက် တကောင် လို ဝ ဖိုး ပြီး သူ့ မျက်နှာပေါ်မှာ အရက် ခိုးတွေ ဝေနေ သည်။

" ဇာတ်သိမ်း ခန်း ကတော့ ဒီလိုရှိပါတယ် " ဟု ကျော်ဓေယျ က ဝင်ပြီး အဖြေ ပေးလေသည်

" ဒီ မိန်းကလေး ကို မိုးမလင်းခင် ကား လမ်းပေါ် ရောက်အောင် လိုက်ပို့ကြပါတယ်။ လမ်း မှာ တိုက်ခင်း လှည့်လာတဲ့ စစ်ကြောင်းတကြောင်း

နဲ့ တိုးမိပြီး တိုက်ပွဲ ဖြစ်ပါတယ်။ တိုက်ပွဲ မှာ ဗိုလ်ညိုမောင် ကျဆုံးပါတယ်။ ဗိုလ်ညိုမောင် အလောင်းကို မိန်းကလေးက ဖက်ငိုနေတုန်း ကောက် သိမ်းပါတယ်”

ကြေးစား စစ်ဗိုလ်၏ ရယ်လိုက်သံမှာ ဥက်ဆိုး ထိုးသံလို ချောက်ချားဘွယ် ထွက်ပေါ် လာသည်။

“နေစမ်းပါဦးကွ။ ဒီဒမြ ဗိုလ်က လက်နက်ချပြီး အလင်းဝင်လို့ကော မရနိုင်ဘူးလား၊ သူနဲ့ အဲဒီကောင်မလေးနဲ့ ညားကွာ။ အဲသလို ကောက်သိမ်းကွာ။ မရဘူးလား”

“မရနိုင်ပါဘူး” ကျနော်က ဝင်ပြော လိုက်သည်။

“ဒီပြဇာတ်ကို တိုက်ခဲ့ရတာ တလနီးပါး ရှိပါပြီ။ ပြဇာတ်ထဲက ဇာတ်သားတွေကိုလဲ သရုပ်ဆောင်မဲ့ လူတွေက အလွတ် ကျက်ခဲ့ရပါတယ် ဒါကြောင့် အခုမှ ဇာတ်ကို တမျိုးတဖုံ ပြောင်းဖို့ဆိုတာ မလွယ်ပါဘူး။ ပြီးတော့ ဒီဇာတ် မှာက ဒီလို တိုက်ပွဲမှာ ကျ မှသာလျှင် တောပုန်း သဏ္ဌာန်မှာ ပေါ်လွင်ပါတယ်။ အာဇာနည် ၏ လက်နက်ချ အလင်းဝင်လိုက်ရင် တောပုန်း ဘဝဆိုတာ အဓိပ္ပါယ် မရှိနိုင်တော့ပါဘူး။ ဇာတ်သဘောအရလဲ ခံစားမှုကို ပျက်စီးစေပါတယ်။ ဒါကြောင့် ဒီပြဇာတ်ကို ပြင်ဖို့ဆိုတာ မလွယ်ဘူး လို့ ပြောရတာပါ၊”

တည်တည်ကြည်ကြည် ပြောနေသော ကျနော့် မျက်နှာကို ကြေးစား စစ်ဗိုလ်က တရိပ်ရိပ် အကဲခတ်နေသည်။ ညှိုးမဲလာနေသော သူ့မျက်နှာကိုတော့ မဖုံးကွယ်နိုင်။

“မင်းဥစ္စာက တယ်ဆိုတဲ့ ဇာပါလား ကွာ။ ပြင်ဖို့ မလွယ်ဘူး ဆိုရင်လဲ မင်းတို့ ပြဇာတ်ကို ငါက ကခွင့်မပြုနိုင်ဘူးကွ ။ ဒီခေတ်ဟာ ဘာခေတ်လဲ ဆိုတာ မင်းတို့ မသိဘူးလား ။ မြန်မာ့ ဆိုရှယ်လစ်ခေတ်ကွ၊ မြန်မာ့ ဆိုရှယ်လစ် စီးပွားရေးကို တည်ဆောက်နေတဲ့ ခေတ်ကွ။ အဲဒါကို ကပြရမယ်။ မွေးမြူရေးတွေ ၊ စိုက်ပျိုးရေးတွေ အဲဒါတွေကို ကပြရမယ်။ အဲဒါမျိုးတွေ ကဖို့ ဆိုရင် ငါ တပ် နဲ့ ကူညီမယ်”

ကြေးစား စစ်ဗိုလ်က နေရာမှ ထ လိုက် ပြီး၊ ဦးထုပ်ကောက်ကို ဆွဲရမ်း လိုက်၏။ သူ့ခါး ပေါ် မှ ခြောက်လုံးပူး အိတ်မှာ ညှပ်နေသည်။

ဝက်တကောင် ကျောင်းပေါက ဆင်းသွားသည် ကို ကြည့်ရင်း ကျနော့် စိတ်မှာ ခံပြင်းစွာ ကျန် ရစ်ခဲ့သည်။ ဦးသာမောင် နှင့် ကျော်ဒေဝ တို့ ကတော့ ကျောင်းပေါက်ဝထိ လိုက်ပို့ကြသည်။ မှောင်ရိပ်ခို ကင်းစောင့်နေသော စစ်သား သုံး လေး ငါးယောက် ဟိုမှ သည်မှ ထွက်ပေါ်လာ၏ သူတို့ အရှင် သခင်ကြီး နောက်သို့ လိုက် ပါ သွားကြသည်။

⊛ ⊛

ထိုညက အမြန်လမ်း တလျှောက်တွင် တိတ် ဆိတ်နေပါလျက်၊ တယောက်ရင်ထဲက ဒိတ်ဒိုက် သံကို တယောက်က ကြားနေရမလို ထင် ပါသည်။ ချောင်းရေကျသံ များကပင် ရင်ကို လာခေါက်နေ သည် ထင် ပါသည်။

တီးဝိုင်း ခေါင်းဆောင် စိန်ဝင်း မိုင်းသည် သူ့ရင် ထဲက နာကျင် ကြိတ်ခဲမှု များကို မချုပ်တည်း နိုင်တော့ဘဲ သူ့ မယ်ဒလင် ကြိုးများကို တ ကြောင်းကြောင်း ဆွဲဖြတ် ပစ်လိုက်သည်။

ဂီတဆရာကြီး ဦးကာလီဒါကမူ “အေးလေကွာ သူတို့က နယ်ရှင် ပယ်ရှင်တွေကိုး။ ဒီက ဘာ တတ်နိုင်မှာ တဲ့တုံး” ညည်းတွားရင်း တံ တွေး တပျစ်ပျစ် ထွေးလာသည်။

တင်လေးမြိုင် ကတော့ “ငိုချင်တဲ့ စိတ် တွေ ချောင်းထဲ မျှောပစ်ချင်တယ်ကွယ်” ပြောပြီး တကယ်ပင် ငိုပါလေတော့သည်။

ကျနော်ကတော့ ကြိတ်မနိုင် ခဲမရ နှင့် ရင် တခုလုံး ဆို့ကြပ်ကာ ဘာ စကားမှ မ ပြော နိုင်ပါ။

တန်ဆောင်တိုင် ပွဲတွင်လည်း “ အမှောင် ၏ အရိပ် ” ကို ကပြခွင့် မရှိတော့ သဖြင့်၊ သီတင်းကျွတ် တုန်းက လိုပင် ဖြစ်သလိုဘဲ အ ငြိမ့်လေး ကရန် လူယဉ်ချင်း ကျော်ဒေဝက စီစဉ် လိုက်သည်။ တင်လေးမြိုင် တို့၊ နန်း သူဇာ တို့၊ ဦးကာလီဒါ တို့ကတော့ သဘင် မှုဖြင့် အ သက်မွေး ဝမ်း ကျောင်းသူများ ဖြစ်ကြ၍ သူ တို့မှာ ဝမ်းစာအတွက် ကပြ အသုံးတော် ခံ ကြရပါမည်။ ကျနော်ကတော့ နောက်တနှစ် မှာပင် “ အမှောင်၏ အရိပ် ” ဇာတ် ညွှန်းကို ရင်ဝယ် ပိုက်ကာ မြ သောင် ညီ မှာ ထွက် လာခဲ့ပါတော့သည်။

⊛ ⊛

# အနာဂါတ်ဗမာပြည်သစ်ဆီသို့

ဖြေးအောင်

၁၉၄၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့။ မိခင်ပါတီ နှစ်သက် [illegible]

မြို့အနှံ့တွက်
ရွှန်းလက် နီရွှေး
မွှေးနံ့တဲ့ ရှမ်းဆိုင်ကြားက
ငှက်မောက်ပန်းပွင့်များ အရောင် -

အရုဏ်ဦး
မြူးတူး ရွှင်မြူ
လောက အလှတွန်ဆိုတဲ့ဆင် -

ဆိုးမှုန် နေမှုန်
ကြယ်မှုန်အောက်
ပေါက်ဖွားရှင်သန် ပျိုးပင်များ
အားရမှုယ် ကြည်နူးမှုယ် -

လှသော
မွှေးသော
ရနံ့ သင်းထုံ
ပန်းစုံ ပွင့်သည့်တော
အရှေ့လေ တိုက်သော အခါ - - -

ရိုးယိုးလေးညို
လေကို စွန့် လျက်

ဝါလျက် ပွံ့လျက် ဝတ်မှုန်များ -
သင်းလျက် ထုံလျက် ရနံ့များ -

သာရဂါ ကျေးငှက်
ချီလျက် ပိုးလျက်
သယ်ဆောင်လျက်သွား မျိုးစေ့များ -

အရှေ့မှ အနောက်
တောင်မြောက် ဝဲယာ
ရှစ်မျက်နှာက
ဝမ်းသာ အယ်လဲ
လှိုက်လှဲ ပျံဝဲ
ကူမေ့ ကူမှာ ပြည်သူ
ဆီးယူ ပွေ့ပိုက်
စိုက်ကြ ပျိုးကြ မျိုးပွားကြလိမ့်။

ရွှန်းလက် နီမောင်း
အရှေ့တက် ဆိုးကောင်းကင်
အလှအပ ပီပြင်စွာ
တစတစ ကြည်လင်လာပြီ
" ပါတီ ကို ယုံကြည်ရမယ် -
ပြည်သူ ကို ယုံကြည်ရမယ် -
ဒီနှစ်... က်ပါက အရှင်းခံမူပါ ကွယ် "

အခုတော့ဖြင့် ကျနော်လည်း ပါတီရှိရာ နေရောင်ခြည်အောက်တွင် ရောက်နေခဲ့ပါပြီ။ မိခင် ပါတီ ၏ အနှစ် ၄၀ သမိုင်းဖြတ်ကို သိကျူးဖွဲ့ဆိုခွင့်၊ ကပြခွင့် ရနေပါပြီ။ တော်လှန်သော ပြည်သူလူထု ကြီး၏ တိုက်ပွဲဝင် သမိုင်းဖြတ်ကို ဝှက်ပြု အမှုန်းတင်ခွင့် ရပါပြီ။

" အမှောင်၏ အရိပ် " ကို ပြန်လည်ဆင်ခြင်ကြည့် မိသောအခါ စစ်အာဏာရ၊ ကြေးစားစစ်ဗိုလ် ရုံ သတ်ကောင် ဘလူက တိုက်ပွဲတွင် သေဆုံးသွားသော တောပုန်းကြီး မိုက်ညိုမောင် ကို ကပြ ခွင့် မပြုတာ၊ မိုက်ညိုမောင်ကို လက်နက်ချစေပြီးမှ ကပြခွင့်ပြုတာ၊ စစ်အာဏာ ဖိနှိပ်သွေးစုတ် သတ်ဖြတ်မှုတွေကို ဖုံးကွယ်ပြီး မွေးမြူရေး၊ စိုက်ပျိုးရေးတွေကို ကမြိုင်းတာ တွေဟာ လူတန်းစားညှပ်တည်မှု ပြသနာ၊ နိုင်ငံရေးပြဿနာ အဖြစ် ကျနော် ပြန်မြင်လာပါသည်။ ထိုခေတ်ကတော့ ကျနော်သည် အနုပညာသယ် တယောက်၏ မာနဖြင့် ကိုယ့်ကာတ် ညွှန်း ကိုယ် ပြန်ပျက်ကာပြန်လာခဲ့ခြင်းသာ ဖြစ် ပါသည်။

အခု တော့မူ ကျနော်သည် မိခင် ပါတီ ၏ ခေါင်းဆောင် ညွှန်ပြမှုဖြင့် ပြည်သူ့ ဒီမိုကရေစီ လက်နက်ကိုင် တော်လှန်ရေး တိုက်ပွဲတွင် လူ ထုကို မှီခို၍ ရန်သူကို အနိုင် တိုက် နိုင်ရန် အင်အားတွေ ပြည့်ဝနေ ပါပြီ။

တိုးနိုင် ★
၂၃ ၊ ၈ ၊ ၄၉



# ဓနုတိုင်းကြားမှာ အလှဆုံးပန်းများ ပွင့်တယ်

မငြိမ်းမာ

ဇွန်လ ၉ ရက် မနက်ခင်း။

—

ထကြပေါ့ ထကြတော့ သူငယ်ချင်းတို့

ကျမသည် အခန်းတံခါးများကို တခန်းချင်း၊ အသာအယာလိုက်ခေါက်ပြီး နှိုးနေသည်။ မနက် ၅ နာရီခွဲ လင်းစ အချိန်ကလေးမို့ အဆောင် တခုလုံး ငြိမ်သက်နေဆဲ ။ ခနနေတော့ အဆောင် တံခါးဝ ရှေ့မှာ တယောက်ပြီး တယောက် ဝတ်စုံဝတ် စွာ လူစုလာကြသည်။

“အဆင်သင့် ဖြစ်ရင် သွားကြရအောင်ဖြူဖြူ”

မချင်က ကျမကို ခနိုးဆော် လိုက်သည်။ လူ ၂၀ ခန့် ရှိသည့် ကျမတို့လူစု မက်လာဒို လမ်း မကြီး အတိုင်း လျှောက်လာကြတော့ လမ်းမကြီး သည် ရှင်းလင်းလှသည်။ ကား အသွားအလာ မ ရှိ ။ အော် - ကားလိုင်းတွေ ဖြတ်ထား ပါလား။

“အေး၊ ကောင်းတယ်ပေါ့၊ ကားမရှိ လဲ ဘာဖြစ်သေးလဲ လွတ်လွတ် လပ်လပ်လမ်းလျှောက် ရတယ်။” ဘွေးဘွေးက အားလုံး ကို အော်ပြောနေသည်။

ကျမတို့တတွေ မနေ့ညက တိုင်ပင် ထား ကြသည့် အကြံအစည် ကို အကောင်အထည် - ဖော်ကြမည်။ ပါသမျှ ပိုက်ဆံလေးတွေ ငါး ကျပ် တဆယ်စီ စုလိုက်ကြတော့ ငွေ တရာ နီးပါး ရသည်။ ခုချိန်မှာ အဖွဲ့ နှင်း သဘင် မှာ ရှိ နေတဲ့ ကျောင်းသား တွေတော့ ညကလဲ အိပ်ကြ ရမှာ မဟုတ်ဘူး။ ဒီအချိန်မှာ ထမင်းဟင်း ဆို တာ သူတို့ မေ့နေကြမှာဘဲ ။ သူတို့ အတွက် ကျမတို့ တတ်နိုင်သလောက် ....။

အင်းယား ကန်ဘောင် ပေါ်ရောက်တော့ ဝတ္ထု တွေထဲမှာ ဖတ်ရသလို လေပြေ လေညှင်း က လေးတွေ ထိပါး တိုက်ခတ်ပြီး လှိုင်းကြက်ခွံ ကလေးတွေ ထနေသည် လို့ ကျမ မမြင် ။ လွင့်မျော နေကြသည့် ရွက်လှေ ဖြူဖြူ များ သည် အလှအပ ပစ္စည်း များ မဟုတ်ကြ။ ကျမ သူတို့ကို မုန်းတီးသည်။ အင်းယား ကန်ရေ ပြင် မှာ အေးသ လှိုင်းတံပိုး ထန်နေပြီ ။

* *

“ဖြူဖြူ နင် သတ္တိ မရှိဘူးလား၊ ပြည်သူ တွေဟာ အမှန်တရား ဘက်က ရပ်ခံကြမှာဘဲ ဆိုတာ နင် ယုံတယ် ဆို ။ ခုချိန်မှာ လူငယ် တွေရဲ့ အများစု ဟာ သူတို့ ဖျက်ဆီးတာ မခံ ဘူး ။ ပြည်သူ လူထုရဲ့ တရား မျှတတဲ့ တိုက်ပွဲ တွေကို ထောက်ခံ တယ် ဆိုတာ ငါတို့ မြင်ကြ ရ မယ် ဖြူဖြူ”

ကျမ စိတ်ထဲတွင် ဝိဉာဉ် ညှပ်ရှားစွာ ရေ ရွတ် နေမိသည် ။ ကိုယ့် တွေဝေ စိတ် ကြောင့် လည်း ရှက်နေသည်။ ကျို့ တို့ ကျွဲတံ မှုသာ ရှိ သော လူစု လေး ကို ကြည့်ပြီး ကျမ၏ တွေဝေ စိတ်တို့သည် တဖြေးဖြေး လွင့်ပါး ကုန်ကြပြီ ။ ကျမသည် မချင် ၏ ပျော်လင့်နေသော မျက် လုံး များကို ရင်ဆိုင် လိုက်သည်။ ကျမနဲ့ မချင် နှစ်ယောက် ကျမတို့ သူငယ်ချင်းများ၊ ဘေးပတ် ဝန်းကျင်မှ ကျောင်းသူများ ကို စည်းရုံးကြသည်။

“တို့တတွေ အားလုံး ချီတက်ကြမယ်တော့”

ကျမတို့ အားလုံး ဘွဲ့ နှင်းသဘင် အဆောက်အဦးရှေ့ တန်းစီ ချီတက် ဆန္ဒပြဘို့ တာရှူ နေကြသည့် ကျောင်းသား အုပ်ထဲသို့ အပြေးဝင်ရောက် တန်းစီ လိုက်ကြသည်။

“ သပိတ် သပိတ် မှောက် မှောက် ”
“ မိုးဒုတ် မိုးဒုတ် ရှို့ ရှို့ ”

ကြွေးကြော်သံ တို့သည် ဟိန်းညံ လာသည်။ မကြာခင် ကျမတို့ လက်ထဲတွင် ပိုစတာ များ ရောက်လာသည်။ ချီတက်လာသည့် အဓိပတိလမ်း မတလျှောက် တစုစီ တစုစီ ရှိနေကြ သည့် ကျောင်းသူ ကျောင်းသား အားလုံးကို ပါဝင်ဘို့ ကျမတို့ ခေါ်သည်။ တဖြေး ဖြေး လူတန်းရှည်ကြီး သည် ပို၍ ကြီးမား ရှည်လျား လာသည်။ ပါဝင် လာကြသည့် လူတိုင်းကို လက်ခုပ် ဩဘာ ပေး၍ ဆီးကြိုကြသည်။

ပြည်၊ တကောင်း ဆောင်များ အနီးရောက်တော့ ကျောင်းသား ခေါင်းဆောင်တယောက် က ကျမတို့ ကျောင်းသူ များကို ဝင်းထဲဝင်ပြီး စည်းရုံးဘို့ အကြံ ပေးသည်။ ကြွေးကြော် သံ များဖြင့် အဆောင်ဝင်းထဲ ကျမတို့ ဝင်ကြသည်။ တဆောင်ပြီး တဆောင် လိုက် လှည့် ခေါ်သည်။ ပုဂံ၊ တကောင်း၊ ပြည် ကျောင်းဆောင် အားလုံး လှုပ်ရှား နေသည်။ ဆရာမ များက အဆောင် တံခါး များကို သော့ခတ် ထားကြသည့်အတွက် အထဲတွင် ဆူညံနေသည်။ မကြာခင် တံခါးများ ကျိုးပွင့် လာကြသည်။ ခရေ လမ်းပေါ်တွင် မူလ က ကျောင်းသား တစု ကြီး နှင့် ပြန်ဆုံသည်။ လက် ခုပ်သံများ မြိမ်း ညံ သွားသည်။

ပညာရေး တက္ကသိုလ်၊ လိပ်ဆုံး၊ ကမာရွတ် အဝိုင်း ဖြတ်ကျော် ခဲ့ကြသည်။ အသံ တွေလဲ နာ ကျန်ပြီ။ တချို့ အသံ မထွက်ကြတော့။ နေလဲ ပူစပြုပြီ။ မအေးသန်းက အကြံရသည်။ “ အ သံထွက် အောင် သံပုရာသီး စားကြရအောင် ” ကျမတို့ အတန်းထဲက ကျောင်းသား တ ယောက်ကို သူက လှမ်း ခေါ်လိုက်သည်။ “ ကို မြင့်ဇော် ကျမ တို့ကို သံပုရာသီး ဝယ်ပေးပါ ” သူ့ ဆီမှာကြွင်းကျန်နေသော ငါးကျပ်တန် တ ရွက်ကိုလည်း ပေးလိုက်သည်။ ကိုမြင့်ဇော် တ ယောက် တန်းစီ ချီတက် နေသော လူ အုပ် ကြီးထဲမှ ပျောက်သွားသည်။ ခဏကြာတော့ သံ ပုရာသီး အခြမ်းများကို သူ့ တိုက်ပုံအင်္ကျီ နှင့် ထုပ်ပြီး ပြန်လာပေးသည်။

သပိတ် သပိတ် မှောက် မှောက်
မိုးဒုတ် မိုးဒုတ် ရှို့ ရှို့
နေဝင်း နေဝင်း ဘို့ ဘို့

ရှေ့မှ ကျောင်းသား တယောက်က ကျမတို့ ကျောင်းသူ များဆီ လှည့်၍ လာပြောသည်။

“ ရဲဘော် တို့ ဂုံ ချော် စက် လမ်းဆုံ ကို ရောက်တော့မယ်။ စက်ရုံက အလုပ် သ မား တွေဆီ သွား စည်းရုံး ကြရအောင်။ ခင်များ တို့ ထဲက ဆယ်ယောက်လောက် ခွဲ လိုက်ခဲ့စေ ချင်တယ်။ ဖြစ်ပါ့ မလား ”

ရဲဘော် တို့ ခေါ်သည့် အသုံး အနှုန်းက ကျမ နားထဲမှာ စိမ်းမြနေသည်။ ညို သော် ရင်ထဲမှာ ကြည်နူးစရာ လှိုင်း များ ရိုက်ခတ်သွားသည်။

“ ဘာလို့ မဖြစ်နိုင် ရမှာလဲ သိပ် ဖြစ်နိုင် တာပေါ့ ” ဆိုသည့် ကျောင်းသူများ၏ အသံ များ ပေါ်ထွက်လာသည်။

*　　　*

ကျမတို့ တစု ခွဲထွက် လာကြသည်။ စက်ရုံ ရှေ့မှာ ရောက်တော့ ရင်ထဲမှာ မော သွားသည်။ စက်ရုံသည် အသက်မရှိ တိတ်ဆိတ်နေသည်။ ဂိတ်ဝ မှာ စက်ရုံ ဝန်ထမ်း များဟု ယူဆ ရ သူ များ ရပ်နေကြသည်။ ကျမတို့ဘက်လှည့်ပြီး

“ စက်ရုံထဲမှာ အလုပ်သမားတွေ မရှိ တော့ ပါဘူး။ ဒီနေ့ အလုပ် နား ပေး လိုက်လို့ အေးအေး ချမ်းချမ်း နဲ့ အလုပ်ဆင်း သွား ပါပြီ။ မယုံ ရင် စက်ရုံထဲ ဝင်ကြည့် နိုင် ပါတယ် ” နောက် ဆုံး ပိတ် အတွန့် တက် လိုက်သော စကား ကြောင့် စိတ်ထဲမှာ ဒေါင်းကနဲ ဒေါသ ထွက် သွားသည်။

“ ခင်များ တို့က အလုပ်သမား တွေကို ဘယ် နှစ်နာရီ စက်ရုံထဲက အပြီး ထွက်သွားပါ ဆို ရင် အလုပ်သမား တွေက ထွက်သွား ကြ ရ မှာဘဲ။ အေး လေ – ခင်များ တို့ က အာဏာ ရှိတဲ့ သူ တွေကိုး။ ဒါကိုဘဲ အေးအေး ချမ်း ချမ်း အလုပ်ဆင်း သွား ကြပါပြီ လို့ ခင်များ တို့ ပါးစပ်က အရှက်မရှိ လိမ်ညာ ပြောနေ တယ် ” ဟု စိတ်ထဲမှာ ရေရွတ် ပြောနေမိသည်။

စာရွက် စာတမ်း များ ကိုင်ထားသည့် ကျောင်း သား တယောက်က “ ကဲ – အားလုံး အ ပြင်ကဘဲ စောင့်နေကြ၊ ကျနော် တယောက် ဘဲ အထဲဝင်ပြီး ဒီစာရွက်တွေ ချခဲ့မယ် ” ဟု

မောပြီး စက်ရုံထဲ ဝင်သွားသည်။

သူ့ ကျောပြင်ကို ငေးကြည့်ရင်း ကျမတို့ အားလုံး ကျန်ခဲ့ကြသည်။ ပတ်ဝန်းကျင်ကို အာမှတ်မထင် ကြည့်မိတော့ စက်ရုံရှေ့ မလှမ်းမကမ်းမှာ အကြော်တဲလေးတခု ၊ အကြော်တဲလေး ဟိုဖက်မှာ ဆိုက်ကား ၂ စင်း ရပ်ထား သည်။ ဆိုက်ကား သမားကြီး နှစ်ယောက်က ကျမတို့ကို အကဲခတ်ကြည့်ရင်း သူတို့ အချင်းချင်း တိုးတိုး စကားများ ပြောနေကြသည်။

“ ဖိုက် ဆာ ရိုက်တာ ဟယ် ” တွေးတွေးသည် ကျမတို့ထဲမှာ အငယ်ဆုံး ၊ မသိတတ်ဆုံး လို့လဲ နာမည် ရသူ ။ ကိုယ့် အတွေး များနှင့် ကိုယ် ငြိမ်သက် နေရာက သူ့ အသံကြောင့် သူ့ကို လှည့်ကြည့် မိသည်။ သူ့ ကျယ်လောင် သော အသံက အနီးမှ ကျောင်းသား များဆီ လည်း ရောက်သွားသည်။

တိုက်ပုံ အင်္ကျီ အဖြူနှင့် ပန်းရောင် လွယ်အိတ် ခပ်နွမ်းနွမ်း လွယ်ထားသည့် ကျောင်းသား တယောက်က ကျမ တို့ကို အကြော် တခု စီ လာပေးနေသည်။ တွေးတွေး အသံကြောင့် အမြေး အလှူး ဝယ်လာပုံ ရပါသည်။

“ စားကြမျာ ၊ ပူတုန်းပေါ့ ၊ ခင်များ တို့ ထမင်း စားခဲ့ကြရမှာ မဟုတ်ဘူး ”

သူ့ မျက်နှာက တည်ကြည် ဖျတ်လတ် သည့် အသွင်ကို ဆောင်နေသော်လည်း မျက်လုံး များ က ညှိုးငယ် နေသည်။ သူတို့လဲ ဘာစားရဦးလဲ ။ ထမင်းစားကြရဦးမှာ မဟုတ်ပါဘူး၊ အေး လေ ဂါတ်တိုက်မှ အိပ်ရေး ဝအောင် အိပ်ခဲ့ရ ပါသေးတယ် ”၊ မဆာပါဘူး ပြောသာ ကျမတို့ တွင်တွင် ငြင်းနေမိသည်။

“ ရော့ ရော့ ခလေး ” ဒီ- စောစော က ဆိုက်ကား သမားကြီး နှစ်ယောက် ပါလား ..။ လက်ဝဲက ထမင်း ထုပ် တထုပ် ကို ကျမ တို့ ဆီ ပေး နေသည်။

“ နေပါစေ ဦးလေး ၊ ကျမ တို့ မဆာ ပါဘူး ။ ဦးလေးတို့ ဆာမှာပေါ့ ၊ ဦးလေးတို့စား ပါ ” ကျမသည် အားနာစွာ ထမင်းထုပ်ကို ပြန်ပေး နေရသည်။ မအေးသန်းက တွေးတွေး ကို မကျေမနပ် မျက်စောင်း ထိုး နေ သည် ။

“ ဦးလေး တို့က တူမ တို့ကို ကူညီ အား ပေးတဲ့ အနေနဲ့ ပေးတာပါ ။ ကျောင်း သူ - ကျောင်းသား တွေရဲ့ တိုက်ပွဲ ကို ထောက် ခံ တာပါ ။ ဦးလေးတို့ အတွက် ဘာမှ မပူပါနဲ့။ ခလေးတို့က ပိုပြီး ဆာ မှာပေါ့ ။ ဒီ ထမင်း ထုပ် ကို ယူပါ ”

ကျမ မျက်လုံး အိမ်ဝယ် စို့စွတ်သော မျက် ရည်များ အလိုလို နေရင်း စု လာကြ သည် ။ မျက်ရည် များ မကျ စေရန် မျက် တောင် ဖြင့် ပုတ်ခတ် ဖယ်ရှားနေရသည်။ ကျမ လက် ထဲတွင် ထမင်းထုပ် ကို ကိုင်ထား မိသည်။ ကျမ စကား ပြောနိုင်စွမ်း မရှိတော့ပါ ။ ဒီ ပြည် သူ လူထု တွေဟာ ကျမတို့ရဲ့ မိဘ တွေပါဘဲ။ ရင်ထဲမှာ တိုးတိုး သာသာ မြည်တမ်းနေမိသည်။

* *

အင်းစိန် လမ်းမပေါ် သို့ ကျမ တို့ ပြန် ရောက်တော့ နေသည် ပူလှပြီ ။ လွန်ခဲ့တဲ့ တ နှစ်က ဒီ လမ်း ပေါ်မှာ အလုပ်သမား တွေ -၊ ကျောင်းသား တွေရဲ့ သွေးတွေ စွန်းထင်ခဲ့သည်။ လမ်းမလယ်မှာ အသက်သွေးတွေ စတေး ခဲ့ရ သည်။ သူတို့၏ တိုက်ပွဲ များသည် ဂုဏ် ရောင် ပြောင် လှသည် ။ လူတွေကို လမ်း မ လယ်မှာ ပစ်သတ် ရက်ခဲ့ သူများ ကတော့ ရှက် စရာ ကောင်း လောက် အောင် ယုတ်မာ အကျည်း တန် လှသည်။

နေ အပူ ရှိန်သည် ပြည်သူ လူထုကြီး၏ ဒေါ သ အပူ ကို အံမတုနိုင်။ ကတ္တရာ စေး တို့ အရည် ပျော်စ ပြုပြီ။ ဒီလမ်းပေါ်မှာ သိန်း သောင်း ချီသော ကျမ တို့၏ ခြေရာများ ထင် ကျန်ရစ် လေပြီ။

တသုတ်ပြီး တသုတ် လူထုကြီးသည် ဦး ဝေး ချီ တက် နေသော လူထုကြီး ထဲ လာပေါင်း ကြသည်။ လူပေါင်း အရွယ် ပေါင်းလဲ စုံသည်။ ကျမတို့ ရှေ့တွင် အဖိုးရာ များပါသော ဖဲ ထီး အဆုတ်ကြီး များနှင့် အဒေါ်ကြီး များ၊ အ သက် ၅၀ ကျော် အရွယ် အဖွားကြီး များ ပါ ပါသည်။ အမေတို့ မလိုက်ပါနဲ့ သိပ် ပင်ပန်း မှာပေါ့ ပြော တားကြည့်သေးသည်။ သို့သော် ပြည်သူ များ၏ အင်အား ကို တားဆီး မရ နိုင် မှန်း ကျမ လက်တွေ့ ကြုံရသည်၊ စောစော က အေးချမ်းစွာ အလုပ်ဆင်းသွား ကြပါပြီဆိုသော အလုပ်ရုံ များက အလုပ်သမား ကြီးများ၊ အလုပ် သမ ကြီးများ သည် ဤ အထဲတွင် ပါဝင် နေကြ ပေလိမ့်မည်။

" အဖမ်းခံ ကျောင်းသား အလုပ်သမား မြန်ချွတ်ရေး - ဦး အရေး "

" နေဝင်းဆန်းယု အဦးရ-ကျဆုံးပါစေ "

သပိတ် သပိတ် - မှောက်မှောက်

မီးခွက် မီးခွက် - ရှိရှိ

နေဝင်း နေဝင်း အုံ နှုံ

" အမေကမွေး ထောင်ကကျွေး - အင်းစိန် ထောင်ကြီး တစ်ချို့ ထပ်ချို့ " .

ကျမတို့၏ ဦးတည်ရာ လမ်းကြောင်းသည် အင်းစိန် ထောင်ကြီးဆီသို့ ရှေ့ရှုနေသည်။

အင်းစိန်ဈေးတဝိုက် ရောက်တော့ လမ်းက လည်း ကျဉ်းမြောင်းလာသည်။ လူထုကြီး လည်း အဆမတန် များပြားလာသည်။ ရေဝိုက်သူများ၊ မုန့်ရောင်းသူများက မနဲလှ။ အင်းစိန်ဈေး ရှေ့တွင် အတန်ကြာ ရပ်နေကြရသည်။

" သားရယ် ဒါ အမေ့ အလှူပါ၊ ဒါကို လက်မခံရင် အမေ စိတ်ကောင်းမှာ မဟုတ်ဘူး။ ဒီ ကောက်ညှင်းပေါင်းတွေကို သားတို့စေ စားပါ "

အဖွား အို တယောက်က သူ့ ခေါင်းပေါ်တွင် ရွက်ထားသော တောင်းကို အတင်းယူခိုင်း နေသည်။ ကျောင်းသားက လည်း အတင်း ငြင်းသည်။ တနေ့တာ ဝမ်းစာကို ဒီကောက်ညှင်း ပေါင်းတောင်းပေါ်မှာ အမှီပြု ရှာဖွေစား သောက်နေရသော အမေ့ ကောက်ညှင်းပေါင်း ကို ဘယ်လို စားရက်ပါမည်နည်း။

" အမေ့သားလေးလဲ အရင်က ဒီမီးရထား စက်ရုံမှာ အလုပ်လုပ်တယ် ။ ခုတော့ ... "

ရှိုက်သံနှင့် အတူ အမေ့ စကားသံများကို မသဲ မကွဲသာ ကြားရတော့သည်။ ထိုသော် အမေ့ ခံ သားချက်ကို ကျမတို့ နက်ရှိုင်းစွာ နားလည် လိုက်ပါသည်။

အမေ့ ပါးပြင် ပေါ်တွင် မျက်ရည် စ များ စီးဆင်းကျ နေသည်။

တရား မျှတ တဲ့ တိုက်ပွဲများအတွက်၊ စက် ရုံတွေမှာ အလုပ်သမားတွေ ၊ စာသင် ခန်း တွေဆီမှာ ကျောင်းသားတွေ တယောက် ပြီး တယောက် ကြက်ပျောက် ငှက်ပျောက် ပျောက် ခဲ့ပြီ။ မြမာပြည် တောတောင် ရေမြေ တန္ဒ မှာ ဆင်းရဲ ဒုက္ခ အမျိုးမျိုး ကြောင့် အမေ့ လို အမေ ပေါင်း များစွာ ရှိနေပါလိမ့်မည် ။ အမေတို့၏ မျက်ရည်များ ခန်းခြောက်စေချင် ပါပြီ " ။

* *

အင်းစိန်ထောင်အဝ ဝယ် ကြေးသား ခပ် မူလိပ်များက အရုပ်များသဖွယ် မလှုပ် မယှက် ရပ်နေကြသည်။ သူတို့ကြားထဲမှာ လူထုကြီး သည် တိုးဖောက် ဝင်ရောက်သွားပြီ။

ထောင် အုတ်တံတိုင်း များကြား၊ ရွေ မတ် လျှောက်ကြရင်း -

အဖမ်းခံ အလုပ်သမား ကျောင်းသား မြန် လွှတ်ရေး - ဦးအရေး


နေဝင်းစန်းယု အဦးရ-ကျဆုံးပါစေ

ကြွေးကြော်သံ များသည် မိုးခြိမ်းသံ များ ပမာ ဂယက်ထုံနေသည်။ တမိုးလုံး ကို လည်း လွှမ်းမိုးသွားလိမ့်မည် ထင်ပါသည်။

ထောင်က ထွက်လာပြီး အမြန် ခရီးတွင် လူ ထုကြီးသည် လျော့မသွား ။ ပိုမို သိပ်သည်းလာ သည်။ ရှေ့နောက် ကြည့်လိုက်တိုင်း လူ ပင် လယ်ကြီးသည် အဆုံးကို မမြင်နိုင် ။ ကျမတို့ ခြေလှမ်းများလည်း ဂုဏ်ယူနိုးကြား လေးလံ ခြင်း မရှိ၊ သွက်လက်ဆဲ ။ ခရီးတာကို ကျမတို့ ဆက်လက် လျှောက်ကြမည်။

လမ်းလျှောက်ရင်း ကျမ အတွေးဝယ် ဆိုက် ကား သမား ဦးလေး နှစ်ယောက် ၊ ကောက် ညှင်းပေါင်း ရောင်းသည့် အမေ ။ သူတို့ ရုပ်ပုံ လွှာများ ကပ်ငြိ ပါလာသည်။ မမေ့နိုင် လွမ်း သော ဇာတ်နာများ ... ။ တသက်တာ မမေ့ နိုင်မည့် လူတန်းစား ချစ်ခင်မှု၏ ပြယုဂ်များ ဖြစ်ပါလိမ့်မည်။ သူတို့ ခံစားချက်များ ကို လည်း ကျမ နားလည် နိုင်ခဲ့ပြီ။ ပြည်သူ လူထုများ၏ တိုက်ပွဲများက ကျမတို့ကို မနှံ့ လှသော သင်ခန်းစာများ သင်ကြား ပေး လိုက်သည်။ ကမ္ဘာ့ရှုခင်းသမိုင်းမှ တစ္ဆေသခင် ရုပ် သာလမ်းဖက်ချိုး ဝင်လိုက်တော့ နေလည်း ညို ပြီ ။ ကောင်းကင်ပြင်လည်း အုံ့ဆိုင်းစပြုနေပြီ၊ လေအရှေ့ တွင် မိုးရေစက်ကလေးများ တပေါက် နှစ်ပေါက် ဝဲ့ ဝဲ့ လွင့်စင်ကျလာသည်။ အဆိပ်တိုလမ်းမတလျှောက် တွင် နေရာလပ် မရှိ။ လူပင်လယ်ကြီးမြင့်မြင့်ချ က်။ လူထုကြီး ကား ... ဒီရေ ဒိုင်းလုံး ကြီးများ သ ဖွယ် တရှိန်ထိုး ချီတက် နေဆဲ ... ★

# ရေတန်းပြန်ကြေးစားတပ်မှူး
# အဖွားအို



ဗွေဦးရဲ့ တပေါင်းလနေ့တနေ့။

နေရာကား လွတ်မြောက်တဲ့ဒေသ၊ ဝတောင်ခရိုင် တွင်းရှိ ပန်ဆန်းမြို့နယ် ကောင်းမှုရွာကလေး မှ ညောင်ပင်တပင်အောက်။

ပင်လုံးကျွတ် ဝေဝေဖူးသစ်နေသော ညောင်ချဉ် ရွက်နုကလေးများကို ဆွတ်ခူးနေသည့် အဖွားအိုတဦး။

အသက် ၆၀ ကျော်လောက် ရှိမည့်ရသော အဖွားအို သည် ညောင်ချဉ်ရွက်များ ဆွတ်ခူးနိုင်ဖို့ ညောင် ကိုင်း ကို ချူတံ နှင့် နှိမ့်လိုက်၊ ညောင်ကိုင်းက မြှုံးကနဲ ပြန်တက်သွားလိုက်နှင့် ဖြစ်နေသည်။ အဖွားအို နဲ့နဲ မောလာသည်။

မောလာသည့်အိုင်အောင် တကြိမ် နှစ်ကြိမ် ထပ် မံပြီး ကြိုးစားနေသော်လည်း ညောင်ချဉ် ကိုင်း ကို အလိုင် ဆွတ်ခူးလို့ မရ ဖြစ်နေပါတော့သည်။

ထိုအချိန်မှာ တပက်တောင်ကုန်း မြင့်ပေါ်မှ ၊ ဆင်းလာသည့် ပြည်သူ့ တပ်မတော်သား ရဲဘော်တဦး အဖွားအိုနားကို ရောက်လာပါသည်။ ပြည်သူ့ တပ်မ တော်သား သည် မိမိသွားရမည့်ခရီးကို ဆက် မ သွားသေးဘဲ တံချူတံကို မြေမှာကောက်ကာ အမော ဖြေနေသည့် အဖွားအိုနားကို တဖြေးဖြေး တက် သွားပြီး၊

" အဖွား ခင်ဗျား၊ အဖွား မောနေပြီ၊ အမော ဖြေပါဦး။ ကျနော့်ကို တံချူ ခဏ ပေးပါ၊ ကျနော် ခူးပေးပါ့မယ်။ "

စကား မဆုံးခင်မှာဘဲ အဖွားအို ၏ လက် တွင်းက တံချူတံ ကို ပြည်သူ့တပ်မတော်သား က ရိုရိုသေသေ လှမ်းယူလိုက်သည်။

အဖွားအို သည် ဘာမှ မပြောဘဲ၊ ပြည်သူ့တပ် မတော်သား ရဲဘော် ကိုသာ ပြုံးကြည့် နေသည်။

ရဲဘော်သည် ညောင်ကိုင်း များကို တလိုင်းပြီး တလိုင်း ဆွဲနှိမ့်ကာ ညောင်ချဉ်ရွက်နု ကလေး များကို အိတ်ပါ လက်ပါ ခူးယူပြီး အဖွားအို၏ ပ လိုင်းထဲကို အဖိတ်အစင် မရှိအောင် ထည့်ပေးနေသည်

ညောင်ချဉ်ရွက်နုကလေးများ တော်တော် ရ လာသည့်အခါ အဖွားအိုမှာလည်း အမောပြေစ ပြု လာပုံရ၏။ နှစ်ယောက်သား ပြုံးပြုံး ရွှင်ရွှင် နဲ့ ညောင်ချဉ် ရွက်နုကလေးများကို ခူးကြသည်။ ပ လိုင်း တ လုံး ပြည့်သလောက် ရှိသွားမှ

" အဖွား ကျနော် သွားအုံးမယ် "

ပြည်သူ့တပ်မတော်သားသည် အဖွားအို၏ တံ ချူတံ နှင့် ပလိုင်း ကို ပြန်အပ်ပြီး ခရီးဆက်ထွက် ခွာ သွား ပါတော့သည်။

ပြည်သူ့ တပ်မတော်သား ရဲဘော်သည် ညောင် ပင်ရိပ်မှ အဖွားအိုနှင့် တဖြေးဖြေး ဝေး၍ ဝေး၍ သွားခဲ့ပါပြီ။

အဖွားအိုမှာ ဝမ်းသာ ကြည်နူး၊ ကျေနပ် နှစ် သိမ့်နေသည့် ပြည်သူ့ တပ်မတော်သား ရဲ့ နောက် ကျောပြင်ကို အပြုံးနှင့် ငေးကြည့်နေသည်။

သောတော က ယောပန်း နွမ်းနယ် ပြီးမှပြုံး လိုက် ရသောကြောင့် အဖွားအို၏ အပြုံးသည်၊ လန်း ဆန်း အားတက်မှုတွေနဲ့ ပြည့်နေပါတော့သည်။

ယင်း အဖြစ်အပျက် ကလေးသည် ၊ လွတ် မြောက် ဒေသရှိ ပြည်သူ့တပ်မတော်သား ရဲဘော် များ နှင့် ပြည်သူလူထုကြီး နေ့စဉ်ဆက်ဆံယှဉ် ကူ ညီ၊ သည်းလုံးနေမှုတွေထဲက တကွင်းတ ကွက် မျှသာ ဖြစ်သည်။

မလွတ်မြောက်ခင်က ကျွန် အဖွားအိုမှာ ရွှေ ကောက်ရှည် လျား၊ ယမြောင်လှတဲ့ ပဒေသ ရာဇ် မြေရှင်၊ တော်ဘွား၊ မြို့စား ဆိုးတွေ၊ ကာကွယ် ရေး အမည်တပ်ထားသည့် နေဝင်းစစ်အုပ်စု ၏ ဆောင် ခမြူ ပျိုးစုံတွေ၊ နေဝင်း စစ်အုပ်စု ကြေး စား တပ်တွေ၏ မတရား ဖိနှိပ် ချေးဆုတ်ခွ အဖုံဖုံ ကို တပြောက်လုံး ခံခဲ့ရသူတွေထဲ က တဦး ဖြစ်သည်။ တချိန်က စနစ်ဆိုး ၃ ခုရဲ့ ဒဏ် ကို အလူးအလဲ ခံရသူ တဦး ဖြစ်သည်။

အဖွားအို နှင့် ပြည်သူ့ တပ်မတော်သား ရဲဘော် တို့ ဆက်ဆံပုံ မြင်ကွင်းကို သေသေချာချာ မြင် လိုက်ရသည့် ကျနော်သည် အဖွားအို နှင့် ထပ်

တူ ထပ်မျှ ရွှင်လန်း ကြည်နူး နေမိပါသည်။ တခါက် ထဲမှာပင် ဖေါက်ပြန်မှားယွင်းတဲ့ လမ်းညွှန် ပေါ်လစီတွေ ကျင့်သုံးနေသည့် နေဝင်းစန်းယု စစ်အစိုး ရ မတရား ဖိနှိပ် ချုပ်ချယ်မှုကို ခံနေရသည့်ဆွေး ဆုတ် ညှိုးပန်းမှု အတွေ့တွေကို နေ့စဉ်ရက် ဆက်၊ မျက်ရည် စက်လက် နှင့် ခံနေရသည့် မလွတ် မြောက်သေးသည့် ဒေသရှိ အဖွားအိုတွေရဲ့ ဘဝကို တွေးကာ မြင်ယောင် လာမိပါတော့သည်။

တခါက မန္တလေးက ရန်ကုန်ကို ကျနော် ရထားစီး လိုက်ခဲ့သည်။ မန္တလေး ဘူတာက စ၊ မထွက်ခင်ကတဲက ငပိ ငချဉ် သိပ်ပြည့်နေသည့် ခရီးသည် ရထားတွဲ နှင့် လူ မဆန့် မပြဲ ဖြစ်နေ သည့် ရထားကို ကြည့်ကာ မသက်မသာ လိုက်ခဲ့ရပါသည်။

တဘူတာပြီး တဘူတာ ဆင်းသူက နည်း တက်သူက များ နှင့်မို့ မြေတချ နေရာကလေး ရဖို့ အတွက် အသက်စွန့်ပြီး တိုးဝှေ့ နေရာလု နေကြရသည်။ လူကြီး လူငယ် သားသည်အမေ၊ အဖိုးအို၊ အဖွားအိုတွေ အလုအယက် တက်နေကြရသည်။ ကြောက် ခမန်းလိလိ မြင်ကွင်းကို စိတ်ညစ်ညူးစွာ ကြည့်ကာ လိုက်ခဲ့ရသည်။

သို့နှင့်ပင် နာနတ်သီး ပေါသည့် ထုံးကြီး ဘူတာကို ရထား ဆိုက်လာပါသည်။ ကျနော့် စိတ်အထင် ရထားရပ်ချိန် ၅ မိနစ်ထက် မကြာ ပါ။ ဒီလိုရပ်နေစဉ် နာနတ်သီး တောင်းကြီး ခေါင်းပေါ် ရွက်ကာ၊ တတွဲပြီး တတွဲ နေရာ ရလိုရငြား တိုး ဝှေ့ တက်ဖို့ ကြိုးစား ကြည့်နေသည့် အသက် ၅၀ ကျော် အဖွားကို မြင်ရပါသည်။

အချက်ပေး ခရာသံ ထွက်ပေါ်လာပါပြီ။ အဖွား နေရာ မရသေးပါ။ ယောင်လယ်လယ်ဖြစ် နေ တုန်း ပါ။ မကြာပါ။ ရထားဘီး စ လှိမ့်လာသည်။ ကျ ရထားတွင် ရထားတွဲပေါင်း ၁၂ တွဲ ရှိသည့်အနက် လူစီးတွဲက ၉ တွဲ ၊ ၁ တွဲက ကြေးစား ဗိုလ်သီး ကြီးတွေနှင့် ငွေကြေး ပြည့်စုံသောသူတွေ စီး လိုက် လာတဲ့ အထက်တန်းတွဲ ၊ ၂ တွဲ မှာတော့ " ရှေ့ တန်းပြန် " ဆိုတဲ့ စာတမ်းကြီး ရေးထားတဲ့ကြေး စား တပ်သားတွေ စီးလိုက်လာသည်။

ရှေ့တန်းပြန် ကြေးစားတပ်သား တွေသည် တ လမ်းလုံး စိတ်မချမ်းသာစရာ ရှုခင်း ရှုကွက် နှင့် သူတို့ ဘာမှ မပတ်သက် သလို ၊ တလမ်း လုံး သောက်စား မူးယစ် ပျော်ပါး လိုက်လာကြသည်။

သူတို့တွဲ မှာတော့ နိနိ ချောင်နေသည်။ ထို့ ကြောင့် ၉ တွဲမှာ နေရာရဖို့ အခြေအနေ မရှိ တော့တဲ့ အဖွားသည် လူချောင်နေသည့် ကြေး စား တပ် တွဲပေါ်သို့ သူ့ရဲ့ နာနတ်သီး တောင်း ကြီးကို အရင် တင် လိုက်ပါသည်။

လူကတော့ ရထား တွဲ ပေါ် မရောက် သေး ။ တောင်း နေရာ ရ သွားတော့ ရထား အရှိန် ရစ ပြုနေပါပြီ။ အဖွားသည် သူ့ ရှိတဲ့ အင်အား တွေ အစွမ်းကုန်ထုတ် အသုံးပြုကာ ကသော ကမျော ပြေးလိုက် နေ ပါသည်။

အဖွား၏ မျက်နှာမှာ စိုးရိမ် ရိပ်တွေ၊ ထိတ် လန့်မှုတွေ ၊ အားငယ် မှုတွေ နှင့် ပြည့်နှက် လို့ လာပါတော့သည်။

ကျနော်နဲ့ တကွ တွဲတွေပေါ်က မြင်နေ ရသူ တွေ ဘူတာရုံက နေရာမရ၍ ကျန်နေခဲ့သည့် သူ တွေနဲ့ ခရီးသည်တွေ၊ လာလိုက်ပို့ နှုတ်ဆက် သူ ကြိုဆိုသူတွေမှာ သဲထိတ် ရင်ဖို စရာ အဖွားအို ရဲ့ မြင်ကွင်းကို ရင် တမမနဲ့ စိုက်ကြည့် နေမိ ကြ ပါသည်။

ကတိုက်ကရိုက် ပြေးလိုက်နေတုန်း အဖွား မှာ မမျှော်လင့်ဘဲ နာနတ်သီး အခွံ တခုကို တက် နင်း မိကာ လဲကျ သွားပါတော့သည်။ အဖွားသည် သူ့ ကိုယ်ပေါ်က နာကျင် မှုကို ဂရုမထား နိုင်။ အရူး ယားဖါးယား ပြေးလိုက် လာပါသေး သည်။ လဲကျ မသွားခင် ပြေးလိုက် တုန်းက တောင်း မမှီ သည့် ရထား၏ သွားနှုန်း ကို လဲကျပြီးမှ ပြန် ထလာ ရ သည့် အဖွားမှာ ဘယ်လိုမှ မမှီနိုင် တော့ ပါ။

ဒီအဖြစ်ကို တွေ့မြင်နေကြသည့် ဘူတာရုံ ရှိ လူအုပ်ကြီးထဲက အတော်များများသည် ကြေးစား တွဲ ပေါ်မှာ ပါသွားသည့် နာနတ်သီးတောင်း ပြန် ချပေးဖို့ အော်ဟစ် ပြီး ကူညီ တောင်းပေးကြသည်။

ဘူတာရုံ တခုလုံးနဲ့ ရထားတွဲ ပေါ်က အော် သံတွေကြောင့် ဂုဏ်ဂုဏ် သဲသဲ ဆူဆူညံညံ ဖြစ် သွားပါသည်။

အဖွားအို အဖြစ်ကို သနားညှာ၊ ထောက်ထား မှုကင်းစွာနဲ့ ကြေးစား တပ်သားတွေ မသိ ဟန် ဆောင်နေကြသည်။

အဖွား အတွက် ကူညီ အော်ဟစ် တောင်းပေး ကြသူ တချို့က ကြေးစား တပ်သားတွေ ရထား သံကြောင့် မကြားဘူး ဟု ထင်ကာ ဆွင့်ရှုတ် ရ တော့ မလိုလို ဖြစ်သွားကြသည်။

အဲဒီ အချိန် မှာဘဲ " ရှေ့တန်းပြန် " ကြေး စား ရထား တွဲပေါ်က အဖွား၏ နာနတ်သီးတောင်း ကြီးသည် နာနတ် သီး တလုံး မှ မပါတော့ဘဲ

ဘူတာ ၌ အလံတိုင် နား အရောက်မှာ နောက် ကနဲ ထွက်ကျ သွားပါတော့သည်။

ဘူတာရုံမှာ ကျန်နေခဲ့ရသည့် အဖွားအို၊ အဖိုးအို အတွက် ရထားသက် ကြသည့် လူထုကြီး လှုပ်လှုပ်ချမ်း အကြောင်းအတာရား ရှိကြသူများ အဖို့၊ ရွှေတန်းမြန် ဆိုင်းဘုတ်ကြီး အောက်က ကြေးသားတပ် သားတွေရဲ့ မသက်သာ မချင်း မချမ်း မသာ လှုပ်ဆော်သည့် လုပ်ရပ်ကို ခံပြင်း ဒေါသ ထွက် ကြသည်။

ကျောင်းသားနှင့်တကွ ရထားတွဲ ပေါ်မှာ ပါလာကြသည့် ခရီးသည်တွေထဲက မြင်ရသူတွေမှာ ရင်ထဲတွင် နာကျည်းရှုံ့မှုန်း ဆက်ဆုတ်စရာ ကြေးသား တပ်သားတွေရဲ့ ပြုမူပုံကို မခံမရပ်နိုင် ဖြစ်ခဲ့ရသည်။

ဒီအကြောင်းက ကျောက်ကို တသက် တာမေ့လို့ မရသည့် မြင်ကွင်းတွေထဲမှ တခုဖြစ်ပါသည်။

တိုင်းကြောင်းဝင် လွတ်မြောက်ဒေသ မှာရှိကြ သည့် ပြည်သူတွေနှင့် ပြည်သူ့တပ်မတော်သား တွေ၏ နွေးထွေးကြင်နာ ယုယမှုတွေထဲက ပျော်ရွှင် ဖူးဦး နေသည့် အဖွားအိုနှင့် ပြည်သူ့တပ်မတော်သား တို့ရဲ့ မှုန်မြောက်လှတဲ့ ရုပ်ပုံကားချပ်သည် မနေ့လေး ရန်ကုန်သွား ရထားတွဲ ပေါ်မှ " ရွှေတန်းမြန် " ဆိုင်းဘုတ် အောက်က ကြေးသားတပ်တွေ၏ ပက် စက်ယုတ်မာမှုကြောင့် ရင်နာခဲ့ရသော ထုံးကြီး ဘူ တာမှ အဖွားအိုတို့ ရဲ့ ဖြစ်ရပ်တွေကို မှုင် ကြည့် မိပါသည်။

ဒီကနေ့ နေဝင်း စန်းယု စစ်အုပ်စု တွေရဲ့အ ပေါ်ယံ ရွှေမှုန်ကြဲအလဲကနောက်ကွယ်ခံ ကြေး သား တပ်တွေရဲ့ အဖြစ်မှန်တွေကို ဖွင့်ဟ ပြ လိုက် သလို ကျနော် ခံစား မိပါတော့သည်။

အဖွားအို ၊ အမယ်အို ၊ အဖိုးအို ၊ လူငယ် လူ ရွယ် ၊ ဖိနှိပ်ခံ ပြည်သူ လူထုကြီး တရပ်လုံးရဲ့ ဘ ဝ သာယာချမ်း မြေ့ ပျော်ရွှင်မှုကို ပြည်သူ တ ရပ် လုံးရဲ့ ဘုံရန်သူ နေဝင်း စန်းယု စစ်အစိုးရ ဦးဆိုး မှု အောက်မှာ ဘယ်နည်းနဲ့မှ မရနိုင်ပါ။

လက်ရှိအခြေအနေရဲ့ ဒုက္ခ ရောက်နေရတဲ့ ပြည် သူ တရပ်လုံးသည် ရက်စက် ကြမ်းကြုတ်မှု အ သွယ် သွယ် ဖိနှိပ်ညှင်းဆဲ သွေးစုတ်ခံရမှု အဖုံဖုံ၊ အနိဌာရုံ အားလုံး၏ တရားခံ အခြစ်မှာ နေဝင်း စန်းယု စစ်အစိုးရသာဖြစ်ကြောင်း အတင် အရှား သိမြင် လာနေ ကြပါပြီ။ ★

[ ဘမြင့် ]

## ပြည်သူ့အားနဲ့ မွေးဖနဲ့ဆက်

သွေး

ရက်မြတ်မွေးနေ့ ဒီယနေ့ကို
စောင့်ကြိုဆို။
ခံစားချက်များ မြည့်လျှံသွား
လှုပ်ရှားမှုကား ဆက်မပြတ်။


အလုပ်သမားတိုက်ပွဲ ၊ နီလွင်ရဲ
ပြည်သူ့တိုက်ပွဲ ၊ ဖြိုးပွင့်သဲ ။
တိုက်ပွဲစဉ် တွင်
ပွားသန့်စင်စင် ၊ သဏ္ဍာရာဇ်ကား
ညွှန်သုံးကိုး ၊ လမျိုး ရှစ်ဝယ်
တဆယ့် ငါးရက် ။

ပျိုမျစ်ဆူနယ် ၊ ဘဝရှုပ်မှ
ရင့်ကျက်မြည့်ဝ ၊ သည်ကာလထိ
ရောက်ကပါ ၊ ဘေးရန်များကို
တိုက်ပွဲအားမြင့် ၊ တွန်းလှန်ပစ်နိုင်
မယိုင်မနဲ့ ၊ ခိုင်မြဲခဲ့သည့်
ပါတီသမိုင်း သွေးသမိုင်းတည်း ။

သွေးသမိုင်းတွင် - သွေးနဲ့ရင်း၍
သွေးခင်း ဒေါင်လယ်း ၊ တက်လှမ်းတိုက်ယူ
ဘုံရန်သူဖြိုခွင်း ၊ ဘုံမိမာန်သစ်တည်ဆောက်
အားလျော့က် ဦးစု
ဂုဏ်ပြုကြိုမည် - ရုံးမြတ်ပါတီ
မွေးနေ့တွက် ။

အော် ....
လေးဆယ်ကြာခဲ့ ၊ သစ်ထက်သစ် အား
ပါတီ အပါးမှာ ၊ ကာရံ ထား
ပြည်သူ များက ၊ အားရ ဂုဏ်ပြု
ရွှေရတု -
စိန်ရတု -
ရတုတရာ ကျင်းပရစေ ...... ။

# ကာလစိမ်နှင့် အားလုံးကောင်း* တခန်းရပ်ပြဇာတ်တို



ပါဝင်သူများ ။

မောင်စိန် – ဗမာရည်လည်သော အသက် ၃၅ နှစ်ခန့် ကုလားလူမျိုး ဝါဒါ ။
ဦးလှခေါင်း – လူသတ်မှုဖြင့် ကျနေသော အသက် ၅၀ ကျော် နှစ်ကြီးသမား ။
ကိုသိန်း – ဒါးခုတ်မှုဖြင့် ကျနေသော အသက် ၃၀ ခန့် ထောင်ကျ ။
ပဋ္ဌမလူ ၊ ဒုတိယလူ နှင့် အခြားထောင်ကျများ ။

[ မြင်ကွင်းမှာ ၄"×၂" ပျဉ်းကတိုး တန်းကြီးများ ရိုက်ထားသော ထောင် အိပ်ဆောင်ကြီး တဆောင် ဖြစ် နံသေး ရှည်မျှား စင်္ကြံ တနေရာ ။ အခန်းတွင်းရော အခန်းပြင်ပါ ပရိသတ်က မြင်နိုင်စေရမည်။ စင်္ကြံ ထိပ် တည့်တည့်တွင် ဝပ် ၁၀၀ အား မီးလုံးတလုံး ထွန်းထားရန် ။ အိပ်ဆောင် အတွင်း၌ အပြင်မှ မီးရောင် ကို အမှီပြု၍ ထောင်ကျတသိုက် ဆေးလိပ်တန်း ဖဲရိုက်နေကြစေ ။ ဦးလှခေါင်း မှာ တန်းကိုမှီချက် ၊ ပု တီး စိပ်နေစေ။ ကိုသိန်းမှာ အခြား ထောင်ကျများနှင့် စကားကောင်းနေစေ ။

ကားလိပ် ဖွင့်ချင်ဖွင့်ချင်း အဝေး ခပ်လှမ်းလှမ်းမှ " အားလုံး ကောင်းကြရဲ့လား " ဟူသော ခြွဲချွဲ ငင်ငင် အော်မေးသံကြီးတခု ပေါ်လာပြီးနောက် ခပ်နီးနီးမှ " အားလုံးကောင်းမျို့ " ဟု အော် ဖြေသံတခု ပေါ်လာစေ ။ ]

[ ကားလိပ်ဖွင့် ]

ဖဲဝိုင်းမှ

တယောက် ။ ဝါဒါလာတယ်ဟေ့ ၊ ဝါဒါလာတယ် ။
ပဋ္ဌမလူ ။ သိမ်းကြဟေ့၊ သိမ်းကြဟေ့ ။
ဒုတိယလူ ။ နာသကျော ၊ ဒီမှာ အပိုင်ဘဲကွ ။ ဘာ ဖဲ တက်တက် ခေါင်းနေမီ ။ ခွေးမသား
ဝါဒါကလဲ ခုကာနေမှ လာရောပေါ့ ။
ပဋ္ဌမလူ ။ လုပ်မနေနဲ့ မင်းအဖေလာနေပြီ ။ ဖဲမြန်မြန်ပေး ။ ဒီကုလား တက်ရင် မင်း ဖဲ
သေရိုတင်မကဘူး ။ လူပါ တိုက်ထဲ ရောက်သွားမယ် ။
( ဒုတိယလူက တောက်တချက် ခေါက်လိုက်ပြီး ဖဲများကို ပဋ္ဌမလူဆီ လှမ်းပစ်
ပေးလိုက်စေ ။ )
ဒုတိယလူ ။ မူးပေါ် ထောင်မှူးကြီးဒီမ်က ဖဲဝိုင်း ကျတော့ ဘယ်မအောပေးကမှလဲ မဖမ်း

---

* ပေါက်မြန်ရေး အစိုးရ အဆက်ဆက်၏ ထောင်များမှာ အင်္ဂလိပ် အုပ်ချုပ်မှု စနစ်ကို ဆက်ခံထား ခြင်း ဖြစ်သည်။ ညနေ ထောင် ပိတ်ပြီးသည်နှင့် ထောင်မှူး၀ အသက်ထပ်မှနေ၍ ၁၅ မိနစ်လျှင် တကြိမ် ကျ၊ " အားလုံးကောင်းကြရဲ့လား " ဟု မေးသည်။ ထိုသို့ မေးတိုင်း အတွင်း၌ တာဝန်ကျနေသော ဝါဒါ (ထောင်ကြပ်) များက မိမိတို့ နိုးနိုးကြားကြား ရှိကြောင်း အသိပေးသည့် အနေဖြင့် " အားလုံး ကောင်းမျို့ " ဟု အော်ဖြေကြရသည်။

ဘူး။ ဒို့ ပဲဈေးတန်း၊ ဆေးလိပ်တန်း လေးဘဲ လာလာ မိုးလုံကျနေကြတယ်။

ဦးလှခေါင်း။ ။အော် ၊ ဝါဒါက ကုလားစိန် ပါကွ ၊ သိတ် ကိစ္စ မရှိပါဘူး။

ပဒုမလှ။ ။အံမယ်၊ အဖိုးကြီးက ကုလားစိန် များ ဘူသားမျက် ကျနေတာဘဲ ။

ဒုတိယလူ။ ။ဒီကောင်က နှစ်မျက်နှာသမားကွ ။ သူ့ ဘိုဘဲ ကြည့်တယ် ။ တခြား ဘာမှ ကြည့် တာ မဟုတ်ဘူး။ သူ့ အကျိုးရှိရင် ဘယ်မှာ မတိုင်ဘဲ ကြွတ်စား နေတာ ၊ သူ ထိမယ် ထင် လိုက်တော့ ဘာမှ ထောက်ထားတာ မဟုတ်ဘူး။

ကိုသိန်း။ ။အယင်တခါ မောင်မြင့်လေး တိုက်ဖိတ်ခံရတုန်းက တောင်မှုံးကြီးရှိနေလို့ မျက် နှာလို အားရ အာသျှတ် ဝင်ရိုက်တာ ဒီကောင်ဘဲ မဟုတ်လား။

ပဒုမရှု။ ။ (နံနံဆော်ရှ) ယောကောင်၊ ငွှန်း၊ အရေးထဲမှ ဒီကောင် ဖဲဖွက် ထား မြန်ပြီ။ ဟိုမှာ စိန် လာနေတာ မတွေ့ဘူးလား။

သိန်း။ ။တောခကား တောပျောက်ဖော့ ၊ ဖိုး ဟိုဒင်း - မင်းသီချင်းလေး လုပ်စမ်းပါဦး အမေနဲ့ ရွာကို လွမ်းတယ် ဆိုလား ဘာလား။

(သီချင်းသံလေး တစာစာ ပေါ်လာချိန်မှာ ခြေသံ တဒေါက်ဒေါက်နှင့် ဝါဒါ မောင်စိန် ဝင်လာစေ။ သူလက်ထဲတွင် ၂ တောင်ခန့် အခေါင်းဖိတ် ဝါးဒုတ်တချောင်း ကိုင်ထား စေ ။ )

စိန်။ ။ဟေ့ လူတွေ၊ ဘာ လေတန်နေကြတာတုံး ။ မအိပ်ကြသေး ဘူးလား။

ခေါင်း။ ။အိပ်ချိန်မှ မရောက်သေးဘဲ၊ အိပ်ကြသေးပါဘူးကွာ။ တောအကြောင်း၊ တောင် အကြောင်း လျှောက် ပြောနေကြတာပါ။

(ကုလားစိန်က နောက် လှည့်ပြီး တောင်ကြည့် မြောက်ကြည့် ကြည့်ကာ သစ်သား တန်း ကိုင်ရင်း အိပ်ဆောင်ဖက် မျက်နှာမူလျက် ထိုင်ချ လိုက်စေ။ အ ဆောင် တွင်းရှိ လူများလည်း ဝါဒါဘက် တချက် လှည့်ကြည့်ပြီး အရှေ့ မျက် နောက် လှည့် နေလိုက်ကြစေ။ )

စိန်။ ။ဦးလှခေါင်း ၊ ထမင်းလေးများ ကျန်သေးလား။ လုပ်စမ်းပါဦး ၊ ဆာလိုက်တာ များ ... ။

ခေါင်း။ ။ရှိပါတယ်ကွာ။ ငါကလဲ မင်းလာချင် လာမှာဘဲ ဆိုပြီး ညနေကထဲက ချန် ထားတာ။

( နောက်နားရှိ လူများက အဖိုးကြီးကို မကျေနပ်သည့် မာန်ဖြင့် လှမ်း ကြည့် ပြီး အချင်းချင်း မဲ့ပြကြစေ။ )

စိန်။ ။ဒီနေ့ အဖိုးကြီးက ဘာဟင်းလဲ ။

ခေါင်း။ ။ဘာဟင်းရှိရမလဲ၊ မင်းတို့ ထောင်က ဒီရာသီမှာ တခြား ဘာကျွေးတာ မှတ် လို့ ။ ဖုန်ညင်း ရေလုံမြုတ်နဲ့ ငပိပုပ်ရေနဲ့ ကျော်ထားတာဘဲပေါ့။

စိန်။ ။ကျနော်တို့ထောင် မဟုတ်ပါဘူးမျ ။ အင်း.. ရိကွာ ထောင်မှုံးကလဲဦး၊ စဖို ကျ တဲ့ ဝါဒါ ငကြည် ကလဲဦး၊ ဘုတ်ကိုင်တွေ ဖိုခေါင်းတွေ ကလဲဦး၊ သူခိုးတွေ ရဲ့ ထောင်၊ အကုန်လုံး သူခိုး ချည့်ဘဲ။

( ထိုစဉ် ထောင်မှူး ဘက်မှ " အားလုံး ကောင်းကြရဲလား " ဟုသော အော် မေးသံ ပေါ်လာ။ ဝါဒါ မောင်စိန်လည်း တန်းကြားတဲ လျှိုသွင်းထားသောလက် ကို က မျာကယာ ပြန်နှုတ်လိုက်ပြီး နောက်သို့ လှည့် မတ်တပ်ရပ်ကာ " အား လုံး ကောင်းမျို့ " ဟု သံကုန်ဟစ် ဖြေလိုက်စေ။ ပြီးမှ ခေါင့် ခေါင့် ခေါင့်ခေါင့် နှင့် အိပ်ဆောင်ဘက် ပြန်လှည့် ထိုင်လိုက်စေ။ )

စိန်။ ။လုပ်စမ်းပါဦးမျ ပန်းကန် လေး။

ခေါင်း။ ။ရော့ ပါကွ ။

( ဦးလှခေါင်းက ပုံစံ ပန်းကန် ပြား တချပ် တွင် ထည့်ထားသော ထမင်းနှင့်

ဟင်းများကို သစ်သား တန်းများအောက်မှ ဖြေးဖြေးချင်း တွန်းထုတ်ပေးလိုက်လေ။ )
(မောင်စိန်က ယူပြီး ဆာဆာ နှင့် စားလေ ။ )

သိန်း။ ။(ရယ်ရယ်မောမော နှင့်) အကုန်လုံး သူ့ဦးချည်း ဆိုတော့ ခင်ဗျားရော မပါဘူး လားဗျ ကိုစိန် ။

စိန်။ ။ကျုပ်လား၊ ကျုပ် ဘယ်တော့မှ မဦးဘူး။ တခါတလေ အိမ်မှာ စားခရာ မရှိမှ အကြံအဖန်လေး ဘာလေး လုပ်တယ်။ ဒါတောင် ဘယ်တော့မှ သူများ မထိခိုက်စေရဘူး။

သိန်း။ ။အော် ... အော် ... ။

အောင်။ ။ဒါထက် - မောင်စိန်၊ မင်းမိန်းမ နေကောင်းသွားပလား ။

စိန်။ ။ (ပလုပ်ပလောင်း စားနေရာမှ) ကောင်းကောင်း မကောင်းသေးပါဘူးဗျာ၊ သူ ထမင်း မချက်နိုင်လို့ သမီး ချက်ခိုင်းပြီး ကျနော်က ကြိုရာ စားနေရတာဘဲ။ ဆေးလဲ မကုရ၊ ဓါတ်စာလဲ မစားရ ဆိုတော့ ယဲ့ယဲ့ ပါဘဲ ။

သိန်း။ ။ခင်ဗျားတို့ ဒေါက်တာ ရမ်းကု ကြီးကရောဗျ၊ အချင်းချင်း မကြည့်ရှုဘူးလား ။

စိန်။ ။ဒေါက်တာပု ပြောတာ ထင်တယ် ။ အလကားကောင် ခရာဝန်နောက် လိုက်ရတာမှ တနှစ်မပြည့်သေးဘူး၊ ဖင်တောင်း ကျယ်လှပြီ။ အချင်းချင်း ဆိုရင် အင်တင် အင်တင် နဲ့၊ ငွေပေးမှ၊ ဒါမှမဟုတ် အပျိုလေးတွေရင် မြန်မြန်ဗျ ... ။

အောင်။ ။ဒါပေမဲ့ ဒီကောင်က သောင်မှူး လှဖေ သမီးလေးနဲ့ ဖြစ်နေကြတာဆို ... ။

စိန်။ ။ဒီကောင်လား၊ ဒီကောင်က ဘယ်သူနဲ့ မဆို ဖြစ်တဲ့ကောင်၊ ဒီကောင် မလေးနဲ့ကတော့ တရားဝင် သမီးရည်းစား ပေါ့ဗျာ ။ ဒါပေမဲ့ အိမ်ထောင်သည် တွေ ဝဲမှာလဲ ဒီကောင် တော်တော်ပြေတယ်။ ဘယ်နေ့ ဒါး ထိုးခံရမယ် မသိဘူး။

အောင်။ ။ အဲဒီ လှဖေဂါတော ကို မြူမောင်ကြီး မိန်းမနဲ့ ဆို မဟုတ်လား ။

စိန်။ ။ ဟုတ်တယ်လေ၊ ဟိုလူကြီးက ပန်းနာ သမားကြီး၊ ဒီတော့ သူတို့ ၂ ယောက်က လီ တရား မဝင့်တဝင် နောက်မီး လင်းနေကြတာပေါ့။

အောင်။ ။ ရှုပ်ပါ့ကွာ၊ ငရွှေးလေး ကလဲ ကျော်သိန်း မိန်းမ လေးနဲ့ တဲ့ ။ သန်းဦး နဲ့ဦး သောင်းစိန် သမီး၊ မောင်ဆန်းဒ နဲ့ ထောင်မှူးကတော်၊ ဒီကို ခေါ်နေတာဘဲ။ ဒါ တောင် ဦးက အုတ်ရိုး တွင်းကနေ ကြားရတာ၊ အပြင်မှာသာ ဆိုရင်တော့ ... ။

စိန်။ ။ (ထမင်းလုပ် ကို မျိုချ ရင်း) ဘာပြော ကောင်းမလဲ၊ ဖြစ်ချင်ဘိုင်း ကို ဖြစ်နေတာပေါ့။ တချို့ တလေများ အခကြေးငွေ ယူနေ သလိုလို တောင်ကြားရတယ်

အောင်။ ။ ဟုတ်ချင်လဲ ဟုတ်မှာပေါ့ကွာ ။ သင်းရဲ လိုက်ကြတာလဲ တာတေကိုလံလို့၊ ပတ်ဝန်းကျင် ကလဲ မကောင်း နဲ့ ။ နောက်ပြီး မင်းတို့ကလဲ တနေ့ တခေါက် ထောင်ထဲကို မှန်မှန် ဝင်နေရသူတွေ ဆိုတော့ အုတ်ရိုး ကြီး ခြားသွားတာနဲ့ ကမ္ဘာ တခုခြား သလို ဖြစ်သွားတာကိုး။

စိန်။ ။ ဒါပေါ့ဗျ၊ ကျနော်တို့ ကမှ ဘာကယ့်ကို တသက်တကျွန်း ထောင်ကျနေတာ ။ ဈေးရက် မရှိဘူး။ အုတ်ရိုး ဟိုဘက်နဲ့ ဒီဘက် ဆိုတာတော့ သိကြတဲ့ အတိုင်းဘဲ။ ထောင်ဖွင့် တောင်ပိတ် တဲ့ သံချောင်း ကိုတောင် လင်ငယ်သံချောင်း၊ လင်ကြီး သံချောင်း လို့ နာမည် ပေးထားကြတာသာ ကြည့်ပေတော့။

ထောင်မှူးမှ အသံ ... ။ အားလုံး ကောင်းကြရဲ့လား ။ .....

စိန်။ ။(ပန်းကန်ပြားချ၊ ကပြာကယာ ထပြီး) အားလုံး ကောင်းမျို ..... ။
(မောင်စိန် သက်ပြင်းချပြီး ပြန် ထိုင်ရင်း ငိုင်နေလေ ။ ခဏနေမှ ထမင်း ပန်းကန်ကို ကောက်ကိုင်၍ ပြန်စားလေ ။ )

ပဋ္ဌမလူ။ ။ (တန်းနား ပြန်ကပ်လာပြီး) ကိုစိန် ခင်ဗျား အားလုံး ကောင်းသံကြားတယ်လဲ

ကျယ်လိုက်ပါလားဗျ ။ အိမ်မှာဘာတွေများ ကောင်းနေလို့တုံး ။

စိန်။ ။ ( စိတ်မရှည်ဟန်ဖြင့် ) မကောင်းဘူး၊ မကောင်းဘူး၊ ဘာမှမကောင်းဘူး ။ ဘဝပြောင်းမှဘဲ အေးမှာ ။

သိန်း။ ။ (မောင်စိန် မြစ်နေပုံကို စိုက်ကြည့်နေရင်းမှ ) ဒါထက် ခင်ဗျားတို့ ချုပ်ကိုတွေ ပြောင်းကြတော့မယ်ဆို ၊ ခင်ဗျား ဘယ်ရောက်မလဲ ။

စိန်။ ။ ကျုပ်တို့လို အကပ်မရှိတဲ့ အကောင် ဘယ်ရောက်ရမလဲ ။ အိပ်ဆောင်နဲ့ တိုက်နဲ့ ဖျောက်စင်ဘဲ ယံသရာ လည်နေမှာပေါ့ ။

သိန်း။ ။ ထိန်းသိန်းဆောင်ဘက်ရော မသွားချင်ဘူးလား ။

စိန်။ ။ အမလေး ၊ မလုပ်ပါနဲ့ဗျာ ၊ ကျွားမြီးဘဲ ဆွဲ လိုက်ပရစေ ။

ပန္နမလှ။ ။ ဘာလို့လဲဗျ ၊ ဒါဒီမှာ အကြံအဖန်ရှိတယ် မဟုတ်လား ။

စိန်။ ။ မလုပ်ဝံ့ပေါင်ဗျာ ။ သားနဲ့ဘဲ စားပရစေ ။ အဲဒီမှာက ထောင်မှူးက တော်တော် အမ်မအိုင်*တွေက အဓိကဗျ ။ သူတို့ကိုဘဲ ကြောက်နေကြရတာ ။ မသင်္ကာ တာနဲ့ ထောင် တိုက်ပိတ် ဝိုက်စစ်ခံရမှာ ... အလုပ်လဲပြုတ်၊ ပင်စင်လဲပြုတ် ။ အင်ငွယ် လေးကြည့်ပါလား ။

သိန်း။ ။ သူတို့ ကိုယ်တိုင် ကရော ဘာ အကြံအဖန်မှ မလုပ်ဘူးလား ။

စိန်။ ။ လုပ်သပေါ့ဗျာ ၊ ခင်ဗျားတို့လဲ သိနေကြတာဘဲ ။ ပိုက်ဆံရှိတဲ့ မအပလတွေ ပထံဓတွေကျတော့ သူတို့နဲ့ လုံးနေတာပါဘဲဗျာ ၊ နောက်ပြီး ထိန်းသိမ်း ရိက္ခာ ဆိုတောလဲ ဘာ ပြောကောင်းမလဲ ။ သာပြီး ဘုံးလို ကောင်းတာပေါ့ ။ အိမ်က ပစ္စည်း ပို့လာရော ၊ စား ပေါက်ချည်း ပါဘဲ ။

သိန်း။ ။ ဒီကောင်တွေရဲ့ အလိုတော်ရိတွေကလဲ မနည်းဘူး ဖွတ်တယ် ။

စိန်။ ။ အို ... ဘယ် နဲ့လိုမလဲ ၊ ထောင်သားထဲမှာရော ၊ ဝါဒါထဲမှာရော ၊ သတင်း ပေးတွေလို မြေ့လို့ ။ သူတို့ရောက်လာမှ ထောင်ပိုင်ကြီးက အစ ၊ ဘယ်သူမှ မ လုပ်ရဲဘူး ။ အချင်းချင်းလဲ လန့်နေကြရတာဘဲ ။

သိန်း။ ။ လိုင်းထဲမှာလဲ ဒီကောင်တွေ မြေရှုတ်တာဘဲဆို ။

စိန်။ ။ ( ဒေါသ ဟန်ဖြင့် ) ပိုတောင် ဆိုးသေး ၊ အလကား ကြာကူလီ တွေ ။

ထောင်မှူးမှ အသံ။ ။ အားလုံး ကောင်းကြရဲ့လား ။

စိန်။ ။ ( စိတ်မပါ့တပါဖြင့် မတ်တတ် ထ၍ ) ကောင်းမျိုး ။ ( ခဏကြာအောင် ၊ ငိုင်တွေနေပြီးမှ ပြန်ထိုင်ပြီး ထမင်းကို လက်စသတ် စားစေ ။ )

စိန်။ ။ စားရတာလဲ မနိုပ်လိုက်တာ ... မိုက်ဝရင် ပီးရောဘဲ ။ ရေလေး တစ်ခွက် လောက် ပေးကြစမ်းပါဦး ။

ဒေါင်း။ ။ အော် ... ပုတ်ပါရဲ့ ။

( ဦးလှဒေါင်း အိပ်ဆောင် အတွင်းဘက်သို့ ဝင်၍ ရေယူစေ ။ မောင်စိန်က အပြင် တွင် ထိုင်ရင်း လက်တွင် ကပ်နေသော ထမင်းလုံးများကို လျှာဖြင့် လျက် ကာ ၊ အချိုး သတ် နေစေ ။ )

ခပ်ဝေးဝေးမှ လူအများ။ ။ ဖျားယင် နာယင် ဆေးရုံပို့ ၊ ဆေးရုံပို့ ။

ထိန်းသိမ်း အချုပ် အရေးတွေ ချက်ချင်းပေး ၊ ချက်ချင်းပေး ။

ဖိနှိပ် ညှဉ်းပန်းမှု - အလိုမရှိ ၊ အလိုမရှိ ။

( ကြွေးကြော်သံများ ဆက်တိုက် ပေါ်လာစေ ... )

---

* စစ်ထောက်လှမ်းရေးကို အင်္ဂလိပ်စကားဖြင့် မပီမသ ခေါ်ခြင်း ။

( မောင်ခိန် လက်မသုတ် ရေမသောက် ခိုင်ဘဲ ၊ ငေါက်ကနဲ ထပြီး လှည့်ရပ် လိုက်စေ။ ပြီးလျှင် မျက်လုံး ကလယ် ကလယ် နှင့် အသံလာရာ ကို မှန်းပြီးနားစွင့်နေစေ)

ကြေးကြော်သံများ ။ မျှားယင် နာယင် ဆေးရှုံ့ပို ၊ ဆေးရှုံ့ပို့
။ ထိန်းသိမ်း အခွင့်အရေးတွေ ချက်ချင်းပေး ၊ ချက်ချင်းပေး ။
။ ဖိနှိပ်ညှဉ်းပန်းမှု အလိုမရှိ အလိုမရှိ ။
( တောင်ကျအားလုံး ဖိမ်ဖိသို့ ရှိနေရာမှနေ၍ သစ်သား တန်းများ ဆီသို့ပြေး ကပ်လာကြစေ။ အချို့လည်း အဝေးသို့ မျှော်ကြည့် ၊ အချို့လည်း နားစွင့်နေကြစေ။ )

တောင်ကျ တယောက် ။ နားထောင်ကြစမ်းပါ ၊ နားထောင်ကြစမ်း။

နောက် တယောက် ဒီဒါ ထိန်းသိမ်း ဆောင်ဟက်ကဘဲကွ ။

နောက် တယောက် ။ နိုင်ငံရေးသမားတွေ သပိတ်မှောက် ကုန်ပြီကွ ။

တောင်ကျ အများ ။ ချမ်း ချ ။ ကောင်းတယ်ဟ။

( မောင်ခိန် မြူးတူး မြာတာ နှင့် ကားကြား သို့ ပြေးထွက်သွားစေ ။ ထိုခဏ ဦး မှ ဒေါင်း ရေတွက်ကိုင်လျက် တန်း များ အနား ကပ် လာပြီးမောင်ခိန်ကိုရှာစေ)

တောင်ကျ အများ ။ ။ ဦးလဲ လိုက်ဖော် ရအောင်လားဟေ့ -

သိန်း။ ။ (လူကြားထဲမှ ထွက်လာကာ သစ်သားတန်းပေါ် လက်တဖက်က ကိုင် လျက် ရပ်ရင်း တောင်ကျများဖက်သို့ လှည့်ပြော ) ဘဝတူ အကျဉ်းသား အပေါင်းတို့ .... ၊ အခုအခါမှာ ထိန်းသိမ်းခံ နိုင်ငံရေး အကျဉ်းသမားတွေဟာ အကျဉ်းသား တွေကိုယ်စား စတင် တိုက်ပွဲဝင်နေပြီ။ ဒီလိုအခါမှာ ကျနော်တို့ ဘဝတူ အကျဉ်းသားတွေ အနေနဲ့ ဒီအတိုင်းဘဲ လက်ပိုက် ပြီး ကြည့်နေကြမှာလား ။ သူတို့ တောင်းဆိုချက်တွေဟာ ကျနော်တို့နဲ့ တိုက်ရိုက် သက်ဆိုင်နေတာဘဲ မဟုတ်လား ။

အများ။ ။ ဟုတ်တယ် ၊ ဟုတ်တယ်။

( တောင်ကျ များ လက်ခုတ် တဖြောင်းဖြောင်း တီးရင်း ကိုသိန်းကို လှမ်းကြည့်စေ)

သိန်း။ ။ ( ကြွေးကြော်သံတိုင် ) ထိန်းသိမ်းတွေရဲ့ တိုက်ပွဲ ကို -


အများ။ ။ ထောက်ခံတယ် ၊ ထောက်ခံတယ်။
( ဆက်တိုက် ကြွေးကြော် နေကြစေ )
( ရေခွက် ကိုင်ထားသော ဦးလှဒေါင်းက အပြင် ကို တလှည့် ကိုသိန်း ကို တလှည့် လှမ်းကြည့်နေစေ ။ ပြီးမှ ရေခွက်လေး အောက်ချပြီး လေပူ မှုတ်ထုတ် ကာ ညည်းညူသံနှင့် ပြောစေ )

ဒေါင်း။ ။ အင်း ၊ ကလေကချေ တွေများ ' အားလုံးကောင်း ' ဟောင် မကော် ခိုင် တော့ ဘူးနော် ။

[ ကားလိပ်ချ ။ ]



# မောင်မြေသင်း



## အပိုင်းအစတချို့

“ကျနော်ပေးရမှာက အသက်ကလေး တချောင်းထဲ ပါဗျာ။ အသက်ပေါင်း ကုဋေကုဋာရှိတဲ့ ပြည်သူလူထုကြီးရဲ့ ဘဝ လွတ်မြောက်မယ်၊ သူတို့ ဘဝ သာယာချမ်းမြေ့မယ် ဆိုယင် အသက်ပေါင်း ကုဋေကုဋာ အတွက် အသက်ကလေးတချောင်း ပေးရပါတယ်ဗျာ”

သူ၏ ရင်ထဲတွင် ခံစား နေရသည်ကို ဖြေချ လိုက်ရသည့် အတွက် အားရကျေနပ်မှုကို သူ့ မျက်နှာနှင့် မျက်လုံးများက ဖေါ်ပြနေသည်။ လက် ကြားတွင် ညှပ်ထားသည့် ဆေးလိပ်တိုကို မီး ညှိကာ၊ အားရပါးရ မှုရှိုက် လိုက်ပြီး၊

“ကျနော်တော့ ပါတီက ရဲဘော်တွေနဲ့ လဲ တွေ့ချင်တယ်။ လက်နက်ကိုင် တိုက်ပွဲလဲ ဝင်ချင် တယ်”

“ဒီလို ရှိပါတယ် ကိုချို။ ဒါ ကျနော့်တဦးချင်း အမြင်ပါ။ ခင်ဗျားရဲ့ စိတ်ဓါတ်ကို ကျနော် လေး စားတယ်။ ဂုဏ်လဲယူတယ်။ ကိုချိုတွေ့ချင် တဲ့ ရဲဘော်တွေနဲ့ တနေ့တော့ တွေ့ကြရမှာပေါ့။ ပါတီ ဟာ လူထုထဲမှာ ရှိပါတယ်။ တိုက်ပွဲရှိတဲ့ နေရာ မှာ ပါတီရှိပါတယ်။ လက်နက်ကိုင် တိုက်မယ်... ဆိုတဲ့ အပိုင်းမှာ ကျနော်နားလည်တာ က တော့၊ မြို့ပေါ်မှာလဲ ကျနော်တို့လို လူတွေ များများရှိဖို့ လိုပါတယ်။ မြို့ပေါ်မှာ ရန်သူကို ဆန့်ကျင် တဲ့ အင်အားစုတွေကို စည်းရုံးမယ်။ အလုပ်သမား လယ်သမား ကျောင်းသား စတဲ့ မြို့ပေါ် သ ပိတ် တိုက်ပွဲနဲ့ တိုက်ပွဲ သဏ္ဍာန် အသီးသီးမှာ ပါဝင်ရမယ်။ အဲ တခုတော့ ရှိတယ်။ မြို့ပေါ် မှာ ရပ်တည်လို့ မရတော့ဘူး၊ ရန်သူက အမဲ လိုက်သလို လိုက်ဖမ်းနေပြီ ဆိုယင်တော့ လွတ် မြောက်တဲ့ ဒေသသွားပြီး ပါတီ ခေါင်းဆောင်မှု အောက်မှာ လက်နက်ကိုင် တိုက်ပွဲဝင် ကြ တာ ပေါ့ဗျာ ..”

ကိုသန်းနိုင် ပြောသည်ကို ကျနော် အလေး အနက် စဉ်းစား မိသည်။ လက်နက်ကိုင်တိုက် ပွဲကို အဓိက ထားရမည်။ သို့သော် လက်နက် ကိုင် တိုက်ပွဲ တခုထဲနှင့်တော့ အောင်ပွဲမရနိုင်။ ပို၍ဆိုးသည်က လက်နက်ကိုင်တိုက်ပွဲကို လုံး ဝ

မစ်ပယ်ခြင်းပင်ဖြစ်သည်။ လက်နက်ကိုင် တိုက်ပွဲကို အဓိကထား၍ အခြားတိုက်ပွဲသဏ္ဍာန်မျိုးစုံနှင့် မှန်မှန်ကန်ကန် ပေါင်းစပ်ဆင်နွှဲမှသာလျှင်၊ နယ်ချဲ့စနစ်ကို မှိုခို၊ မြေရှင်ပဒေသရာဇ်စနစ်ကို ထိမ်းသိမ်းကာကွယ်ပြီး၊ မျိုးချစ်ကရက်အရင်းရှင်စနစ်ကို ကြိုးစားအောင်လုပ်နေသည့် စနစ်ဆိုး ၃ ခု ကိုယ်စားလှယ် နေဝင်း ဆန်းယုစစ်အုပ်စုကို အပြုတ်တိုက်ကာ နောက်ဆုံးပစ်မှတ်အောင်ပွဲခံနိုင်မည် ဖြစ်သည်။ ဗမာပြည်သစ်ကို လည်း တည်ဆောက်နိုင်မည် ဖြစ်သည် မဟုတ်ပါလား။

ညနေခင်း ဆည်းဆာ အရိပ်တို့၏ ချော့မြှူမှုတ်သပ်မှုကြောင့် အင်းယားရေပြင်သည် မြင်ရသူအဖို့ ကြည်နူးစရာ လေးတွဲ့ရွာ တိုက်ခတ်လာသည့် လေပြေသော့ကြောင့် မြူးကြွနေသည့် ရှိုင်းကြက်ခွပ်ကလေးများ၏ ဆော့ကစားသံ၊ အနှီသို့ ကြည်နူးစရာ ကောင်းလှသည့် အင်းယား ရေပြင်ကို ကျော်ဖြတ်ကာ ကျနော်တို့ သုံးဦး သည်၊ ကန်ဘောင်ရိုးမှ ကဏ္ဍာရောလမ်းပေါ်သို့ ဆင်းလိုက်ကြပါသည်။

ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင် တော်လှန်ရေးနေ့ ရောက်တိုင်း ကျနော်တို့ သုံးဦးသည် အင်းယား ကန်ဘောင် ရိုးပေါ်သို့ လာကာ စည်းဝေး မှုကလေးများ ကျင်းပခဲ့သည်မှာ ယခု အကြိမ် နှင့်ဆိုလျှင် ငါးကြိမ် ရှိခဲ့ပေပြီ။ ယခု အကြိမ် သည် နောက်ဆုံး အကြိမ် ဖြစ်လိမ့်မည် ဟု ကျနော်တို့ သုံးဦး စလုံး မျှော်လင့်ခဲ့ကြမည် မဟုတ်ပါ။

ယခုတော့ -

သင့်ရှေ့အမြင်
အာကာအဝိုင်၊ လောင်းရိပ်မကျန်
မြစ်လျှမ်းညွှတ်ဖြတ်၊ သေနတ်တလက်
သင့်အတွက် စောင့်ကြိုနေတာကား ။

ဒီကာမျှ ဝဝိုကလေးကို ကိုချို့လက်ဝဲ ထည့်ကာ ကျနော်နှင့် ကိုသန်းနိုင်သည် ကိုချို့အပါး မှ ထွက်ခွာလာခဲ့ကြပါသည်။ ကျနော်တို့သုံးယောက်သည် စာပေနယ်ပယ်ထဲတွင် စာပေမိတ်ဆွေများ အဖြစ် ပထမဆုံး သိကျွမ်း လာကြသူများ၊ နိုင်ငံရေးအမြင်၊ သဘောထား၊ အယူအဆ တို့နှင့် ပက်သက်ပြီး တဦး သဘောတဦး ဖလှယ် ကြယင်းက အခြေခံအရ တူကြသည်မို့ ရင်းနှီးမှုပိုရှိ လာကြသည်။ နောက်ပိုင်းတွင် ပေါက်ပြန်လှသည့် စစ်အုပ်စုကို အတူ တိုက်မှုဝင်ကြယင်း ပို သွေးစည်း လာကြသည်။ ယခုတော့ ကိုချို့ တယောက် တည်း ရန်သူ ဦးမိုးရာ နယ်မြေတွင် ကျန်ရစ်ခဲ့ သည် ။ ကိုချို့နှင့် ကျနော်တို့ နှစ်ယောက် ခွဲခွာလာခဲ့သည်မှာ တနှစ် ကျော်ခဲ့ပေပြီ။ ကိုချို့ ဘာဝ ရပ်တည် ရေးသည် ခက်ခဲ မှုန်း ကျနော် သိသည်။ ညနေ နှင့် နေ့လည်ဘက်များတွင် စာအုပ် အဟောင်း ကလေး များကို မြေနီကုန်း လပကာဈေး ကွက်လပ်ထဲ တွင် ဖရောင်း ပုဆိုးခုတ်ကလေး ခင်းကာ ရောင်း ချရသည်။ ဒီက ရသည့် ငွေနှင့် ကျောင်းစရိတ် ရသည်။ ကျောင်းကို နေ့ဝက် သာသာ တက်ပြီး ဘာဝ ရပ်တည်ရေး အတွက် ရုန်းကန်ရသည်။

“ ရာသီဥတုကလဲ မမှန် လိုက်တာများ။ နေ့ မှာတော့ မတရား နင်းပူပြီး ညကျ ပြန်တော့ မိုးနားက မစွာရဲ့ဘူး ”

ကိုသန်းနိုင် ၏ အသံကြောင့် ကျနော့် အတွေး များ ရပ်တန့်သွားသည်။ သူသည် ရာသီဥတု ၏ မမှုတမှုကို မကျေမနပ် ညည်းတွားယင်း မိုးပို မှ မိုးညွှန့်သည့် တမြေ့မြေ့ အရှိန် လျော့မပြ လာသည်မို့ မိုးဖိုတဲ ဆင်းများ ဆပ်တိုင် လိုက် သည်။ သူ ညည်းတွား မယ် ဆိုယင်လည်း အ ဖြစ်မဆိုသာ ။ ကျနော် တို့ တပ်ဖွဲ့ သည် မတ်လ ၂၈ ရက် ပြည်သူ့ ဒီမိုကရေစီ လက်နက် ကိုင် တော်လှန်ရေး နေ့ကို ကျင်းပြသည့် အနေ ဖြင့်၊ ရန်သူ့ ကြေးစား တပ်ကို ချေမှုန်း တိုက်ခိုက်ရန် တပေါင်းလ နေမင်းကြီး၏ အပူရှိန်ဒဏ် ကို ကြံ့ကြံ့ခံ အံတုမိုး တနေကုန် ခရီးပြင်းချီတက် ခဲ့ ကြသည်။ ညရောက်ပြန်တော့လည်း မိုးဖွဲ့နား က မစွာရဲ့အောင် ရာသီဥတုက အော်လှန်းသည်။ ပတ်ဝန်းကျင် တခုလုံး၏ တိတ်ဆိတ်မှုကြောင့် ထင်း ချောင်းများ၏ မီးဝါးမျိုသံ တဖျောက်ဖျောက် ကို အတိုင်းသား ကြားနေရ၏။ ကျနော်၊ ရဲဘော်သန်းနိုင်၊ တပ်မှူး နှင့် အခြား ရဲ ဘော် ကလေး နှစ်ယောက်သည် တအိမ်၊ ကျန် ရဲဘော် များ သည် အခြားအိမ်များတွင် ခွဲ အိပ်ကြသည်။ တပ်မှူးသည် ချောင် ကလေး တခုထဲတွင် မီးခွက် မီးရောင် မှိန်မှိန် ကို အားကိုးကာ တကုပ်ကုပ် ရေးမှတ်အလုပ်လုပ် နေသည်။ ရဲဘော်ကလေး နှစ်ယောက် သည် လဲ ကျောပြီး အိတ်များကို ခေါင်းအုံး လုပ်ကာ၊ တ ရှုံးရှုံး အိပ် ပျော်ကျနေခဲ့ ။

“ ခင်များ ဆီမှာ ဆေးမှုန့် ကျန်သေးသလား ”

"ဟုတ်ကဲ့ ၊ ကျန်သေးတယ်"

သူ လှမ်းပေးသည့် ဆေးမှုန့် အိတ် ကို လှမ်းယူကာ ဆေးမှုန့်ကလေးများကို စက္ကူထဲတွင် အစီအရီ ထည့်လိပ်ပြီး သူ့ကို ကမ်းပေးလိုက်သည်။

"ခင်ဗျား သောက်ပါ၊ ကျနော် မသောက် ချင်သေးဘူး"

ညဉ့်လယံ ကို ကျော်လာပြီ မို့ အအေးဓါတ်သည် ပိုကဲလာသည်။ ရွာကလေးသည် အမှောင်ထုအောက်ဝယ် အိပ်မောကျနေဆဲ။ အဆုပ်တွင်း သို့ အားရပါးရ ရှိုက်သွင်းပြီး ဖြေးဖြေးချင်းမှုတ်ထုတ်လိုက်သည့် မီးခိုးများသည် ဆောင်း နှင်း မြူများ နှင့်ရောထွေးကာ အမှောင်ထုတွင်းသို့ ဝင်ရောက်ပျောက်ကွယ် သွားသည်ကို မျက်စိ တဆုံး လိုက်ကြည့်နေမိသည်။

အချို့သော အရာကိစ္စ တို့သည် မျှော် လင့်သည့် အတိုင်း ဖြစ်လာ တတ်ပေမဲ့ ၊ အချို့သော အရာကိစ္စ တို့သည် မျှော်လင့်သည့် အတိုင်း ဖြစ်လာတတ်သည် မဟုတ်ပေ။ ကျနော့် အဖို့ တော့ မျှော်လင့်သည့် အတိုင်း ဖြစ်လာသည် ဟု ပြောရမည်။ တနေ့တွင် လက်နက်ကိုင် တိုက်ရမည်၊ တော်လှန်ရေး သမား တယောက် ဖြစ်ရမည်။ ၎င်းတို့သည် ကျနော် မျှော်လင့်ထားခဲ့သည့် အရာကိစ္စ တချို့ ၊ ဤ မျှော်လင့်ချက်သည်လည်း ရုတ်ခြည်း ပေါ်ပေါက် လာသည် မဟုတ်။ တိုက်ပွဲ ဖြစ်ခဲ့ အချိန်တွင် ပါဝင်လှုပ်ရှားပြီး ကာလတချို့ ကိုဖြတ်သန်းရသည်။ မျှော်လင့်သည့် အတိုင်း ဖြစ်မလာ ဟု ပြောကြ မည့် သူတွေကတော့ ကျနော့် မိဘ နှစ်ပါးနှင့် ဆွေ မျိုး အသိုင်းအဝိုင်း ။ ကျနော် ဘွဲ့ရပြီးလျှင် လက် ရှိ သူတို့ လုပ်နေသည့် ပွဲစားလုပ်ငန်းနှင့် တပါ တည်း တိုက်တလုံး နှင့် ကားတစီးကို လွှဲပေးမည် ။ ကျနော်သည် သူတို့လို ကုန်သည် ပွဲစား ၊ စီးပွားရေး သမား တယောက်ဖြစ်ရမည် ။ အခုတော့ ... သူတို့ မျှော်လင့်ချက်သည် မျှော်လင့်သည့် အတိုင်း ဖြစ် မ လာတော့ပေ။

နောက် တယောက်ရှိသေးသည်။ သူမ ကတော့ ကျနော် အချစ်ရဆုံး မွန် ...။ မွန် သည် ပညာရေး တက္ကသိုလ် မှ ဆရာမ တယောက်။ တအိမ်လုံး မှ သမီး နဲ့ အမေ နှစ်ယောက်ထဲ ။ မွန် ရသည့် လခ ဖြင့် သားအမိ နှစ်ယောက် မပူမပင် စား သောက် နေထိုင်နိုင်သည်။ ဒါကြောင့်မို့ မွန့် တွင် အေးအေး ဆေးဆေး နေလိုသည့် ဆန္ဒမျိုး ရှိနေ သည် လား မပြောတတ်။ သူလဲ ခုအသိတော့ မျှော်လင့် သလို ဖြစ်မလာသေး။

"ကိုကျော်နိုင် မအိပ်သေးဘူးလား ၊ ကျနော် တော့ လှဲ လိုက်အုံး မယ်"

"ဟုတ်ကဲ့ ၊ ခင်ဗျား အိပ်နှင့် ဗျာ"

အတိတ်သည် အတိတ် မှာ ထားခဲ့လို့မရ။ အတိတ် က အကြောင်း တို့သည် အရိပ်သဖွယ် လိုက်ပါနေ တတ်သည်။ အတိတ်ကို မေ့ပစ် ချင်ပေမဲ့ သတိရ နေအောင် ပစ္စုပ္ပန် ကို လှုံ့ဆော် နေတတ် သည်။ ဒီနေ့ည အဖို့ ကျနော် ၏ အတွေးများသည် အ တိတ်က အကြောင်း တို့နှင့်သာ ... ။

●

တပေါင်းလ ၏ တခုသော နံနက်ခင်း ။ နှင်း သည် မကွဲတတ်သေး ။ ကျနော် ၊ ကိုသန်းနိုင် ၊ ကိုချို ။ ကျနော်တို့ သုံးယောက်သည် ရန်ကုန် တက္ကသိုလ် ဘွဲ့နှင်းသဘင် ခမ်းမ ရှေ့ရှိ မျက်ခင်း မြင်ပေါ်တွင် စုရုံး နေကြသည့် တက္ကသိုလ် နှင့် ကော လိပ် အသီးသီး မှ ကျောင်းသား ထုထဲတွင် ရောက် ရှိနေကြသည်။ ဒီနေ့ တိုက်ပွဲ အတွက် လိုအပ်သည့် ပိုစတာ များ နှင့် ကြွေးကြော်သံ များကို အင်း ဝ ဆောင်ရှိ အခန်းတခန်းတွင် တညလုံး ရေးနေ ကြ သည် မို့ ကျနော်တို့ သုံးယောက် စလုံး အိပ်ရေး မ ဝကြ ။ ကိုသန်းနိုင် နှင့် ကိုချိုတို့သည်လည်း ၊ ကျ နော်ကဲ့သို့ မျက်စိများ ကျိန်းစပ် နေသည်လား မ ပြောတတ် ။ မျက်စိများကို ပွတ်နေကြသည်။ ကျ နော်တို့ သုံးယောက် ကျိုးပမ်း ခဲ့သည့် ကြွေးကြော် သံ များနှင့် တိုက်ပွဲဝင် ပန်းချီ ရုပ်ပုံများပါသည့် ပိုစတာ ကားချပ် များ သည် ချီတက်ရန် မြင်ဆင် နေကြသည့် ကျောင်းသား များ ၏ ခေါင်း ထက် ဝယ် တလှုပ်လှုပ် တရွရွ နှင့် မို့ ကျနော်တို့ သုံးယောက် အတော်ကလေး ဝမ်းသာ အားရ ဖြစ်မိကြသည် ။

"သိပ် အချိန် ဆွဲ မနေပါနဲ့တော့ မျိုး ၊ ချီတက် ကြရအောင်"

"ဟား ၊ ကိုကျော်နိုင် ၊ ကိုသန်းနိုင် ကို ပါ လားဗျ ။ ထမင်းစားပြီး ကြပြီလား ၊ ကျနော် တော့ မချီတက်လိုက်ရမှာ စိုးလို့ မျို့ ထမင်း ကို မနှိုး သွတ်ခဲ့ရတယ် ။ ရေတောင် မသောက် ခဲ့ရဘူး"

"လာဟေ့ ၊ ဒီရှိသူ တွေ သွားခေါ်ရအောင် ၊ အခုထက်ထိ မလာသေးဘူး"

"ဒုတ်ကလေး ၊ ခဲကလေးတွေလဲ ဆောင် ထား ကြဟေ့ ။ ခွေးကောင်တွေ နဲ့ ချ ချင် ချရမှာ"

ချီတက်ချင်လှပေမဲ့ မချီတက် သေး သည် ကို

အားမလို အားမရ နှင့် ပြောသည့် ကျောင်းသား တဦး၏ အသံ ။ ကျနော်တို့ကို နှုတ်ဆက်သွားသည့် ပင်းယ မှ ကိုယောင်ယောင် ၏ အသံ။ ကျောင်းသူ တသိုက်၏ စကားသံများ ။ ချီးသုံး, ချီ၊ လေး ကိုင် စစ်ပုလိပ်တို့ကို ဦးတိုတို့ ခဲစမြှင့် ယှဉ် ပြိုင် အံတု တိုက်ပွဲဝင်မည့် သတ္တိခဲ ကျောင်းသား တို့၏ အသံ။ ထိုထိုသော အသံများ နှင့်အတူ ကျောင်း သားထုကြီးသည် ချီတက်ဖို့ ခြေတမြှင်မြှင်ဖြစ်နေ ကြလေပြီ။

ကျောင်းသားထုကြီးသည် ထူဝေး နေရာ မှ လေးယောက် တတွဲ တန်းစီးကာ သခင် ကိုယ် တော်မှိုင်း၏ ဂူဗိမ္မာန် ရှိရာ ရွှေတိဂုံဘုရားလမ်း ဘက်သို့ ချီတက်ရန် ဘွဲ့နှင်းသဘင် ခန်းမ ရှေ့ မှ ထွက်ခွာလာကြသည်။ တပ်ဦး သည် လှည်းတန်း အဝိုင်း ကို ကျော်လာပြီ ဖြစ်သော်လည်း ၊ နောက် ဆုံးတန်းသည် ကျောင်းတံခါးမှာပင် ရှိနေသေးသည်။ တက္ကသိုလ် ၊ ကောလိပ် နှင့် အထက်တန်း ကျောင်း ပေါင်းစုံမှ ကျောင်းသား များ အားလုံး စုသည်း မိ ကြသည့်မို့ အင်အားသည် အားရစရာ ကောင်းလှ သည်။

“ မင်းတို့နဲ့အတူ အဘလည်း လိုက်မယ်ကွေ့ ”

“ လာ - လာ အဘ ”

လမ်းဘေး တွင် မတ်တတ်ရပ်နေသည့် အသက် ၆၀ ခန့် အဘိုးအို တယောက်သည် ပုခက် ပေါ် မှ ခါညှပ်နေသည့် မျက်နှာသုတ် ပုဝါကို ခေါင်းပေါ် တွင် ပေါင်းလိုက်ကာ ကျနော်တို့ ကျောင်း သား တပ်ထဲသို့ ဝင်ပြီး ကျနော်တို့ နှင့် အတူ ချီတက် လိုက် ပါလာသည်။ လမ်းဘေး တလျှောက် တွင်လည်း ထွက် ၍ အားပေး ထောက်ခံသည့် မျက်နှာများဖြင့်ပြည့် နေကြသည်ကို တချို့လည်း တပ်ထဲသို့ ဝင်ရောက် ပူး ပေါင်း အားဖြည့်ကြသည်။ ကျောင်းမှ ထွက်လာ က တည်းက ကြွေးကြော်လာကြသည့် သခင်ကိုယ် တော် မှိုင်း အနှစ်တရာပြည့် ဆိုင်ရာ ကြွေးကြော်သံ များ သည် မိုးမြေ တခုလုံးကို သိမ့်သိမ့် တုန်ခါ သွား စေသည်။ ကျနော်တို့ ချီတက်စဉ် လမ်းဘေး ဝဲယာ တလျှောက်လုံးတွင် လှံစွပ်တပ် ချီ သုံး ၊ ချီလေး သက်သေနတ် များကို ကိုင်ကာ ပစ်ရန် အသင့် အ နေအထား ဖြင့် မတ်တတ်ရပ် စောင့် နေ ကြသည့် နေဝင်း စစ်ခွေးများကို တွေ့ရသည်။ သို့သော်ကျောင်း သား တပ်ကြီးသည် နည်းနည်းလေးမျှ တွန့် မ သွား။ ရှေ့တွင် တလူလူ လွင့်နေသော နီမြန်း သည့် ပိုးသား အောက်ခံ ပေါ်မှ ရွှေဝါရောင် ခွပ် ဒေါင်းသည် ခွပ်တော့မည့် ဟန်ဖြင့် ဟန်ရေး ပြ နေလေပြီ။

“ ဟော့ ကောင်တွေ ၊ ပြည်သူ့ တပ်မတော် ဆို အမည်ခံ ထားပြီး ပြည်သူတွေဘက် သေနတ်ပြောင်း လှည့်ရသလား ကွ ”

ကျောင်းသား တယောက် သည် ဒေါသထွက် နေ သည့် အသံဖြင့် ကြေးစား စစ်သားများ ရှိရာ ဘက် သို့ လှည့်၍ အော်လိုက်ပါသည်။ ကျောင်းသားထုကြီး သည် ခေါင်းကို မော့၊ ရင်ကို ကော့ပြီး လှံစွပ်တပ် သက်သေနတ် တွေကြား မှပင် ရဲရဲရင့်ရင့် ဆက် လက် ချီတက် ကြသည်။ မကြာခင် ကျောင်း သား တပ်ကြီးသည် သခင်ကိုယ်တော်မှိုင်း ဂူဗိမ္မာန်ဝင်း ထဲသို့ ရောက်ရှိလာကြပြီး နေရာယူလိုက် ကြ ပါ သည်။ ကျောင်းသားများသည် ကျောင်းသားခေါင်း ဆောင်တဦး ဖတ်ကြားနေသည့် သခင် ကိုယ်တော် မှိုင်း အနှစ်တရာပြည့် ဖြန့်တမ်း ကို ငြိမ်သက်စွာ နားထောင် နေကြသည်။ ဂူဗိမ္မာန် ပတ်ဝန်းကျင် တခုလုံးတွင် လက်နက်ကိုင် ကြေးစား စစ်သား များသည် စောင့်ကြပ် နေကြပါသည်။ ရွှေတိဂုံ ဘုရား ဖူးလာသည့်သူများ၊ ခရီးသွား များ သည် လည်း ဘာများ ဖြစ်မလဲ ဆိုသည့် မေးခွန်းများ ကို မိမိဘာသာ မိမိ မေးကြရင်း စိတ်ဝင် တစား ကြည့်၍ နေကြသည်။

“ ကိုသန်းနိုင်၊ ကျနော်တို့တတွေ လုံ လုံ ခြုံခြုံနဲ့ အေးအေး ချမ်းချမ်း နေနိုင်အောင် ခွေး ကောင်တွေ သတ္တာ ရှိ၍ စောင့်နေကြပါလား ဗျ ”

“ ဒါပေမဲ့ ဗျာ ဒီ နိုင်ငံလေးမှာ သတ္တိရှိတဲ့ကောင် တွေ မဟုတ်ပါဘူး ”

သူသည် အံကို ကြိတ်လိုက်သည် ။ အသံသည် မာ နေသည်။ ထိုသို့ ကျနော်တို့ နှစ်ယောက် စကား ပြောနေစဉ် ဂါရဝပြု အခမ်းအနား ပြီးဆုံးသွား ပြီ မို့ ကျောင်းသားများသည် ဂူဗိမ္မာန် မှ ကျောင်း ဘက်သို့ ပြန်လည် ချီတက်စပြု နေပေပြီ။ ကျနော် တို့ သုံးယောက် သားလည်း စကား တပြောပြော နှင့် လိုက်ပါ ချီတက်လာကြပြီး ဘွဲ့ နှင်းသဘင် ခန်းမ အနီးရှိ တရုပ် စကားပင် အောက် အရောက်တွင် ကျနော်သည် ကိုသန်းနိုင်အား ကပ်ပြောလိုက် ပါ သည်။

“ သ ဖောက်လိုက်ကြရအောင်လား ”

“ ကောင်းသားဘဲ ဗျ ”

သူသည် ဘောက်ပုံ အကျႌ အိတ်ထဲမှ စာရွက် ကလေးကို နှိုက် ထုတ်လိုက်ပြီး နေဝင်း - စန်းယု

စစ်အုပ်စုကို ဖိနှိပ်လိုက်ပါသည်။

သပိတ်၊ သပိတ် - မှောက်၊ မှောက်

မီးတုတ်၊ မီးတုတ် - ရှို့၊ ရှို့

နေဝင်း၊ နေဝင်း - ဒိုင်၊ ဒိုင်

စန်းယု၊ စန်းယု - ဒိုင်၊ ဒိုင်

ကျောင်းစရိတ်တကျပ်နှစ်ဆယ် - (အလိုမရှိ) ၊

နေဝင်းစန်းယုစစ်အစိုးရ - (ကျဆုံးပါစေ) ၊

အရေးတော်ပုံ - အောင်ရမည်၊ အောင်ရမည်

ကျနော်နှင့် ကိုချို အပါအဝင် ကျောင်းသား ထုကြီး တရပ်လုံးက ကိုသန်းနိုင် တိုင်ပေးသည့် ကြွေးကြော်သံများကို လိုက်ပြီး ဟစ်ကြွေး တိုက်ပွဲဝင် လိုက်သည့် အသံသည် ကျောင်း ပရဝုဏ် တခုလုံး ဟိန်းညံသွားပါတော့သည်။ ထိုနောက် ကျောင်းသားသပိတ် တိုက်ပွဲခေါင်း၊ သပိတ်ဟစ်တိုင်လည်းဖြစ်၊ နေဝင်း စန်းယု စစ်အုပ်စုကို ရွှံချက်တင်သည့် ခိုင်လုံး လည်း ဖြစ်သည့် ဘွဲ့နှင်းသဘင် ခမ်းမကြီးကို သိမ်းလိုက်ကြပြီး မိမိတို့ လိုအပ်ချက်များနှင့် အတူ နိုင်ငံရေး စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစသည့် အဖိနှိပ်ခံ ပြည်သူ လူထုကြီး တရပ်လုံး၏ လိုအပ်ချက်မှန်သမျှကို တောင်းဆို တိုက်ပွဲဝင်ကြပါတော့သည်။ တိုက်ပွဲသည် စစ်အုပ်စုကို ကြောက်နှုံးတုန် စေပေသည်။ မင်းသားခေါင်းဆောင်းထားသည့်၊ စစ်ဘီလူး ရုပ်သည် ဘွားဘွားကြီး ပေါ်လာစေသည် မဟုတ်ပါလား။

●

ယမိုက်ရက်မှို့ အမှောင်ထု တခုလုံးက ပတ်ဝန်းကျင်ကို လွှမ်းခြုံထားသည်။ နှင်းရည် ဆမ်းထားသော သစ်ရွက်ကလေးများက ညွှန်ချလိုက်သည့် နှင်းရည်စက်ကလေးများနှင့် ကြွေလေပြီ ဖြစ်သော သစ်ရွက်ခြောက်တို့၏ ထိတွေ့သံ တဖေါက်ဖေါက် နှင့် နှာခေါင်းမှ ရှူထုတ်လိုက်သော အသက်ရှူသံများကို အတိုင်းသား ကြားနေရသည့် ရွာမှ မြင်ကွင်းများသည် မသဲမကွဲ။ သို့သော် မီး ခွက်ငယ်မှ မီးမှိန်မှိန်ကလေးကို တွေ့ရခြင်းအား ဖြင့် ရွာတွင် နေအိမ် ရှိရမည်ဟု ခန့်မှန်းလို့ ရသည်။ မောင်းထိုးထားသည့် သေနတ်ကို ကျစ် ကျစ် ပါအောင် ဆုပ်ထားပြီး ရွာတည့်တည့် သို့သာ အာရုံစူးစိုက်ကြည့်နေမိသည်။ တကိုယ်လုံး သည် နှင်းရည်များဖြင့် ရွဲရွဲ စိုနေပြီး ခြေ ဖျား ထိပ်နှင့် လက်ထိပ်တို့သည် ထုံကျင် နေသည်။ သို့သော် ရဲဘော်များ၏ လှုပ်ရှားသံကို နဲနဲလေး မှ မကြားရ။ ကျနော်တို့က သူတို့ကို ဝိုင်းထား သည့်ကို အသိ မပေးနိုင်။ ရာသီဥတုသည် မခံ မ ရပ် နိုင်လောက်အောင် အေးသည်။ တနေ့လုံး လည်း မနားတမ်း ခရီးပြင်း ချီတက်ခဲ့ရသည်။ ဒါပေမဲ့ ပြည်သူ့တပ်မတော်သားတိုင်းသည် - မိုး သက် မုန်တိုင်း ကြားထဲတွင် အသမ်း အသပ် အမျိုး မျိုး ကိုခံကာ မားမားမတ်မတ် ရပ်တည် လာခဲ့သည်။ ဗမာပြည် ကွန်မြူနစ်ပါတီ၏ ပညာပေးမှုအောက် တွင် ထုသား ပေးသား ကျနေကြသူများဖြစ်သ ဖြင့် ဆင်းရဲ ပင်ပန်း ကြမ်းတမ်းမှုကို နဲနဲလေးမှ မမှု ချေ။

"ရဲဘော်တို့ -

"အခုစထွက်တဲ့ အချိန်နဲ့ ခရီးပေါင် လမ်းတလျှောက် မှာ နားချိန် သိပ်မရဘူး။ ည မှောင်ရီပျိုးခ မှာ ရန်သူ့ စခန်းနဲ့ မနီး မဝေးတဲ့ လျှို တခုကိုရောက် မယ်။ ည မှောင်တာနဲ့ ရန်သူ့ စခန်း နားကို တဖြေးဖြေး ချဉ်းကပ်မယ်။ အသံ မထွက်ဖို့ အ ထူး ဂရု စိုက်ရမယ်။ ခြင်ကိုက် ဖြုတ်ကိုက်တဲ့ ဒုက္ခ၊ အအေးဒုက္ခ၊ အငြောင်း အညာ ဒုက္ခတွေရှိ မယ်။ ဒါကို အံကြိတ်ခံပြီး အရဲကျင်းတာနဲ့ ရန်သူ ကိုချေမှုန်းရမယ်။ အောင်ပွဲဟာ ရဲဘော်တို့ကို ကြို ဆိုနေပြီ။"

"ဒီတချီပါ တပ်မှူး ၊ ကျနော်တို့ အခုတိုက်မဲ့ တိုက်ပွဲဟာ လက်နက်ကိုင် တော်လှန်ရေးနဲ့ ကို ဂုဏ်ပြုတဲ့ တိုက်ပွဲဖြစ်လို့ ထူးခြားတဲ့ နိုင်ငံရေးအ ဓိပ္ပါယ် ရှိတဲ့ တိုက်ပွဲ ဖြစ်လို့ ပင်ပန်း ဆင်းရဲခက် ခဲ ကြမ်းတမ်း မှုတွေ ဘယ်လောက် ပြင်းထန် ပြင်း ထန် ရည်မှန်းချက် ဖြစ်တဲ့ ရန်သူ တကောင် တ မြီးမှ မလွတ်စေရဘဲ၊ ရန်သူ့ စခန်းကို သိမ်း ပိုက်နိုင်စေရမယ်။ လှည့် ကျနော်တို့ အဓိဋ္ဌာန် ပြုပါ တယ် "

ကျနော်တို့ ညအိပ်ခဲ့သည့် ရွာကလေးမှ မ ထွက်ခင် တပ်မှူး နှင့် တပ်သား အမြန် အလှန် တောင်းဆိုသည့် တောင်းဆိုချက်များ၊ ရဲဘော်များ ၏ အဓိဋ္ဌာန်ပြုချက်များသည် ကျနော်တို့ ရဲဘော် တွေ အတွက် တကယ်ဘဲ အားရှိစေခဲ့ပါသည်။ အမှောင်ထုသည် စတင် ပြိုကွဲစပြုပြီမို့ ကျနော် တို့ မျှော်လင့်နေကြသည့် အရုဏ်ဦးသည် မကြာ ခင် ရောက်တော့မည် ဟု ခံစား မိလိုက်ခြင်း နှင့် အတူ ချွေးများဖြင့် ဆေးတန်း နေသည့် လက် ချောင်း များသည် သေနတ်ကို ပိုမို တင်းကြပ် စွာ ဆုပ်ကိုင် လိုက်ကာ၊ လက်ညှိုးကို မောင်း

ခလုတ်ကွင်းထဲသို့ ထည့်လိုက်ပါသည်။ ကျနော့်ဘေးမှ ရဲဘော်သန်းနိုင် သည်လည်း ဝဲညာဖြိုးရူး ရှိသော မျက်လုံးများဖြင့် ရန်သူ့စခန်းဘက် သို့ ရူးဆိုက်ကြည့်နေသည်။ ဖြောက် _ ရဲဘော်သန်းနိုင် လက်သီး လက်မောင်း တန်းပြီး တိုက်ပွဲဝင်ခဲ့တုံး ကလည်း အတူတူ၊ အခုလို လက်နက်ကိုင်တိုက် ကြမှန်တော့လည်း ဘေးချင်းယှဉ်လျက်။ အလင်း ရောင် မှုန်ဝါးဝါး အောက်ဝယ် သူသည် ကျနော့်ကို လှည့်ကာ ပြုံးပြသည်။

ရန်သူ့စခန်းနှင့် ကျနော်တို့ ယူထားသည့် နေရာသည် သိပ်မဝေးသည့်အတွက် ကြေးစားတပ် ပီသစွာ မိုးမလင်းခင်ကတည်းက အချင်းချင်း အော်ဝေါက် ဆဲဆို သံများကို အတိုင်းသား ကြားနေရသည်။ ကျနော်တို့ ရဲဘော်များ အားလုံး သည်လည်း မျက်ရိုင်းပင်ရှည်ကြီးများ ကြားဝယ် မြှားမြှား မှောက်ကာ သေနတ်ပြောင်းဝများကို ရန်သူ့ စခန်း ရှိရာသို့ ချိန်ရွယ်ထားကြယင်း တပ်မှူး၏ ပစ်မိန့်ကို စောင့်နေကြပါသည်။ ဒီ တိုက်ပွဲသည် ကျနော့် ဦးတော့ အတွေ့ သစ် များ ပေ ပါသည်။ တိုက်ပွဲသည် ယခင် ဃခင်က တိုက်ခဲ့ သည့် တိုက်ပွဲများနှင့် မတူ။ လက်ရုံးတိုင်း တော် လှန်ရေး မှုကို ဥက္ကဋ္ဌပြုသည့် တိုက်ပွဲ ရန်သူ ကို လက်စားချေ ရမည့် တိုက်ပွဲ တမွဲလည်း ဖြစ် သည့် အချျောက် စိစဉ် ထားသည့် အတိုင်း ဖြစ် မှဖြစ် ပါ့မလား ဟူ၍လည်း ပိုးရိမ်နေမိ သည်။ ကျနော်သည် တပ်မှူး၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။ တပ်မှူးသည် တော် လှန်စစ်ပွဲထဲတွင် အမွှမ်းမွှမ်း နိုင်လာခဲ့သည့် အတွေ့ အကြုံ ရင့်ကျက်မှုများ ရှိကြောင်း သူ၏ ဟန် ပန် အမူအရာက ပေါ်ပြနေသည်။ သူ့၏ ရင့် ကျက်တည်ငြိမ်သည့် မျက်နှာက ကျနော်တို့ ရဲ ဘော်များကို အားအင်ပြည့် ဖြိုးစေပါသည်။ ခေါင်း အိုးဝေ တို့၏ အသံများသည် ကျနော်တို့အတွက် မင်္ဂလာဖြစ်ပေမဲ့ ကြေးစားတပ်အဖို့ အမင်္ဂလာသံ ဖြစ်နေပါတော့သည်။

"ပစ် ..."

ပစ် ဆိုသည့် အသံနှင့်အတူ သေနတ်ပြောင်း များထဲတွင် ရန်သူ့ နှလုံးသားကို ဖောက်ထွင်းရန် တာဆူနေကြသည့်ကျည်ဆံများသည် သူ့ဆော်ဩ အ ပြိုင် တာထွက်လိုက်ကြသည်။ တဝေါ ဝေါ ဆိုး၊ တ ဝောင်ဂျိုး သေနတ်သံများ၊ ကြေးစား စစ်သား တို့၏ အော်ဟစ်သံများ၊ အလန့်တကြား အော် မြည်ကာ တပျံ့ပြေးသွားကြသည့် ကျေးငှက် တို့၏ အသံများဖြင့် ဆူညံသွားသည်။ ကျနော်၏ လက်ညှိုးသည် ခလုတ်ကို အနားမပေး။ ရန် သူသည် လက်ဦးမှု ယူနေလေပြီ။

"လက်ပစ်ဗုံး အသင့်ပြင်"

"ပစ်"

လက်ပစ်ဗုံးများ ပေါက်ကွဲမှုကြောင့် ထွက် လာသည့် ယမ်းခိုး ယမ်းငွေ့များ ကြားဝယ် မှု ခိုး ငွင်းသိုင်းသွားသိုင်း၊ ဖိနပ် တဖက်တဲစွယ် သူ ရှုပ်၊ တိုးကာ တွန်းကာ လဲကျသွားသည့်၊ ကြေးစား အလောင်းကောင်များ။ ကတုတ်ကျင်း ထဲ အလန့်တကြား ခုန်ဆင်းသူက ခုန်ဆင်းနှင့်။ သွေးရူး သွေးတန်း လှုပ်ရှားနေသည့် ကြေးစားများ ကို တွေ့နေရသည်။

"ထိုး ..."

ပါးစပ်မှ "ကျား" ဟု အသံနက် ကြီး များ အော်ပြီး ဒလဆိပ် ပစ်ခတ်ကာ ရန်သူ့စခန်း တွင်း ဝင်သွားကြပါသည်။

"မသေချင်ယင် လက်နက်ချတော့"

"မပစ်ကြပါနဲ့တော့ လက်နက်ချပါပြီဗျာ"

"ကျနော်တို့ကို မသတ်ပါနဲ့။ လက်နက် ချပါ့မယ်"

"ခင်ဗျားတို့ ဓပမ်ကာတိက လက်နက်ချဖို့ အဆင်သင့် ပြင်ထားပေးသားပါ၊"

ကြေးစား စစ်သားများသည် ကတုတ်ကျင်း ထဲတွင် ပုံ့ညိုးပက်လက် သေသူကသေ၊ လက် မြောက် သူက မြောက်၊ ဒဏ်ရာများကို လက် ဖြင့် အုပ်ကာ ညည်းတွားသူက ညည်းတွား၊ ကယ်ကြပါဦး ခင်ဗျာ၊ ရေပေးပါ ခင်ဗျာ - ထို ထိုသော အသံများ နှင့်အတူ တိုက်ပွဲ သည် ပြီး သွားလေပြီ။

"ယခု နေ့တွေ့ အကျနာ့ဒီမှာ ပုံပြီ မင်းတို့ အားလုံး ဟိုမှာ မှာ သွား ငုတ်တုတ်ထိုင်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ ခဗျာ၊ သွားပါ့မယ်"

ကျနော်၏ အသံထဲတွင် ကြောက်ဒူးတုန် ပြီး စကားကို ပီသအောင် မပြောနိုင်တော့သည့် ညှိုး ပန်းတို့၏ အသံများ၊ ဝိုင်ရှမ်ဆို တရမ်လိုနှင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေသည့် ဟန်ပန် အမူအ ရာများ၊ သွေးညှိ နို့များ၊ ယမ်းနံ့များနှင့် အ တူ ငြင်းထဲတွင် ရှုံ့ချိပ် ထားနေရသည်ကို မည် သို့မှ ချုပ်တိန်း၍ မရတော့သည့် အခါ_

"တောက်" "ခွေးမသားတွေ အကုန်

သတ်ပစ်မယ် ”

ကျယ်လောင်မာကျောစွာ အော်ဟစ်လိုက်ပြီး၊ ငုတ်တုတ်ထိုင်နေသည့် သုံ့ပန်း ရွှေ့ကောင်တွေဘက် ချာကနဲ လှည့်လိုက်သည်။ သို့သော် နောက်မှ လက်တဖက်၏ ဆွဲဆောင်းဖြင်း ကို ခံလိုက်ရခြင်းကြောင့် ခန္ဓာကိုယ် သည် တုံ့ ကနဲ ဖြစ်သွားသည်။

“ ရဲဘော် ကျော်နိုင်၊ မလုပ်နဲ့။ ဒါအမိန့်။ ကျနော်တို့ ပြည်သူ့ တပ်မတော်ရဲ့ သုံ့ပန်း ပေါ် လသီ ကို မမေ့ပါနဲ့ ”

ကျနော့်ကို လှမ်းဆွဲလိုက်သည့် တပ်မှူး ၏ မျက်နှာကို စေ့စေ့ ကြည့်လိုက်ပြီး ကျနော်သည် တပ်မှူး ကို အားရပါးရ ဖက်ကာ၊

“ တပ်မှူး ” “ တပ်မှူး ”

သည်မျှသာ ပြောနိုင်ပြီး တပ်မှူး ရင်ခွင်ထဲ ခေါင်း ထိုးသွင်းကာ ရှိုက်ကြီးတငင် ငိုကြွေး မိလိုက်သည်။ ခန္ဓာကိုယ် တခုလုံးလည်း တဆတ် ဆတ် တုန်နေသည်။ ကျွန်ုပ် ငိုကြွေးလိုက်ရုံနှင့် ရင်ထဲတွင် ပေါ့ပါးသွားမည် မဟုတ်ပါ။ ကျနော်၏ အချစ်ဆုံး၊ သံယောဇဉ် အရှိဆုံး တိုက်ဖော် တိုက်ဖက် ရဲဘော် သန်းနိုင် တယောက် သူ့ရဲ ကောင်းတို့ လျှောက်ရာ လမ်း အတိုင်း လျှောက် သွားလေပြီ။

ညည်မှန်းချက် အတိုင်း စခန်း ကိုသိမ်း ပိုက် နိုင်ခဲ့ပြီ။ ကြေးဆား ဖိုလ် တယောက် အပါအဝင် ရန်သူ ၈ ယောက်သေ ၁၁ ယောက် သုံ့ပန်း မိကာ ကာဘိုင် ၅ လက် ဂျီလေး သေးလက် ဘြိ၂ ဂလက်၊ အချက်ပြသေနတ် ၁ လက်၊ ခေါက်ပိန့်မြောင်း (၁)၊ ၂ လက္မ ပိန်မြောင်း (၁) စကားပြော ကြေးနန်းစက် ၁ လုံး ကို သိမ်းပိုက်နိုင်ခဲ့သည်။

နီမြန်းသည့် သွေးများ ရွှန်းထင်း နေသည့် ရဲဘော် သန်းနိုင်၏ ပါတီဝင် လျှောက်လွှာ နှင့် နှစ်လ ကြာရှည်မှုကြောင့် ညှိုနေသည့် သွေး များပေါ်တွင် နီရဲသည့် သွေးများ အစ်စွန်း နေသည့် ကျောင်းသား မှတ်ပုံတင် ကဒ်ပြား ကလေး တခု။

“ ဪ - ဒီကဒ်ပြား ကလေးကို ဂိုရီ သေသေ နဲ့ အမှတ်တရ သူ သိမ်းထား ခဲ့ပါ လား။ ”

ဒီကဒ်ပြားကလေးကို ကျနော် ကောင်း ကောင်း မှတ်မိသည်။ ၁၉၇၄ ခုနှစ်၊ မေ ရွှန်း အာလုပ်သမား တိုက်ပွဲ ဖြစ်နေချိန်။ ကျနော် တို့ ရဲဘော် တစု ရန်ကုန် တက္ကသိုလ် အဓိ မ ဂိလမ်း မဘေး တလျှောက်ရှိ ရေတမာပင်တ ပင်အောက်တွင် ထိုင် ဆွေးနွေး နေစဉ် မြန်မာစာ တတိယ နှစ်မှ ကိုတင့်လှိုင် တယောက် အမော တကော ရောက်လာပြီး သွေးစွန်း နေသည့် ကဒ် ပြား ကလေးတခု ကို လှမ်းပေးသည်။ ကိုသန်းနိုင် သည် ထိုကဒ်ပြား ကလေးကို ကိုင်ပြီး အံ ကို တင်းတင်း ကြိတ်ကာ ကျနော်ရဲဘော်များဘက်လှည့် ပြောလိုက်သည်။

“ ကျနော်တို့ ရဲဘော် တယောက် ကျသွား ပြီ ”

သူသည် စကားကို ဆက်မပြော နိုင်တော့ . ။ ကျနော်ရဲဘော် အားလုံး၏ မျက်နှာ များနှင့် အညို သော မျက်လုံး များသည်လည်း ရန်သူ အပေါ် ပုံပြီး မုန်းသား လာကြောင်း ပေါ်မြနေကြသည်။

အခုတော့ ဒီ ကဒ်ပြားကလေး သွေးတပ် စွန်း ရပြန်ချေပြီ။

ပျိုမျစ်နုနယ်တဲ့ အရွယ်နဲ့ ပျော်ရွှင် အပ် ကောင်းတဲ့ လူငယ်ဘဝကို ပါတီ၊ တော်လှန်ရေး ပြည်သူတွေအတွက် ပေးလှူသွားလေပြီ။ အ လေး နီမြူပါတယ် ကိုသန်းနိုင် ။ ခင်များရဲ့ ဘဝ တသက်တာမှာ တိုက်ပွဲတွေနဲ့ ပြည့်လျှမ်း နေ ခဲ့ တယ်။ ပြည့်လျှမ်း နေတဲ့ တိုက်ပွဲတွေနဲ့ ပျော် မွေ့ နေခဲ့တယ် ဆိုတာ ကျနော် နားလည်ပါတယ် နောက်ဆုံး သွေးတစက် ကျန်တဲ့အထိ ရန်သူ ကို အညံ့မခံဘဲ တိုက်ပွဲဝင်သွားတဲ့၊ ဂုဏ်ရောင် ပြောင်ပြီး သွေးနဲ့ရေးသွားတဲ့ ခင်များရဲ့ ဘဝ သမိုင်းဟာ ရဲဘော် တွေနဲ့ ပြည်သူတွေရဲ့ နှလုံး သားထဲမှာ ထာဝရ ရှင်သန်နေပါတယ်။

“ ဒီနေ့ ခဲဒါယင် ကျနော်တို့ ပါတီဟာ ပြည်သူ တရပ်လုံးကို ခေါင်းဆောင်ပြီး လက်နက်ကိုင် တိုက်ပွဲပြင်ခဲ့တာ ၂၈ နှစ် တင်းတင်း ပြည့် ခဲ့ပြီ။ အံ့ချီး မကုန် နိုင်တဲ့၊ ရွဲသစ္စာနဲ့ ပြည့်စုံ တဲ့၊ ဂုဏ်ရောင်ပြောင်တဲ့၊ တော်လှန်တဲ့ သမိုင်း ဖြစ်တယ်။ ပါတီ ခေါင်းဆောင်တွေ ကိုယ် တိုင် လက်နက် ကိုင်ပြီး နောက်ဆုံးသွေး တစက်ကျန်တဲ့ အထိ တိုက်ပွဲ ဝင်သွား ခဲ့ကြတယ်။ ပါတီ ခေါင်းဆောင် တွေနဲ့ တကွ အာဇာနည် အထောင် အသောင်က ထူထောင်ခဲ့တဲ့ အောင်လံ နီ ကို ကျနော်တို့ တတွေဟာ ဆက်လက် ကိုင်ဆောင် ပြီး ချီတက်ကြရမယ်။ သူတို့အတွက် လက်စား

ချေရမယ်။ ပေါက်မြန် ချေးမြေ နေပြီ ဖြစ်တဲ့ လူ
မှု ... ... ကိုယ်ပါလာမြ ... နေတဲ့
နေ့ပေါင်း ... ... ... ... ... ...
များကိုသိတဲ့ အခါ ထိုက်မှုပင်များ ကြုံရမယ်။ ကျွ
နော်တို့ရဲ့ သမိုင်းပေး တာဝန်ဟာ မပြီး သေး
ဘူး။ ရှေ့ဆက်ရမယ့် လမ်းခရီး ဟာကျောက်မှာ
အတွေ့ အကောက် အခက်အခဲတွေ အများကြီး
ရှိနေသေးတယ်။ ဒါပေမဲ့ အောင်ပွဲနဲ့ မဟာ မြည်
သမ်ဟာ ပေါက်လျှံနေတဲ့ မြည်သူတွေရဲ့ ပေါက်ခါက
မြေး မပျောက်နိုင်ဘူး ဆိုတာ ကျွန်နော် ယုံ ကြည်
တယ်။ ”

အာသံသည် တီးမင်းသွားသယောင် ဖြစ်ပေမဲ့၊ ပိုပီး မာကျောလာသည့် အင်းယားကန် တောင်ဝိုးပေါ်တွင် သူပြောခဲ့သော သူဇာ ယုံကြည်ချက်သည် ကျွန်နော့် နားတွင်ဝယ် ပွဲတင်ထပ်နေလေပြီ။

နှစ်ဦးစလုံး ကမျှာသမားတွေ ဖြစ်သည့်အတိုင်း ကမျှာအကြောင်းကို နိုကာပွင့်ကာ ကျွန်နော်တို့ ၂ ဦးသည် မြိန်ရေ ယှက်ရေ ဆွေးနွေးတတ်သည်။ သို့သော် “ အောင်ပွဲရသည့် တိုင်အောင် ” မြည်သူ့ အကျိုး ဆောင်ကြ ဆောင်းပါး တို့ကလေးပါသည့် “ဆောင်းပါး ငါးခေါင် ”။ ဒီ ... အ... ကလေး နှစ်ဆုပ် ကြောင့် ကျွန်နော်တို့ ... ယောက်သည် ကမျှာ အကြောင်း၊ ... အကြောင်း အပြောနဲကာ ... ကြလာကြသည်။

“ တို့ပေမဲ့ အနှမ်းသာရ ရှိလိုက်တဲ့ ဆောင်းပါးကလေး ပါလား များ။ မြည်သူ့ အကျိုး အာတွက် ရေးရတာ ထိုက်တန် ... လေးတယ်။ ဒါပေမဲ့ ပေါက်မြန်တဲ့ လူ ... အသက် သေရတာ ... နှင်ခွေး ... ထက် ပေါ့နေသေးတယ် ကျွန်နော်။ သနားစရာ ကောင်းလိုက်ပါဘိ။ ခင်များ တို့ ကျွန်နော်တို့ဟာ တနေ့ သေကြရမှာဘဲ။ ဒီ သဘာဝ တရားကို လွန် ဆန်လို့ မရနိုင်ပါဘူး။ ကျွန်နော် တို့ သေတဲ့အခါ - - ထိုက်တန်းအောင် ... သေနိုင်ဖို့ဘဲ ...။ ”

မှတ်ပါတယ် ... ...။ ခင်များ ဟာ ထိုက်တန်းတောင်တက် လေးပါတယ်။ ကျွန်နော်သည် စိတ်ထဲမှ ရေရွတ် မိလိုက်သည်။ သူသည် ဒီစကား ပိုင်ကလေးကို မကြာခဏ ပြော တတ်သည်။ နောက်ပိုင်း၌ ကမျှာသမား မိတ်ဆွေ များ မတွေ့ကြတော့ဘဲ တိုက်ဖော် တိုက်ဖက် များ ဖြစ်လာကြသည့် အခြေအနေ အောက်တွင်ပို ဆွေးနွေး လာကြသည်။ ရန်သူက ခွေးလို အနိုင် ခံ

လိုက်နေသည့်အခါ ကျွန်နော်တို့ သည်၊ ... မြောက် ... ... နှင့် မရောက် ...။ မြောက်မြောက်ဒေသကို ရှာဖွေ ... အခက်အခဲ အမျိုးမျိုး အကြားတွင် တနှစ်ခန့်ကြာ သွားသည်။ တနှစ်ခန့် အတွင်း ထမင်းချိုင်း များတွင် အားမွဲဦး ... ၊ သဘော်သား ကြီး ... ၊ ... ၊ ဈေးရောင်းလိုက်နှင့် ၂ ဦးသား ... မြေရှင်းကြရသည့်အခါတွင် ... တယောက် ... ... ... ... ...

“ တဖက်ချိန် ... ... တော် ... ... ကျွန်နော်တို့ ၂ ယောက် ... ... တော့ လွှလာရေး ကို ... ရောက်ရင် သေနတ် ... များပြီး တဖက်ချိန် နှ သွားမယ် ... နော် ကိုကျော်နိုင် ”

ရယ်စား ... ... တွင် ကျွန်နော်တို့ နှစ်ယောက်သည် ... ... ... ... စကားကလေးများ ပြောတတ်ကြသည်။ ကျွန်နော်တို့ နှစ်ယောက်သည် ရွေးကောက်ပွဲ ... ... ရွေးကောက်သည့် အခါတွင် အချို့မကျ မမြေ မပြတ် ဖြစ်မှု ကလေးများ ရှိသည်။ အိမ်မြန်ရောက် ညဉ့် ... ... ... အချိန်များတွင် တယောက်အမှုအရာကို တယောက်က ညပ်ပြကြသည့် အခါ နှစ်ဦးသား တယောက်မျက်နှာ တယောက်ကြည့်၍ အားရ ပါးရ ရယ်မောကာ ပျော်ရွှင်ကြရသည်။ ဆုတ်ပြတ် ညစ်ပေး ကာ အရောင်အဆင်း ကင်းမဲ့နေပြီ ဖြစ်သော ဦးထုပ်ကို ခေါင်း၌ ... ... ... ... ပင်နီ ဖျင်ကြမ်း တိုက်ပုံမှ ရောင်း ... ကြီးကို ... ကျယ်သီး ... ... ... ၊ လုံချည် ... နှင့် ဖိနပ် မပါသည့် ... ညိုညို ကြုံ့ ... ... ... ... ၊ မရွေး ရောင်းသည့် ... ကြီး ကိုယ်ပိုင် ... ... အမူအယာများကို ... ... ... ... ... ... ... ...

တော့ပါ။ ယခုတော့ သူသည် လှတ်ကျောင်းမြောင်းရှာ ကျဆုံးသွားလေပြီ။

ကျောင်းတိမ်းနေစဉ် အတွင်း တခါတရံ ကျနော်တို့ ၄ ယောက်သည် တယောက်တကွဲစီ ရှိနေကြရသည်။ တခါတွင် သူသည် ကျနော်နေသည့် လယ်တောသို့ ရောက်လာကာ တညနှစ်ည ဆိုသလို ကျနော်နှင့်အတူ အိပ်သွားတတ်ပါသည်။

အချိန်ညနေစဉ်ကာလ အတွင်းတွင် လည်း ရွာ့ကျောင်းသည့်အခါ၊ ရွာ့သားဆင်းသည့်အခါ နောက်ချေးထမ်းသည့်အခါ စသည့် သူ ရှိနေစဉ် အတွင်းရှိသည့် လုပ်ငန်းများကို ဝင်လုပ်လိုင်သည်။ နောက်ချေးမှုန်များ ကပ်နေသည့် အတွက် ခြေ့းဖန့်ဖန့် ကလေး ဖြစ်နေသည့် မျက်နှာကို ပြုံး ပြောတတ်သည်မှာ

"ကျနော် ဒီအလုပ်တွေ လုပ်ရတာ ဘယ်လို ပျော်မှန်း မသိဘူးဗျာ"

ကျနော်တို့ နှစ်ယောက် လှတ်မြောက် ဒေသ သို့ လာရာ ခရီး တလျှောက်တွင် သူက ကျနော့်ကို ပင်းခရီး တလျှောက်လုံးတွင် ငပိနှင့် ထမင်းကျည်း စားခဲ့ရသည်က များ၍ ကျန်းမာရေး နှင့် ညီညွတ်ရန် ဟင်းသီးဟင်းရွက် ခြမ်းများ စား ဖို့ လိုသည် ဆိုပြီး ထမင်းဆိုင်တန်းဘက်သို့ ထွက် သွားကာ ပြောရည် ဆမ်းကာ ရေဖြသီး မှန်းနှို့ များဖြုတ်ထားသည့် မြင်းခွာရွက် ခြမ်းများ ကို ဝယ်လာသည်။

"ကဲ ပေါပေါ ဘဲမျိုး၊ တကျပ်ဘဲ ပေးရ တယ် သ အများကြီးပဲရတယ်"

ဟူလည်း ပါးစပ်မှ ပြော ပြိုက်သေးသည်။ ပါ လာသည့် ငပိနှင့် ထမင်း ကိုသမီးနိုင် ဝယ် လာသည့် မြင်းခွာရွက်များသည် ထိုနေ့ည အာ ဖို့ ကျနော်တို့နှစ်ဦး၏ မြိန်ယှက်ဖွယ်ကောင်း သည့် ဟင်းလျာများ ဘာတည်း။

သူနှင့် ပတ်သက်လာလျှင် မမေ့နိုင် ခရာ၊ လွမ်းမောဘွယ်ရာ အဖြစ်အပျက် တို့ သည် ပြောမြ၍ ကုန်နိုင်မည်မဟုတ်ပါ။ အခုမူ ရဲဘော် သန်းနိုင် တယောက် ကျနော့်ကို ထာဝရ ခွဲ ခွာ သွားပေပြီ။ ကျနော့်ရင်ထဲတွင် ဆို့တက် လာ သည်။ မျက်ရည်များသည် ပါးပြင် ပေါ် သို့ တပ်ယံ ဒိုးကျ လာပြန်ချေပြီ။ ချေးစွန်းနေသည့် ပါတိဝင် လျှောက်လွှာကို တစ်ဖုံ့း၏ လက် သို့ ပေးအပ်ပြီး လှတ်ရောင်မြောင်းရှာ ကျ ဆုံးသွားသည့် ဒဿနိက စဉ်ဆက်နှစ်မှ ကို တင်မောင်၏ ကျောင်းသား မှတ်ပုံတင် ကဒ် ပြားကလေးကို ကျနော့်အိတ်ထဲ တာယူတာ ယ ထည့်လိုက် ပါသည်။

သွေးကြွေးကို သွေးကြွေးဖြင့် ပေးဆပ် စေ ရမည်သာ။

တနေ့ပါင်းလ နေမင်းကြီးသည် အလှာအတာ ကာင်းမှာ မူနေခဲ။ .....

[ ယောင်မြေသင်း ]

---

ရကျ်သိန္ဒာ
ရဲခင်

ချစ်ရဲဘော်ဇရ....
သင့်သက်သွေးတွေ
စွန့်လှူခဲ့စေ
မှူပါနဲ့လေ။

ရဲမှုန့် သူနဲ့
အာဘာနည်တွေ ....
သင်တို့အကြောင်း
ဖွဲ့ဆိုကြမှာ
မေ့ပျဲသွေပါ။

သင်သွားခါမှ
ခံမှုသွားကောင်း
ယူချ ဇကန်
ဖြစ်မည် ဒါမှန်။

# ခေတ်လှန်ခေတ်

စာပေမဂ္ဂဇင်း

၁၉၇၉ အောက်တိုဘာ အတွဲ (၁) အမှတ် (



ဗမာပြည်ကွန်မြူနစ်ပါတီနှစ် ၄၀ ပြည့် အထိမ်းအမှတ် မဂ္ဂဇင်း